# မြန်မာနိုင်ငံ၏
# ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ

ဇန်နဝါရီလ ၂၀၁၈

ဤမူဝါဒ စာတမ်းကို ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတို့ ပူးပေါင်းရေးသားခဲ့ခြင်းဖြစ်ပြီး မြန်မာဘာသာသို့ အလွတ်သဘော ပြန်ဆိုခြင်းဖြစ်ပါသည်။ မှတ်ချက်များပေးပို့လိုပါက ferd.mopf@gmail.com သို့ တိုက်ရိုက်ပေးပို့နိုင်ပါသည်။

## မာတိကာ


| | | |
|---|---|---|
| | အတိုကောက်စာလုံးများ | ၈ |
| | ဝေါဟာရ | ၁၀ |
| | ဥယျောဇဉ် | ၁၃ |
| | ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အမှာစကား | ၁၃ |
| | ဦးကျော်ဝင်း၊ ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမှာစကား | ၁၅ |
| ၁. | ရည်ရွယ်ချက် | ၁၇ |
| ၂. | ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မျှော်မှန်းချက် | ၂၀ |
| ၂.၁. | မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ | ၂၁ |
| ၂.၂. | ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးမှုအကူအညီများ | ၂၁ |
| ၂.၃. | မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးရည်မှန်းချက်များအကြားဆက်စပ်မှု | ၂၄ |
| ၂.၄. | ကဏ္ဍအလိုက်စီမံကိန်းများနှင့် ဦးစားပေးကဏ္ဍများ | ၂၅ |
| ၂.၅. | ဖွံ့ဖြိုးရေးအကူအညီဆိုင်ရာ အခြေခံမူများ | ၂၇ |
| ၃. | ပူးပေါင်းဆောင်ရွက်မှုများ | ၂၉ |
| | ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စည်းမျဉ်းများ | ၂၉ |
| | ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာပွင့်လင်းမြင်သာမှုရှိစေရေးဆောင်ရွက်ခြင်း | ၃၀ |
| ၃.၁. | နိုင်ငံအချင်းချင်းမိတ်ဖက်အဖွဲ့များနှင့် နိုင်ငံအချင်းချင်း ဖွံ့ဖြိုးမှုဆိုင်ရာ အဖွဲ့အစည်းများ | ၃၀ |
| ၃.၂. | နိုင်ငံတကာမိတ်ဖက်အဖွဲ့များနှင့် နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ | ၃၁ |
| ၃.၃. | ကုလသမဂ္ဂ၏မြန်မာနိုင်ငံဆိုင်ရာအဖွဲ့ | ၃၁ |
| ၃.၄. | အရပ်ဖက်အဖွဲ့အစည်းများ | ၃၂ |
| | ၃.၄.၁. အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ | ၃၂ |
| | ၃.၄.၂. ပြည်တွင်း အရပ်ဖက်အဖွဲ့အစည်းများ | ၃၂ |
| | ၃.၄.၃. နိုင်ငံတကာ ပရဟိတအလှူရှင်အဖွဲ့အစည်းများနှင့် ဖောင်ဒေးရှင်းများ | ၃၄ |

၃.၅. ဖွံ့ဖြိုးဆဲနိုင်ငံအချင်းချင်း၊ သုံးပွင့်ဆိုင်နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ ၃၄
၃.၆. ကမ္ဘာလုံးဆိုင်ရာ ထိရောက်သောဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်မှု ၃၆
၃.၇. နိုင်ငံတကာအကူအညီများ ပွင့်လင်းမြင်သာမှုရှိရေးအစီအစဉ် ၃၆
၄. ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ၃၇
၄.၁. အစိုးရအဖွဲ့အစည်းများ ၃၇
၄.၁.၁. ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် စီးပွားရေးရာကော်မတီ ၃၇
၄.၁.၁.၁. ပြည်ထောင်စုအစိုးရအဖွဲ့စီးပွားရေးရာကော်မတီ ၃၇
၄.၁.၁.၂. ပြည်ထောင်စုအစိုးရအဖွဲ့ ၃၇
၄.၁.၂. နိုင်ငံတော်သမ္မတရုံး ၃၈
၄.၁.၃. လွှတ်တော် ၃၈
၄.၁.၄. ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ ၃၈
၄.၁.၅. နိုင်ငံခြားရေးဝန်ကြီးဌာန ၃၉
၄.၁.၆. စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ၄၀
၄.၁.၆.၁. နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ၄၀
၄.၁.၆.၂. ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ၄၀
၄.၁.၆.၃. ငွေတိုက်ဦးစီးဌာန ၄၀
၄.၁.၆.၄. စီမံကိန်းရေးဆွဲရေးဦးစီးဌာန ၄၁
၄.၁.၇. စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန ၄၁
၄.၁.၈ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများ ၄၂
၄.၁.၉. ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များ ၄၂
၄.၂. မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း ၄၂
၄.၃. ပူးပေါင်းဆောင်ရွက်မှုဖွဲ့စည်းပုံ၊ စနစ်များနှင့် အစည်းအဝေးများ ၄၃
၄.၃.၁. ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ ၄၃
မြန်မာနိုင်ငံ၏ ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ ၄၃
ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ လမ်းညွှန်ချက်များ ၄၄
၄.၃.၂. ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းများ ၄၈

မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်းများ ၄၈
၄.၃.၂.၁. ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ ၄၈
၄.၃.၂.၂. တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ ၄၉
၄.၃.၃. အခြားပေါင်းစပ်ညှိနှိုင်းမှုနည်းလမ်းများ ၄၉
၄.၄. ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်အဖွဲ့ ၅၀
၄.၅. ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ သတင်းအချက်အလက်များ စီမံခန့်ခွဲမှုစနစ် ၅၁
၄.၆. ဖွံ့ဖြိုးမှုအကူအညီများ ထိရောက်မှုရှိစေရေးဆိုင်ရာ နှစ်စဉ်ဆွေးနွေးပွဲများ ၅၃
၅. ဖွံ့ဖြိုးမှုအကူအညီများပေးအပ်ခြင်း ၅၄
ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာအကျိုးဆောင်ခြင်း ၅၄
၅.၁. ယေဘုယျနှင့်ကဏ္ဍအလိုက် ဘတ်ဂျက်ထောက်ပံ့မှု ၅၅
နိုင်ငံ၏စနစ်များကိုအသုံးပြုခြင်း ၅၅
ဘတ်ဂျက်အတွင်း ထည့်သွင်းဖော်ပြနိုင်သည့် ဖွံ့ဖြိုးမှုအကူအညီများ ရယူခြင်း ၅၆
၅.၂. စုပေါင်းရန်ပုံငွေ၊ Trust Fund နှင့် အခြားအလားတူ ရန်ပုံငွေပုံစံ ၅၆
၅.၃. စီမံကိန်းကို အခြေခံ၍ ပေးအပ်သော အကူအညီ ၅၆
၅.၄. အထောက်အပံ့ အကူအညီ ၅၇
၅.၅. အတိုးနှုန်း သက်သာသော ချေးငွေအကူအညီ ၅၇
၅.၆. စည်းနှောင်မှုမရှိသောအကူအညီနှင့် ဒေသတွင်းဝယ်ယူမှုစနစ် ၅၈
၅.၇. ပစ္စည်းအခြေခံ အကူအညီအထောက်အပံ့ ၅၉
၅.၈. စဉ်ဆက်မပြတ်သော နည်းပညာနှင့် ဆက်စပ်ဆောင်ရွက်နိုင်မှု ၅၉
၅.၉. အလုပ်တာဝန်ခွဲဝေခြင်းနှင့် လုပ်ငန်းများ ဆက်စပ်မှုမရှိပဲ ကွဲထွက်နေမှုကို ရှောင်ရှားခြင်း ၅၉
၅.၁၀. လူသားချင်းစာနာထောက်ထားသည့်အကူအညီ ၆၀

၆. ခွင့်ပြုချက်ချထားပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ၆၁
၆.၁ အကူအညီ အထောက်အပံ့ဆိုင်ရာ နားလည်မှုစာချွန်လွှာပုံစံ ၆၂
. ၆.၂ အမေရိကန်ဒေါ်လာ(၁)သန်းနှင့် အောက် စီမံချက်များ၏ ခွင့်ပြုချက်ချထားပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ၆၃
၆.၃. အမေရိကန်ဒေါ်လာ(၁)သန်းနှင့် အထက် အကူအညီစီမံချက်များအတွက် ခွင့်ပြုချက် ပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ် ၆၅
၆.၃.၁ အဆင့် ၁ - ပဏာမ လုပ်ငန်းစဉ်များ ဖော်ထုတ်သတ်မှတ်ခြင်း ၆၅
၆.၃.၂ အဆင့် ၂ - စီးပွားရေးရာကော်မတီသို့ တင်ပြခြင်း ၆၅
၆.၄ အတိုးနှုန်းသက်သာသော ချေးငွေ ခွင့်ပြုပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ် ၆၇
၆.၄.၁ အဆင့် ၁ - ပဏာမ လုပ်ငန်းစဉ်များ ဖော်ထုတ် သတ်မှတ်ခြင်း ၆၈
၆.၄.၂ အဆင့် ၂ - စီးပွားရေးရာကော်မတီသို့ တင်ပြခြင်း ၆၈
၆.၄.၃ အဆင့် ၃ - ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက် ရယူခြင်း ၆၉
၆.၄.၄ အဆင့် ၄ - လွှတ်တော်၏ ခွင့်ပြုချက် ရယူခြင်း ၆၉
၆.၄.၅ အဆင့် ၅ - အတိုးနှုန်းသက်သာသော ချေးငွေ ချေးယူမှုဆိုင်ရာ ညှိနှိုင်းခြင်း ၆၉
၆.၄.၆ အဆင့် ၆ - အတိုးနှုန်းသက်သာသော ချေးငွေ စာချုပ်ချုပ်ဆိုခြင်းနှင့် စီမံခန့်ခွဲခြင်း ၇၁
၆.၅ အတိုးနှုန်းသက်သာသော ချေးငွေနှင့် ဆက်စပ်ဆောင်ရွက်သည့် စာချုပ်များ၏ ခွင့်ပြုချက် ၇၁
၆.၆ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု/ မူဘောင်သဘောတူညီမှုများကို ခွင့်ပြုချက်ရယူခြင်း ၇၂
၆.၇ သဘောတူညီချက်အား ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခြင်း ၇၄
၆.၇.၁ ငွေပမာဏအမေရိကန်ဒေါ်လာ(၁)သန်းနှင့်အောက် နားလည်မှုစာချွန်လွှာများ သက်တမ်းတိုးမြှင့်ခြင်း ၇၄
၆.၇.၂ ငွေပမာဏအမေရိကန်ဒေါ်လာ(၁)သန်းနှင့်အထက်နားလည်မှုစာချွန်လွှာများ သက်တမ်းတိုးမြှင့်ခြင်း ၇၅

၇. နည်းပညာအကူအညီရယူခြင်း ၇၆
၇.၁ စေတနာ့ဝန်ထမ်း နည်းပညာအကူအညီများ ၇၆
၇.၂ နည်းပညာ အကူအညီပေးခြင်းဆိုင်ရာလမ်းညွှန် ၇၇
နည်းပညာ အကူအညီပေးခြင်းဆိုင်ရာလမ်းညွှန်(ဇယား) ၇၈
၈. အထွေထွေအုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ၈၂
၈.၁ ဗီဇာ ၈၂
၈.၂ မြန်မာနိုင်ငံတွင် ရုံးခန်းဖွင့်လှစ်ဆောင်ရွက်ခြင်း ၈၂
၈.၃ အသိပညာဆိုင်ရာထုတ်ကုန်များ၊ညီလာခံများ၊ဆွေးနွေးပွဲများနှင့် သင်တန်းများ ၈၃
၈.၄ ခရီးသွားလာခွင့် ၈၅
၈.၅ ဝန်ထမ်းဖွဲ့စည်းပုံ တင်ပြခြင်း ၈၅
၈.၆ လွှတ်တော်သို့ တင်ပြခြင်း ၈၆
၈.၇ စစ်တမ်း၊ အချက်အလက်ကောက်ယူခြင်းနှင့် သုံးသပ်ခြင်းလုပ်ငန်းစဉ် ၈၆
၈.၈ ဖွံ့ဖြိုးမှုအထောက်အပံ့ ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသော လုပ်ငန်းစီမံချက်များ ရပ်ဆိုင်းခြင်း ၈၆
၉. အထူးအခွင့်အရေးများနှင့် အခွန်ကင်းလွတ်ခွင့်များ ၈၇
၉.၁ အခွန်ကင်းလွတ်ခွင့်များ ၈၇
၁၀ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၈၉
၁၀.၁ မြန်မာဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ ပူးတွဲ အကဲဖြတ်သုံးသပ်ခြင်းနှင့် တာဝန်ခံမှုဆိုင်ရာ မူဘောင် ၉၁
၁၀.၂ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ လုပ်ငန်းအဖွဲ့ ၉၃
၁၁. နောက်ဆက်တွဲ ၉၅
၁၁.၁ နောက်ဆက်တွဲ(၁) ပြည်တွင်းခရီးသွားလာခွင့် လုပ်ငန်းစဉ် ၉၅
၁၁.၂ နောက်ဆက်တွဲ(၂) ဖွံ့ဖြိုးမှုအကူအညီဖြင့် ယာဉ်/ယန္တရားဝယ်ယူရေးလုပ်ငန်းစဉ် ၉၇
၁၁.၃နောက်ဆက်တွဲ(၃) နိုင်ငံတကာ ပရဟိတ လှူဒါန်းမှုများနှင့် ထိရောက်သော ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ လမ်းညွှန်ချက် ၁၀၀
၁၁.၄ နောက်ဆက်တွဲ(၄) ဘဏ္ဍာငွေကုန်ကျမှုများ တွက်ချက်သတ်မှတ်ထားပြီး ဖြစ်သည့် ကဏ္ဍအလိုက် စီမံကိန်းများ ရေးဆွဲခြင်းဆိုင်ရာ လမ်းညွှန်ချက် ၁၀၃

၁၁.၅ နောက်ဆက်တွဲ (၅) ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း သည့် နားလည်မှုစာချွန်လွှာပုံစံများ ၁၁၀
၁၁.၆ နောက်ဆက်တွဲ (၆) ကန့်သတ်နယ်မြေများသို့ ခရီးသွားလာခွင့် တောင်းခံသည့် အဆိုပြုလွှာပုံစံ ၁၂၉
၁၁.၇ နောက်ဆက်တွဲ (၇) လုပ်ငန်းစီမံကိန်း/ အစီအစဉ်အဆိုပြုတင်ပြသည့်ပုံစံ ၁၃၂
၁၁.၈ နောက်ဆက်တွဲ (၈) အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ (INGOs) အစီရင်ခံတင်ပြသည့်ပုံစံ ၁၃၈

## အတိုကောက်စာလုံးများ

| | |
|---|---|
| AIMS | ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ သတင်းအချက်အလက်များ စီမံခန့်ခွဲမှုစနစ် |
| CLNT | အတိုးနှုန်းသက်သာသော ချေးငွေဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ |
| CNT | ကန်ထရိုက် စာချုပ်ချုပ်ဆိုခြင်းဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ |
| CPG | ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်များအဖွဲ့ |
| CSO | အရပ်ဖက်လူမှုအဖွဲ့အစည်း |
| DACU | ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့ |
| DAP | ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ |
| EAO | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း |
| EC | စီးပွားရေးရာကော်မတီ |
| FDI | နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု |
| FERD | နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန |
| GoM | မြန်မာနိုင်ငံတော်အစိုးရ |
| GPEDC | ကမ္ဘာလုံးဆိုင်ရာ ထိရောက်သော ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး |
| ICT | သတင်းအချက်အလက်နှင့်နည်းပညာ |
| IFI | ငွေကြေးဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်းများ |
| LRC | ပြည်တွင်းအရင်းအမြစ်အဖွဲ့ |
| M&E | စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်း |
| MDI | မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း |
| MNDAP | မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း |
| MoU | နားလည်မှုစာချွန်လွှာ |
| MSME | အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ |
| ODA | တရားဝင်ဖွံ့ဖြိုးမှုအကူအညီ |
| PAPRD | စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန |
| PBA | စီမံကိန်းအခြေပြုနည်းလမ်း |

| | |
|---|---|
| PID | ဖွံ့ဖြိုးမှုမိတ်ဖက် |
| PIP | ပြည်သူ့ရင်းနှီးမြှုပ်နှံမှုအစီအစဉ် |
| SCG | ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ |
| SDG | ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးရည်မှန်းချက်များ |
| SOP | စံချိန်စံနှုန်းညီလုပ်ထုံးလုပ်နည်းများ |
| UAGO | ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| UMFCCI | မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် |
| UN | ကုလသမဂ္ဂအဖွဲ့အစည်း |
| UNCT | ကုလသမဂ္ဂဌာနေအဖွဲ့ |
| UNDAF | ကုလသမဂ္ဂ၏ ဖွံ့ဖြိုးမှုအကူအညီများဆိုင်ရာမူဘောင် |

## ဝေါဟာရ

### ပြည်တွင်းအရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ (Domestic Civil Society Organisations)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါ လုပ်ပိုင်ခွင့်များကို အခြေခံကာ အဖွဲ့ဝင်ငါးဦးနှင့်အထက် ပါဝင်ဖွဲ့စည်းထားသည့် အကျိုးအမြတ်မယူသော အဖွဲ့အစည်းများဖြစ်သည်။ ယင်းအဖွဲ့အစည်းများသည် နိုင်ငံနှင့်နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ရှေးရှုလုပ်ကိုင်နေသည့် အဖွဲ့အစည်းများဖြစ်ပြီး အဆိုပါသတ်မှတ်ချက်အောက်တွင် အသင်းများ၏ အဖွဲ့ခွဲများ ပါဝင်ပါသည်။

### ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ခြင်း (Development Cooperation)

နိုင်ငံ၏ပိုင်ဆိုင်မှုကို တိုးမြှင့်စေသည့် ပူးပေါင်းဆောင်ရွက်ခြင်းကို အခြေခံ၍ ဆောင်ရွက်သော အကျိုးအမြတ်ကို အဓိကမထားသည့် နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့် ဖွံ့ဖြိုးမှုဦးစားပေးလုပ်ငန်းများကို ပံ့ပိုးရန် ရည်ရွယ်ဆောင်ရွက်သည့် လုပ်ငန်းများသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အကျိုးကျေးဇူး ရရှိနိုင်ပါသည်။ ယင်းပူးပေါင်းဆောင်ရွက်ခြင်းတွင် ဘဏ္ဍာငွေ လွှဲပြောင်းခြင်း၊ ကျွမ်းကျင်မှုအကူအညီပေးခြင်း၊ အသိပညာ/နည်းပညာလွှဲပြောင်းပေးခြင်း၊ နိုင်ငံအဆင့်၊ တိုင်းဒေသအဆင့်နှင့် နိုင်ငံတကာအဆင့်များတွင် မူဝါဒရေးရာ ပြောင်းလဲခြင်းများအတွက် ပူးပေါင်းဆောင်ရွက်ပေးခြင်းနှင့် အကျိုးသက်ဆိုင်သူအားလုံး ပါဝင်၍ ပူးပေါင်းဆောင်ရွက်ခြင်းများ (multi-stakeholder partnerships) ပါဝင်ပါသည်။

### နည်းပညာအကူအညီ(Embedded Technical Assistance)

(၁) အစိုးရမှ တိုက်ရိုက် ခန့်ထားခြင်းဖြစ်သော်လည်း ဖွံ့ဖြိုးမှုအကူအညီများမှ စရိတ်ကျခံကာ စာချုပ်ချုပ်ဆို ခန့်အပ်ထားသော (သို့မဟုတ်) (၂) အစိုးရဌာနအဖွဲ့အစည်းများတွင် သိသာကြာမြင့်သော ကာလတစ်ခုအထိ တာဝန်ထမ်းဆောင်ရန် PID များမှ စာချုပ်ချုပ်ဆို ခန့်အပ်ထားသောအတိုင်ပင်ခံများ၊ အကြံပေးများ၊ ကာလတိုနှင့် ကာလရှည် တာဝန်ထမ်းဆောင်မည့် ကျွမ်းကျင်သူများနှင့် (သင်တန်းများ ပေးအပ်ရန် ခန့်ထားသူများ အပါအဝင်) အလားတူပုဂ္ဂိုလ်များဖြစ်သည်။

### အစိုးရဌာန အဖွဲ့အစည်းများ (Government Entity)

အစိုးရဌာန အဖွဲ့အစည်းများတွင် မြန်မာနိုင်ငံတော်အစိုးရ၏ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်၊ ဗဟိုအဆင့်အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့များနှင့် မြန်မာနိုင်ငံတော်အစိုးရမှ အသိအမှတ်ပြုထားသော တိုင်းဒေသကြီး/ပြည်နယ်အဆင့် အာဏာပိုင်အဖွဲ့အစည်းများ ပါဝင်ပါသည်။

### နိုင်ငံတော်ဘတ်ဂျက်အတွင်းသို့ ထည့်သွင်းပေးအပ်သော အကူအညီ (On-Budget Assistance)

ဖွံ့ဖြိုးမှုမိတ်ဖက်များ (PID) မှ မြန်မာနိုင်ငံ၏ ဘဏ္ဍာငွေစာရင်းအတွင်းသို့ ပြည့်စုံမှန်ကန်စွာ ထည့်သွင်း အစီရင်ခံ ပေးအပ်သော ဖွံ့ဖြိုးမှုအကူအညီ/ ငွေကြေး ဖြစ်သည်။

### ဖွံ့ဖြိုးမှုမိတ်ဖက် (Partner in Development-PID)

မြန်မာနိုင်ငံအတွက် ပေးအပ်လျက်ရှိသည့် အမျိုးအစား များပြားလှသော နိုင်ငံတကာ ဖွံ့ဖြိုးမှု အကူအညီများကို တစ်စုတစ်စည်းတည်းပေါ်လွင်စေရန် မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ဖွံ့ဖြိုးမှု မိတ်ဖက်ဟူသော အသုံးအနှုန်းကို အသုံးပြုလိုပါသည်။ ယင်းအသုံးအနှုန်းအောက်တွင် တစ်နိုင်ငံ ချင်းနှင့် နိုင်ငံပေါင်းစုံမှအကူအညီများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ရန်ပုံငွေများနှင့် အစီအစဉ် များ၊ ဖွံ့ဖြိုးရေးဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးဆဲနိုင်ငံအချင်းချင်း ပူးပေါင်းဆောင် ရွက်ခြင်း၊ သုံးပွင့်ဆိုင်နှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ၊ export credit အေဂျင်စီများ၊ နိုင်ငံတကာပရဟိတအလှူရှင်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်း များနှင့် မြန်မာနိုင်ငံအတွက် တရားဝင်ဖွံ့ဖြိုးမှုအကူအညီများ ပေးအပ်နေသော အခြားနိုင်ငံတကာ အဖွဲ့အစည်းများ ပါဝင်သည်။

### စီမံကိန်းအခြေပြုနည်းလမ်းများ (Programme-Based Approaches)[၁]

မြန်မာနိုင်ငံ၏ ကိုယ်ပိုင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နည်းဗျူဟာ၊ ကဏ္ဍစီမံကိန်းများ (သို့မဟုတ်) အလားတူ မူဘောင်များအား ညှိနှိုင်းထောက်ပံ့ပေးသည့် အခြေခံမှုများပေါ်တွင် အခြေပြုထား သော ဖွံ့ဖြိုးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းများ ဖြစ်ပါသည်။ ယေဘုယျအားဖြင့် စီမံကိန်းအခြေပြုနည်းလမ်းများတွင် အောက်ပါလက္ခဏာများ ပါဝင်ပါသည်-

---

[၁] ကမ္ဘာလုံးဆိုင်ရာ ထိရောက်သောဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး အကဲဖြတ်ခြင်းလမ်းညွှန် (စက်တင်ဘာ ၂၀၁၅) တွင် ဖတ်ရှုရန်

(၁) အိမ်ရှင်နိုင်ငံ၏ ဦးဆောင်မှု

(၂) ဘက်စုံအစီအစဉ်နှင့် ဘတ်ဂျက်မူဘောင်တစ်ခု

(၃) ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် အစီရင်ခံခြင်း၊ ဘတ်ဂျက်ရေးဆွဲခြင်း၊ ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲခြင်းနှင့် ဝယ်ယူဖြည့်တင်းခြင်းများဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လိုက်လျောညီထွေဖြစ်စေမည့် တရားဝင် လုပ်ငန်းစဉ်တစ်ခု

(၄) အစီအစဉ်ပုံစံများနှင့် အကောင်အထည်ဖော်မှုများ၊ ငွေရေးကြေးရေးစီမံခန့်ခွဲမှုနှင့် စောင့်ကြည့်အကဲဖြတ်ခြင်းတို့အတွက် နိုင်ငံပိုင်စနစ်များကို တိုးမြှင့် အသုံးပြုရန် အားထုတ်ခြင်း။

## ကဏ္ဍအလိုက် စီမံကိန်းများ

သတ်မှတ်ထားသောကဏ္ဍတစ်ခု (သို့မဟုတ်) ဦးစားပေးနယ်ပယ်တစ်ခုတွင် ဖွံ့ဖြိုးမှုရလဒ်များ ရရှိအောင် ဆောင်ရွက်မည့် နည်းလမ်းကို ဖော်ပြထားသည့် အစိုးရဌာနအဖွဲ့အစည်းများမှ အသုံးပြုသော မူဘောင်များ ဖြစ်ပါသည်။ ကဏ္ဍအလိုက်စီမံကိန်းတွင် ယေဘုယျအားဖြင့် တိကျရှင်းလင်းသော ရည်မှန်းချက်များနှင့် (အကျိုးရလဒ်၊ အကျိုးသက်ရောက်မှုအစရှိသည့်) ရလဒ်ညွှန်းကိန်းများအပြင် ရည်မှန်းချက်များ ပြည့်မီခြင်းဆိုင်ရာ တိုးတက်မှုကို တိုင်းတာရာ၌ အသုံးပြုသည့် ဖော်ထုတ်သတ်မှတ်ချက်များနှင့် သက်ဆိုင်သည့် အချိန်ကာလ သတ်မှတ်ချက်များ ပါဝင်ပါသည်။

## ဉယျောဇဉ်

### ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်၏ အမှာစကား



မြန်မာနိုင်ငံကို ငြိမ်းချမ်းသာယာဝပြောပြီး ဖွံ့ဖြိုးတဲ့ နိုင်ငံတစ်ခု ဖြစ်အောင် ဆောင်ရွက်ဖို့ ကျွန်မတို့နဲ့ တူညီတဲ့ ရည်မှန်းချက်ရှိတဲ့ မိတ်ဖက်အားလုံးနဲ့ လက်တွဲသွားမယ်လို့ ကျွန်မတို့အစိုးရက သန္နိဋ္ဌာန် ချထားပါတယ်။ နိုင်ငံတကာ ကရလာတဲ့ ဖွံ့ဖြိုးမှု အကူအညီတွေဟာ ကျွန်မတို့ ပြည်သူ ပြည်သားတွေအတွက်အကျိုးအများဆုံး ဖြစ်ရအောင် အကျိုး သက်ဆိုင်သူ အားလုံးနဲ့အတူ ပူးပေါင်းပြီး ကြိုးပမ်း သွားမှာ ဖြစ်ပါတယ်။

ဒီလိုကြိုးစားအကောင်အထည်ဖော်ရာမှာ အထောက်အပံ့ပေးနိုင်ဖို့ ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (DACU) ကို ဖွဲ့စည်းခဲ့တာလဲ ဖြစ်ပါတယ်။ DACU အတွက် ကနဦးလုပ်ငန်းတာဝန်တွေထဲက တစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးမှုအကူအညီတွေကို ထိထိရောက်ရောက် အသုံးချနိုင်အောင် လမ်းညွှန်ပေးမယ့် မူဝါဒတစ်ရပ်ကို နိုင်ငံတကာက လက်ခံထားတဲ့မူတွေ အပေါ်မှာ အခြေခံပြီးရေးဆွဲဖို့ ဒီနှစ်အစောပိုင်းက အဖွဲ့ကို တာဝန်ပေးခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ သူမတူတဲ့လက္ခဏာတွေနဲ့ အလျင်အမြန်ပြောင်းလဲနေတဲ့ အခြေအနေကို အဲဒီမူဝါဒထဲမှာ ထင်ဟပ်အောင် ရေးဆွဲဖို့လည်း တောင်းဆိုခဲ့ပါတယ်။ DACU အနေနဲ့ ဒီဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒကို ရေးဆွဲပြီး တောင်းဆိုချက်များကို ဖြည့်ဆည်းပေးခဲ့ပါပြီ။ မြန်မာနိုင်ငံဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ နိုင်ငံသားတွေအတွက်ရေရှည်တည်မြဲကောင်းမွန်တဲ့ အနာဂတ်ဖော်ဆောင်မှုနဲ့ ပတ်သက်ပြီး ထိန်းကျောင်းတဲ့နေရာမှာ ဒီမူဝါဒက အထောက်အပံ့ ပေးသွားမှာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုအကူအညီများဆိုင်ရာမူဝါဒ (DAP) သည် ဖွံ့ဖြိုးမှုဆိုင်ရာ ပူးပေါင်း ဆောင်ရွက်တဲ့ နေရာမှာ အိမ်ရှင်နိုင်ငံအနေဖြင့် ခေါင်းဆောင်မှုနဲ့ လမ်းညွှန်မှုတွေပေးရင်း ကိုယ်တိုင် ပဲ့ကိုင်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုမိတ်ဖက်တွေအနေနဲ့ အကူအညီတွေ ပေးအပ်တဲ့ အခါမှာ ကျွန်မတို့ရဲ့ ဖွံ့ဖြိုးမှုဦးစားပေးတွေ၊ မူဝါဒတွေနဲ့ ကိုက်ညီပြီးပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်ရပါမယ်။ ဒါ့အပြင် ဖွံ့ဖြိုးမှုရလဒ်တွေ ပြည့်မီဖို့အတွက် တစ်ဖက်နဲ့ တစ်ဖက် တာဝန်ယူ၊ တာဝန်ခံမှုရှိရမှာ ဖြစ်သလို၊ မြန်မာပြည်သူတွေနဲ့ ပတ်သက်လို့လည်း တာဝန်ယူ၊ တာဝန်ခံမှုရှိရမှာ ဖြစ်ပါတယ်။

နိုင်ငံရဲ့ ဦးစားပေးကိစ္စရပ်တွေနဲ့ ပတ်သက်ပြီး ပြောရမယ်ဆိုရင် ကျွန်မတို့ပြည်သူတွေရဲ့ ဘဝတွေ ပြောင်းလဲကောင်းမွန်ဖို့နဲ့ အလုပ်အကိုင်အခွင့်အလမ်းသစ်တွေဖော်ထုတ်ပေးနိုင်ဖို့အတွက် အခြေခံ အဆောက်အဦတွေနဲ့ စွမ်းအင်ရရှိမှုကဏ္ဍဟာ အရေးပါတယ်ဆိုတာ လျင်မြန်စွာ သိရှိခဲ့ရပါတယ်။ အဲဒါကြောင့်လမ်းတံတားတွေ ဆောက်လုပ်ရေးနဲ့ လျှပ်စစ်မီးရရှိရေးဟာ လတ်တလော ဖွံ့ဖြိုးမှု အကူအညီဆိုင်ရာ အမြင့်ဆုံးဦးစားပေးကိစ္စတွေ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ကာလတစ်လျှောက်မှာ မြန်မာနိုင်ငံအတွက် အကူအညီတွေပေးနေတဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းကို ကျေးဇူးဥပကာရ တင်ရှိကြောင်းကိုလည်း ဒီဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒနဲ့ ဖော်ပြခြင်း ဖြစ်တယ်လို့ နားလည် မှတ်ယူစေလိုပါတယ်။

မြန်မာနိုင်ငံကို ပေးအပ်လာတဲ့ ဖွံ့ဖြိုးမှုအကူအညီတွေကြောင့် ရေရှည်ကောင်းကျိုးများ ကျန်ခဲ့နိုင် ခြင်းဟာ ကျွန်မတို့အားလုံးအတွက် အကျိုးဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ဆောင်ရွက်နေမှုများသည် ရိုးရှင်းသော်လည်း၊ ကမ္ဘာတစ်ဝှမ်းတွင်ရှိသော မိတ်ဖက်နိုင်ငံများ၏ အကူအညီများနှင့် အထောက် အပံ့များသည် နောင်နှစ်ပေါင်းများစွာအထိ ကျွန်မတို့ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို အထိရောက်ဆုံး စစ်မှန်သော တိုးတက်မှုကို ပြောင်းလဲစေရန်ဟူသော ရည်မှန်းချက်ကို ပြည့်မီရန် စိန်ခေါ်မှုများ ရှိနေနိုင်ပါသေးတယ်။ ဒါ့ကြောင့် မလျော့သော လုံ့လနဲ့ မဆုတ်မနစ် ကြိုးစားပြီး၊ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေအတွက် တောက်ပတဲ့ အနာဂတ်တစ်ခုဆီကို ကျွန်မတို့အားလုံး အတူ လျှောက်လှမ်းကြရမှာ ဖြစ်ပါတယ်။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

## ဦးကျော်ဝင်း၊ ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမှာစကား



ကျွန်တော်တို့နိုင်ငံဟာ ဖွံ့ဖြိုးမှုဆိုင်ရာစိန်ခေါ်မှုပေါင်းစုံနဲ့တွေ့ကြုံနေရပါတယ်။ တိုင်းပြည်ရဲ့ လူဦးရေ အတော်များများဟာ အခြေခံပြည်သူ့ဝန်ဆောင်မှုတွေကို လက်လှမ်းမမီနိုင်သေးသလို ဆင်းရဲမှု ရှိနေဆဲ ဖြစ်ပါတယ်။ တိုင်းဒေသကြီး / ပြည်နယ်များအကြား ဖွံ့ဖြိုးမှုများ ပြည့်ပြည့်ဝဝ မရရှိသေးဘဲ ဆင်းရဲနွမ်းပါးနေဆဲဖြစ်ပါတယ်။ကွာဟမှုတွေရှိပြီး အထူးသဖြင့် ရာစုနှစ်ပေါင်းများစွာ ပဋိပက္ခဒဏ်တွေခံခဲ့ရတဲ့ နေရာတွေမှာ ပိုပြီးဆိုးရွားပါတယ်။ လူမှုရေးနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နယ်ပယ်နှစ်ခုမှာ အခွင့်အလမ်းနဲ့ စိန်ခေါ်မှုအသစ်တွေ ပေါ်ပေါက်လာနေသလို မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးမှုဆိုင်ရာ ဘဏ္ဍာရေးအထောက်အပံ့ရယူမှု အသွင်သဏ္ဌာန်များဟာလဲ အမျိုးအစားများ စုံလင်ကွဲပြားလာပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးမူဝါဒရဲ့ ရည်မှန်းချက်အတိုင်း ပြည့်မီရောက်ရှိအောင် ဆောင်ရွက်နိုင်ဖို့အတွက်ဆိုရင် ဖွံ့ဖြိုးမှုဆိုင်ရာဘဏ္ဍာ ရေးနည်းလမ်းအစုံကို အသေအချာ စီစဉ်ညှိနှိုင်းအသုံးပြုဖို့လိုပါတယ်။ ဒါတွေကို ကောင်းကောင်း အသုံးချနိုင်မှသာ မြန်မာနိုင်ငံဖွံ့ဖြိုးမှုအတွက် ထိရောက်ပြီး ရေရှည်တည်တံ့တဲ့ အကျိုးရလဒ်တွေ ရလာမှာ ဖြစ်ပါတယ်။

စီမံကိန်းနဲ့ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိအစိုးရ တာဝန်လွှဲပြောင်းယူခဲ့တဲ့ ၂၀၁၆ ခုနှစ် ဧပြီလကတည်းကစပြီး ပြည်သူ့အကျိုးကိုရှေးရှုကာ ဖွံ့ဖြိုးမှုဆိုင်ရာ ဘဏ္ဍာရေးပေါင်းစပ် ညှိနှိုင်းမှုတွေ ပိုမိုကောင်းမွန်အောင် ကြိုးစားခဲ့ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ လမ်းညွှန်မှုအောက်မှာ ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့က ပြုစုထားတဲ့ ဒီဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒဟာ မြန်မာနိုင်ငံနဲ့ အခြားမိတ်ဖက်တွေ လက်ခံထားတဲ့ နိုင်ငံတကာ သဘောတူညီမှု၊ စာချုပ်တွေအပေါ်မှာ အခြေခံထားတာဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုအကူအညီနဲ့ပတ်သက်တဲ့ အကျိုးသက်ဆိုင်သူအားလုံး ဒီမူဝါဒအကြောင်းကို သိရှိလိုက်နာမှုရှိစေဖို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာနက တာဝန်ယူသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေဖြင့် ဖွံ့ဖြိုးမှုမိတ်ဖက်တွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး ရရှိလာတဲ့အောင်မြင်မှုတွေအတွက် ဂုဏ်ယူရမှာဖြစ်သလို တစ်ချိန်တည်းမှာလည်း ရှေ့ဆက်လုပ်ရမယ့်အလုပ်တွေအများကြီး ရှိနေပါသေးတယ်။ နှစ်ဦးနှစ်ဖက် အပြန်အလှန် လေးစားမှု၊ နားလည်မှု၊ ရိုးသားမှုနဲ့ ပွင့်လင်းမြင်သာမှုရှိရှိ ပူးပေါင်းလုပ်ဆောင်မှသာ ဖွံ့ဖြိုးမှုအကူအညီတွေရဲ့ ထိရောက်မှုကို ပိုမိုအားကောင်းလာစေနိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံကို အကူအညီပေးဖို့ စိတ်ဝင်စားသူတိုင်းနဲ့ ပိုမိုထိရောက်ကျယ်ပြန့်တဲ့ မိတ်ဖက်ဆောင်ရွက်မှုတွေ ပြုလုပ်သွားမယ်ဆိုတာကို မြန်မာနိုင်ငံသားတွေကိုရော နိုင်ငံတကာအသိုင်းအဝိုင်းကိုပါ ကျွန်ုပ်တို့၏ ကတိကဝတ်တွေကို ပြသလိုက်တဲ့ ဒီဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒကို ဂုဏ်ယူစွာနဲ့ ဖြန့်ဝေလိုက်ပါတယ်။



**ပြည်ထောင်စုဝန်ကြီး**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

## ၁. ရည်ရွယ်ချက်

မြန်မာနိုင်ငံတွင် ယခုနှစ်များအတွင်း တစ်နိုင်ငံချင်း၊ နိုင်ငံစုံနှင့် ဒေသတွင်း မိတ်ဖက်များ၊ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေးဘဏ်များ၊ ကုလသမဂ္ဂ (UN) အဖွဲ့အစည်းများ၊ ရန်ပုံငွေများနှင့် အစီအစဉ်များ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ (INGOs)၊ ပညာရေးနှင့် သုတေသနဆိုင်ရာ အဖွဲ့အစည်းများ၊ ပရဟိတဖောင်ဒေးရှင်းများ စသည့် နိုင်ငံတကာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ တိုးတက်များပြားလာခဲ့ပါသည်။
အဆိုပါအဖွဲ့အစည်းများနှင့် အကူအညီများသည် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အခန်းကဏ္ဍမှ ကူညီပေးနေသည့်အတွက်လည်း မြန်မာအစိုးရအနေဖြင့် လှိုက်လှိုက်လှဲလှဲ အသိအမှတ်ပြု ကြိုဆိုအပ်ပါသည်။ မြန်မာနိုင်ငံအတွက် ပေးအပ်လာသည့် ဖွံ့ဖြိုးမှုအကူအညီများကို အသုံးချရာတွင် ပြည်သူလူထုအကျိုးကို ရှေးရှုပြီး ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် ထိရောက်မှုတို့ရှိအောင် ထိန်းကျောင်းပေးသည့် မူဝါဒလမ်းညွှန်ချက်များကို ယနေ့အချိန်ထိ ပြီးပြည့်စုံအောင် ချမှတ်နိုင်ခြင်း မရှိသေးပါ။ အကျိုးဆက်အနေဖြင့် ခွင့်ပြုချက်တောင်းခံရာ၌ ကြန့်ကြာမှုများ၊ အကောင်အထည်ဖော်မှုဆိုင်ရာ အခက်အခဲများနှင့် မလိုအပ်ဘဲ ကုန်ကျစရိတ် များပြားခြင်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအားလုံး ရံဖန်ရံခါကြုံတွေ့ခဲ့ရပါသည်။

ယခုချမှတ်လိုက်သည့် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ (DAP) သည် အထက်ဖော်ပြပါ ကိစ္စရပ်များအပြင် ယင်းတို့နှင့်ဆက်စပ်နေသော စိန်ခေါ်မှုများကိုဖြေရှင်းရန်အတွက် -

- ဖွံ့ဖြိုးမှုအကူအညီပေးအပ်ခြင်းဆိုင်ရာ လမ်းညွှန်မှုပေးမည့် မူဝါဒမူဘောင်တစ်ခု ချမှတ်ပေးခြင်း
- ဖွံ့ဖြိုးမှုအကူအညီဖြင့် ဆောင်ရွက်သည့် စီမံကိန်းများ ဖော်ထုတ် ဒီဇိုင်းရေးဆွဲခြင်း၊ ညှိနှိုင်းခွင့်ပြုပေးခြင်းနှင့် အကောင်အထည်ဖော်ခြင်းစသည့် လုပ်ငန်းစဉ်များအား မြန်ဆန်ထိရောက်စေရန် ရှင်းလင်းသော လုပ်ထုံးလုပ်နည်းများ ချမှတ်ပေးခြင်း တို့ကို ပြုလုပ်သွားမည်ဖြစ်သည်။

ယခု DAP သည် အောက်ပါအချက်များဖြင့် ပြည့်စုံသော ဖွံ့ဖြိုးမှုအကူအညီများဖြစ်လာစေရန် ရည်ရွယ်ချမှတ်ထားခြင်း ဖြစ်ပါသည်-

- မြန်မာနိုင်ငံ၏ နိုင်ငံအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် နှင့် ကဏ္ဍအဆင့် ဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများနှင့်ကိုက်ညီမှုရှိပြီး မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်

ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့်လည်း ဆီလျော်မှု ရှိခြင်း။

- မြန်မာနိုင်ငံ၏ စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းစဉ်များ၊ ဘတ်ဂျက်စနစ်များနှင့် ပိုမို၍ လိုက်လျောညီထွေဖြစ်ခြင်း။
- ဦးတည်ရလဒ်ကို အခြေပြုကာ၊ တီထွင်ဆန်းသစ်မှုရှိပြီး၊ နှစ်ဦးနှစ်ဖက်ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် နည်းလမ်းများကို အသုံးပြုပေးအပ်ခြင်း။
- မြန်မာ့လူ့စွမ်းအား အရင်းအမြစ်နှင့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် အားကောင်းစေမည့် နည်းလမ်းပုံစံများဖြင့် ပေးအပ်ခြင်း။
- မြန်မာနိုင်ငံအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေး ရည်မှန်းချက်များ (SDGs) ကို ပြည့်မီအောင်ဆောင်ရွက်ရာတွင် အထောက်အပံ့ဖြစ်စေခြင်း။

ဤ DAP ကို ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများ လုပ်ဆောင်နေသည့် အကျိုးသက်ဆိုင်သူများနှင့် ဆွေးနွေးညှိနှိုင်းကာ ရေးဆွဲပြုစုခဲ့ခြင်း ဖြစ်ပါသည်။ ထိုသို့ပြုလုပ်ရာတွင် အစိုးရဌာနအဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းပွဲများ ပြုလုပ်သကဲ့သို့ PID များကိုလည်း ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်များအဖွဲ့ (Cooperation Partners Group – CPG) မှတစ်ဆင့်လည်းကောင်း၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ (INGOs) ကို INGO Forum မှ တစ်ဆင့်လည်းကောင်း ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

> မှတ်ချက် - ဤ DAP သည် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုအကူအညီများကို စီမံခန့်ခွဲလျက်ရှိသည့် အစိုးရဌာနအဖွဲ့အစည်းများ အားလုံးအပေါ် သက်ရောက် လွှမ်းခြုံမှု ရှိစေရမည် ဖြစ်သည်။

ယခု DAP ကို UN အေဂျင်စီများ၊ NGO/INGOs များမှ မြန်မာနိုင်ငံ၌ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များဆောင်ရွက်ရာတွင် လိုက်နာရမည့် လမ်းညွှန်ချက်များ(၂၀၀၁) နှင့် မြန်မာနိုင်ငံတွင် နိုင်ငံတကာအကူအညီပေးရေးဆိုင်ရာ လမ်းညွှန် (၂၀၁၄) အပါအဝင် ယခင်ရှိခဲ့သော လမ်းညွှန်ချက်များအပေါ် အခြေပြု၍ ရေးဆွဲထားခြင်းဖြစ်ပြီး ထိုလမ်းညွှန်ချက်နှစ်ခု အပါအဝင် ယခင်ထုတ်ပြန်ထားသည့် ဖွံ့ဖြိုးမှုအကူအညီနှင့် ပတ်သက်သော လမ်းညွှန်ချက် အားလုံးအပေါ် ဤ DAP ဖြင့် လွှမ်းမိုး ပယ်ဖျက်စေရမည် ဖြစ်သည်။

ထိရောက်သော ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နေပြည်တော် သဘောတူညီချက် (၂၀၁၃) သည် ဤ DAP ၏ အရေးပါသော အခြေခံအုတ်မြစ်ဖြစ်ပါသည်။ သို့သော် သဘောတူညီချက်အတွင်းပါရှိသည့် အချို့လုပ်ဆောင်ချက်များနှင့် ကတိကဝတ်များကိုမူ အခန်း ၁၀.၂ ပါ DAP လုပ်ငန်းအဖွဲ့၏ ဖော်ထုတ်ထားသည့်အချက်များဖြင့် လွှမ်းမိုးပယ်ဖျက်ရမည် ဖြစ်ပါသည်။

## ၂. ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မျှော်မှန်းချက်

ဤဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒသည် ဖွံ့ဖြိုးမှုအကူအညီများ မလိုအပ်တော့သည့် အနာဂတ်ဆီသို့ ရည်မှန်းထားပါသည်။

အဆိုပါပန်းတိုင်သို့ လျှောက်လှမ်းနေစဉ် ကြားကာလများအတွင်း မြန်မာနိုင်ငံအနေဖြင့် ထားရှိသည့် မျှော်မှန်းချက်မှာ ဖွံ့ဖြိုးမှုအကူအညီများကို နိုင်ငံသူ၊ နိုင်ငံသားများ၏ ဘဝများအတွက် အများဆုံး အကျိုးဖြစ်ထွန်းမည့် ကဏ္ဍများတွင် ဦးစားပေး ဆောင်ရွက်ရေးပင်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်း၍ သာယာဝပြောသော အနာဂတ်ဆီသို့ ပဲ့ကိုင်မောင်းနှင်မည့် တိုင်းသူပြည်သားများနှင့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်များကို အသိပညာပိုင်းဆိုင်ရာ လွှဲပြောင်းပေးအပ်မှုများမှ တစ်ဆင့် ပိုမိုအားကောင်းအောင် ဆောင်ရွက်သွားရန်လည်း မျှော်လင့်ထားပါသည်။

ထိုရည်မှန်းချက်များ ပြည့်မီနိုင်စေရန် အတွက် ဖွံ့ဖြိုးမှုအကူအညီများကို အသုံးပြုရာတွင် မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒများကို အကောင်အထည်ဖော်မှုနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတို့အား အထောက်အကူဖြစ်စေမည့် တီထွင်ဆန်းသစ်သော နည်းလမ်းများဖြင့် အမြော်အမြင်ရှိရှိ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကို ရှင်းလင်းပြတ်သားသော မူဝါဒများ၊ ထိရောက်စွာ အကောင်အထည်ဖော်ရန် လိုအပ်သည့် အရင်းအမြစ်များဖြင့် ထောက်ပံ့ ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

ဇယား(၁) မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ဆိုင်ရာ လုပ်ငန်းအစီအစဉ်[၂]

| |
|---|
| တိုင်းဒေသကြီး/ ပြည်နယ်အလိုက်နှင့် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် မဟာဗျူဟာများ ဆက်စပ် ဆီလျော်မှုရှိစေရန်နှင့် ပြည်သူပြည်သားများအတွက် ခိုင်မာသည့် ဖွံ့ဖြိုးမှုရလဒ်များ ဆောင်ကြဉ်းပေးရာတွင် လိုအပ်သည့် အရင်းအမြစ်များကို ကောင်းမွန်စွာ တွက်ချက်နိုင်ရန် ရည်ရွယ်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အနေဖြင့် အခြားသက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းများနှင့်အတူ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ဆိုင်ရာ လုပ်ငန်းအစီအစဉ် (Myanmar Sustainable Development Action Plan - MSDAP) ကို ပြုစုရေးဆွဲလျက် ရှိပါသည်။ အဆိုပါအစီအစဉ်သည် ဇယား ၁၅တွင် ဖော်ပြထားသည့် ပြည်သူ့ ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (Public Investment Programme) နှင့်လည်း ဆက်စပ်လျက် ရှိပါသည်။ |

[၂] အမည်အပြောင်းအလဲ ရှိနိုင်ပါသည်။

ၵင်းနှင့် ပတ်သက်သော ထပ်ဆောင်း သတင်းအချက်အလက်များကို အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည် ဖြစ်ပါသည်။

## ၂.၁. မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ

၂၀၁၆ ခုနှစ် ဇူလိုင်လတွင် ထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒသည် နိုင်ငံအတွက် စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးမှုဆိုင်ရာမူဘောင်တစ်ခုဖြစ်လာခဲ့ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ၎င်းမူဘောင်နှင့်အညီ မြန်မာနိုင်ငံသားများ၏ လူနေမှုဘဝများ တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်သွားရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာထောက်ပံ့ငွေပုံစံအားလုံး ကို ပိုမိုထိရောက်စွာ ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၂.၂. ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးမှုအကူအညီများ

မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒများအနက်မှ ပထမအချက်သည် အမျိုးသားပြန်လည်သင့်မြတ် ရေးကိုဦးတည်ပြီး စည်းလုံးညီညွတ်သော ဖက်ဒရယ်ဒီမိုကရက်တစ်ပြည်ထောင်စုကြီး ဖြစ်တည် လာစေရေးကို အထောက်အပံ့ဖြစ်စေရန်ဖြစ်ပါသည်။ ထိုအချက်သည်အစိုးရ၏ အဓိကဦးစားပေး ကဏ္ဍဖြစ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အရေးပါကြောင်းကို ထင်ဟပ်ပြသနေပါသည်။

ငြိမ်းချမ်းမှုမရှိလျှင် စစ်မှန်သည့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးမှု မရရှိနိုင်ကြောင်းကို သိရှိ နားလည်၍ ဖွံ့ဖြိုးမှုအကူအညီများ ရရှိရေးကို ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ တစ်ချိန်တည်း တွင် ပြည်သူလူထုအနေဖြင့် စီးပွားရေးအခွင့်အလမ်းများရရှိမှသာ ပစ္စည်းဥစ္စာလုံလောက်စွာ ပိုင်ဆိုင်ပြီး ငြိမ်းချမ်းရေးကို ကြာရှည်တည်တံ့စွာ ထိန်းသိမ်းထားနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် ဖွံ့ဖြိုးမှု အကူအညီများ ပေးအပ်ရာတွင်လည်း နိုင်ငံ၏ပဋိပက္ခ အခြေအနေများကို နားလည်ပြီး ထိခိုက်နစ်နာမှုများ မရှိစေရန် ရည်ရွယ်၍ နိုင်ငံတော်၏ ကိုယ်ပိုင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နှင့် အမျိုးသားရင်ကြားစေ့ရေး ကြိုးပမ်းမှုများကို အထောက်အပံ့ ဖြစ်စေသည့် ပုံစံများဖြင့် ပေးအပ် ရန် လိုအပ်ပါသည်။

## ဇယား (၂) မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ

**မျှော်မှန်းချက်**

နိုင်ငံတော်၏စီးပွားရေးမူဝါဒသည် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော အစဉ်အဆက် မပြတ်တိုးတက်မှု ရရှိစေရန် ရည်ရွယ်ပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက် အကူရရှိစေရန် ဦးတည်၍ သဘာဝသယံဇာတ အရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် ပြည်နယ်နှင့် တိုင်းဒေသကြီးများ အကြား မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စီးပွားရေး မူဘောင်ချမှတ် ဆောင်ရွက်ရန် မျှော်မှန်းပါသည်။

**ရည်မှန်းချက်များ**

(၁) အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ဦးတည်ပြီး စည်းလုံးညီညွတ်သော ဖက်ဒရယ် ဒီမိုကရက်တစ် ပြည်ထောင်စုကြီး ဖြစ်တည်လာစေရေးကို အထောက်အပံ့ ဖြစ်စေသည့် မူဝါဒအဖြစ် ကျင့်သုံးရန်၊

(၂) တိုင်းဒေသကြီး နှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေသည့် စီးပွားရေး အခြေအနေကောင်းများရရှိရေး ဆောင်ရွက်ရန်၊

(၃) နိုင်ငံတော်အတွက်အဖက်ဖက်မှ စွမ်းရည်ပြည့်ဝသော လူငယ်မျိုးဆက်သစ်များ ပေါ်ပေါက် လာစေရေးအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သော စီးပွားရေးမူဝါဒ အဖြစ် ကျင့်သုံးရန်၊

(၄) နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်နိုင်ပြီး၊ တီထွင်ဆန်းသစ်မှုနှင့် ကြိုးပမ်းအားထုတ်မှုများ ဖြင့် တိုးတက်မှု ရလဒ်ကောင်းများကို အစဉ်အဆက် ရယူထိန်းသိမ်းနိုင်မည့် စီးပွားရေး စနစ်တစ်ခုအဖြစ် ထူထောင်ရန်။

**မူဝါဒများ**

(၁) ပွင့်လင်းမြင်သာပြီး ကောင်းမွန် တောင့်တင်းသည့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ်ဖြင့် ဘဏ္ဍာရေး အရင်းအမြစ်များ တိုးတက်ပွားများလာအောင် ဆောင်ရွက်ရန်၊

(၂) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲ လုပ်ကိုင်နိုင်ခြေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်းတို့ အပြင် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေး စား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီပေးရန်၊

(၃) ခေတ်မီဖွံ့ဖြိုးသော စီးပွားရေးကို ဖြစ်ထွန်းနိုင်စေသည့် လူ့အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်နှင့် ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်း ပညာရပ်များကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်၊

(၄) လျှပ်စစ်ဓါတ်အား၊ လမ်းများ၊ ဆိပ်ကမ်းများစသည့် အခြေခံစီးပွားရေး အဆောက်အအုံများ လျင်မြန်စွာ တိုးတက်လာစေရေးကို ဦးစားပေးဆောင်ရွက်ရန်နှင့် Data ID card System ၊ Digital Government Strategy နှင့် e-Government System တို့ကို ထူထောင်သွားရန်၊

(၅) ပြည်တွင်းနေ နိုင်ငံသားများနှင့် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအားလုံးအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်ပေးရန် နှင့် အလုပ်အကိုင် အခွင့်အလမ်း မြင့်မားသော စီးပွားရေး လုပ်ငန်းများကို ကာလတိုအတွင်း ပိုမိုဦးစားပေးဆောင်ရွက်ရန်၊

(၆) ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေး တို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်၊

(၇) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိတို့ လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့် ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရန် အတွက် မူဝါဒများ သီးခြားရေးဆွဲ ဆောင်ရွက်ရန်၊ မူပိုင်ခွင့်များနှင့် တရားဥပဒေ စိုးမိုးမှုရှိစေရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန်၊

(၈) အိမ်ထောင်စုများ၊ တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကို ရေရှည် ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မည့် ငွေရေးကြေးရေးစနစ်ဖြင့် ဘဏ္ဍာရေးတည်ငြိမ်မှု ရရှိလာစေရေး ဆောင်ရွက်ရန်၊

(၉) သဘာဝပတ်ဝန်းကျင်များကို ရေရှည်ထိန်းသိမ်းနိုင်ရန် အတွက် လိုက်လျောညီထွေဖြစ်စေမည့် မြို့ပြများတည်ထောင်ရန်၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြှင့်တင်ရန်တို့အပြင် အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ တိုးချဲ့ဖော်ထုတ်ရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုစောင့်ရှောက် ထိန်းသိမ်းရေးအတွက် ဆောင်ရွက်ရန်၊

(၁၀) နိုင်ငံတော်၏ ဝင်ငွေတိုးတက်ရရှိရန် အကျိုးသက်ရောက်မှုရှိပြီး မျှတသော အခွန်စနစ်ထူထောင်၍ ပြည်သူများ၏ အခွင့်အရေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းလျက် အကာအကွယ်ပေးရန်၊

(၁၁) တီထွင်ဖန်တီးမှု စွမ်းရည်များနှင့် အဆင့်မြင့်နည်းပညာ တိုးတက်မှုများကို အားထုတ်ကြိုးပမ်း ဖြစ်ပေါ်နိုင်စေသည့် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်မှုအတွက် အထောက်အပံ့ ဖြစ်စေသော နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းဆောင်ရွက်ရန်၊

(၁၂) စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်း သာမက အခြားဒေသများအတွင်း၌လည်း တိုးတက်ပြောင်းလဲလာနိုင်ဖွယ်ရှိသော အခြေအနေများကို ဖော်ထုတ်၍ မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို အမြော်အမြင်ကောင်းများဖြင့် အခြေတည်ထူထောင်ရန်။

## ၂.၃. မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးရည်မှန်းချက်များ (SDGs) အကြားဆက်စပ်မှု

မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒတွင် မြန်မာနိုင်ငံ၏ အဓိက ဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများ ထင်ဟပ်လျက်ရှိပြီး SDGs များနှင့်လည်း နီးကပ်စွာ ဆက်စပ်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အစိုးရ၏ စီမံကိန်းများ၊ ဘတ်ဂျက်နှင့် စောင့်ကြည့် အကဲခတ်မှု မူဘောင်များရေးဆွဲရာတွင်လည်း SDGs များကို ပေါင်းစပ်ထည့်သွင်းလျက် ရှိပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒနှင့် SDGs တို့အကြား ဆက်စပ်မှုများကို ဇယား(၃) တွင် ဖော်ပြထားပါသည်။

မြန်မာနိုင်ငံအတွက် ပေးအပ်သော ဖွံ့ဖြိုးမှုအကူအညီအားလုံးသည် တစ်ခု(သို့မဟုတ်) တစ်ခုထက်ပိုသော SDGs များဖြင့် ကိုက်ညီမှုရှိကြောင်း အထင်အရှား ပြသနိုင်ရမည် ဖြစ်ပါသည်။ ထို့အပြင် SDGs ဦးတည်ချက်ပန်းတိုင် ၁၆၉ ခု နှင့် / သို့မဟုတ် နိုင်ငံတော်မှ ချမှတ်ထားသော ဦးတည်ချက် ပန်းတိုင်များနှင့်လည်း အသေအချာ ဆက်စပ်နေရမည် ဖြစ်သည်။

ဖွံ့ဖြိုးမှုအကူအညီသည် အစိုးရ၏ စွမ်းဆောင်ရည်များအား ပိုမို ခိုင်မာအားကောင်းလာစေသင့်ပါသည်-

- အားနည်းထိရှ အလွယ်ဆုံးအုပ်စုတွင် ပါဝင်သော ပြည်သူများ၏ အခွင့်အရေးများကို ကာကွယ်ပေးခြင်း၊
- မညီမျှမှုများ လျှော့ချခြင်း၊
- ခံနိုင်ရည်အားကောင်းသော လူမှုအသိုက်အဝန်းများ ဖြစ်လာအောင် ဆောင်ရွက်ပေးခြင်း၊
- ပြည်သူအားလုံးအတွက် စီးပွားရေးအခွင့်အလမ်းများ ခိုင်မာစေခြင်း၊

| ဇယား(၃) မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒနှင့် SDGs တို့အကြား ဆက်စပ်မှုများ [၉] | |
|---|---|
| မျှော်မှန်းချက် | SDGs အားလုံး |
| ရည်မှန်းချက် ၁-၄ | SDGs အားလုံး |
| မူဝါဒ ၁ | ၁၊ ၈၊ ၁၆ |
| မူဝါဒ ၂ | ၈၊ ၉ |
| မူဝါဒ ၃ | ၄၊ ၈ |
| မူဝါဒ ၄ | ၇၊ ၉၊ ၁၁ |
| မူဝါဒ ၅ | ၁၊ ၈ |
| မူဝါဒ ၆ | ၂၊ ၈၊ ၉ |
| မူဝါဒ ၇ | ၃ |
| မူဝါဒ ၈ | ၈၊ ၁၂ |
| မူဝါဒ ၉ | ၉၊ ၁၁၊ ၁၆ |
| မူဝါဒ ၁၀ | ၉၊ ၁၀၊ ၁၆ |
| မူဝါဒ ၁၁ | ၉ |
| မူဝါဒ ၁၂ | ၈၊ ၁၆၊ ၁၇ |

## ၂.၄. ကဏ္ဍအလိုက်စီမံကိန်းများနှင့် ဦးစားပေးကဏ္ဍများ

ဖွံ့ဖြိုးရေးအကူအညီများ လက်ခံရယူနေသည့် နိုင်ငံများရှိ ဖွံ့ဖြိုးရေးရလဒ်များသည် ၎င်းတို့အမှန်တကယ် လိုအပ်နေသည်နှင့်ကိုက်ညီမှုရှိကြောင်း သေချာစေရန် တိုင်းပြည်၏ရလဒ်မူဘောင်နှင့် သက်ဆိုင်ရာ စောင့်ကြည့်အကဲဖြတ်မှုစနစ်များကို အသုံးပြုရမည်ဟု ပဲရစ်ကြေညာစာတမ်း (Paris Declaration) နှင့် အက်ကရာအစီအစဉ် (Accra Agenda for Action) နှစ်ခုလုံးတွင် ဖော်ပြတိုက်တွန်းထားပါသည်။

ထိုအချက်ကို အကောင်အထည်ဖော်ရန်အတွက် အစိုးရဌာနအဖွဲ့အစည်းအသီးသီး အနေဖြင့် ဦးစားပေးကဏ္ဍများ ရွေးချယ်ကာ၊ ကဏ္ဍအလိုက်ကုန်ကျမည့် ဘဏ္ဍာငွေများအား တွက်ချက်

[၉] စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ပြုစုထားခြင်းဖြစ်ပါသည်။

ရေးဆွဲရမည်ဖြစ်သည်။ ထိုဦးစားပေးစီမံကိန်းများသည် မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒများ နှင့်သာမက SDGs များနှင့်ပါ ကိုက်ညီမှုရှိရမည့်အပြင် ၎င်းတို့ကို ဖော်ဆောင်ရာ၌လည်း အထောက်အပံ့ဖြစ်စေရမည် ဖြစ်သည်။ အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် ယင်းသို့တွက်ချက်မှုများ ပြုလုပ်ရာတွင် ပွင့်လင်းမြင်သာပြီး အကျိုးသက်ဆိုင်သူပေါင်းစုံ ပါဝင်နိုင်စေရန်အတွက် သော်လည်းကောင်း၊ စီမံကိန်းနှင့် ဦးစားပေးများကို သက်ဆိုင်သူများနှင့် မျှဝေ သိရှိစေနိုင်ရန် သော်လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းမှုများ ပြုလုပ်ရန် တိုက်တွန်းလိုပါသည်။ ဖွံ့ဖြိုးမှု အကူအညီများသည် ထိုကဏ္ဍအလိုက် စီမံကိန်းများ အကောင်အထည်ဖော်မှုကို တိုက်ရိုက် အထောက်အကူပြုရမည်ဖြစ်သည်။

မြန်မာနိုင်ငံတော်အစိုးရမှ ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Sector Coordination Group - SCG) နှင့်ပတ်သက်၍ ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ၁၀ ဖွဲ့ (ဇယား-၄ တွင် ကြည့်ရန်)၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (Ethnic Armed Organisations - EAOs) နှင့်ပူးတွဲ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Joint Coordinating Body for Peace Process Funding)၊ တရားဥပဒေ စိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Joint Coordinating Body for Rule of Law Centres and Justice Sector)နှင့် အခြား ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ များကို ဖွဲ့စည်းထားပြီး ဖြစ်ပါသည်။ ထိုပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်းများသည် မြန်မာ နိုင်ငံအစိုးရမှသတ်မှတ်ထားသော ဖွံ့ဖြိုးမှုအထောက်အပံ့ဆိုင်ရာ ဦးစားပေးကဏ္ဍများကို ထင်ဟပ် ဖော်ပြနေသည်။ ဖွံ့ဖြိုးမှု အထောက်အပံ့များသည် အခြေခံအားဖြင့် ထိုဦးစားပေးကဏ္ဍများကို ဦးတည်သင့်သည်။

SCG များ၏ လုပ်ငန်းများသည် အမျိုးသားပြန်လည်သင့်မြတ်မှု၊ ဒီမိုကရေစီဆိုင်ရာ စံနှုန်းများ၊ လူ့အခွင့်အရေး၊ ပြည်သူအားလုံး အကျိုးသက်ရောက်မှုရှိသည့် ရေရှည်တည်တံ့ခိုင်မြဲသော စီးပွား ရေး ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်စေကြောင်း သေချာစေရမည်ဟု SCG များ အကောင်အထည် ဖော်ရေးဆိုင်ရာ လမ်းညွှန်တွင် ဖော်ပြထားသည်။

SCG များနှင့် JCB များအကြောင်းကို ခေါင်းစဉ် ၇.၃.၁ နှင့် ၇.၃.၂ တွင် အသေးစိတ် ရှင်းလင်း ထားပါသည်။

ဇယား(၄) ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များနှင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့များ

**ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ (Sector Coordination Groups-SCGs)**

- စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့
- ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့
- လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့
- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့
- ကျန်းမာရေးကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့
- အလုပ်အကိုင်ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့
- မက်ခရိုစီးပွားရေးစီမံခန့်ခွဲမှုကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့
- အာဟာရပြည့်ဝမှုကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့
- လူမှုကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့
- ပို့ဆောင်ရေးနှင့် သတင်းအချက်အလက်နည်းပညာကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့

**လုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Joint Coordination Bodies)**

- ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Coordinating Body for Peace Process Funding)
- တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Joint Coordinating Body for Rule for Law Centres and Justice Sector)

## ၂.၅. ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ အခြေခံမှုများ

မြန်မာအစိုးရသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သဘောတူလက်ခံထားသည့် ထိရောက်သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာမူများကို အခြေပြုကာ အစိုးရဌာနအဖွဲ့အစည်းများ နှင့် မြန်မာနိုင်ငံအတွင်း လုပ်ငန်းဆောင်ရွက်နေသည့် PID အားလုံးလိုက်နာရမည့် အောက်ပါ ဖွံ့ဖြိုးမှု အကူအညီဆိုင်ရာ အခြေခံမှု (၃) ရပ်ကို ဖော်ထုတ်ထားပါသည်-

- ဖွံ့ဖြိုးမှုစီမံကိန်းများနှင့် ဦးစားပေးများကို နိုင်ငံတော်အစိုးရ ကိုယ်တိုင် ဖော်ထုတ်ဆုံးဖြတ်သွားမည် ဖြစ်သည်။ ဖွံ့ဖြိုးမှုအကူအညီများသည် ၎င်းစီမံကိန်းများနှင့် ဦးစားပေးများကို အမျိုးသားအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်အောက်

နှစ်ရပ်လုံးတွင် တိုက်ရိုက် အထောက်အကူပြုရမည်ဖြစ်ပြီး ရေရှည်အကျိုးတည်မြဲမှု ရှိရန်၊ အထိရောက်ဆုံး ဖြစ်စေရန် သေချာစေရမည်။

- မြန်မာအစိုးရနှင့် PID နှစ်ဖက်စလုံးမှ လုံလောက်ခိုင်မာသည်ဟု ယူဆသတ်မှတ်သော နိုင်ငံတွင်းစနစ်များရှိပါက PID များသည် ယင်းစနစ်များအား အသုံးပြုကာ ဖွံ့ဖြိုးမှု အကူအညီများ ပေးအပ်ရမည် ဖြစ်သည်။ ထိုသို့ခိုင်မာသောစနစ်များ မရှိပါက (PID များ၏ အကူအညီဖြင့်) မြန်မာအစိုးရမှ ခိုင်မာသောစနစ်များရှိလာအောင် ဖော်ဆောင်သွားမည်ဖြစ်သည်။
- ပုဂ္ဂလိကကဏ္ဍမှ လုံလောက်သော ကာလတို ရင်းနှီးမြှုပ်နှံမှုများရရှိရန် မဖြစ်နိုင်သော အခြေအနေ (သို့မဟုတ်) မဆွဲဆောင်နိုင်သော အခြေအနေများတွင်သာ ဖွံ့ဖြိုးမှု အကူအညီများ အသုံးပြုခြင်းဖြင့် အထိရောက်ဆုံး အသုံးချသွားမည်ဖြစ်သည်။

## ၃.    ပူးပေါင်းဆောင်ရွက်မှုများ (Partnerships)

မြန်မာနိုင်ငံအနေဖြင့် ရေရှည်တည်တံ့ပြီး အားလုံးပါဝင်သော စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အကျိုးသက်ဆိုင်သူများ တက်ကြွစွာနှင့်ပွင့်လင်းမြင်သာစွာပါဝင်နိုင်မည့်အခြေအနေများကို ဖော်ဆောင်ပေးရန် အရေးကြီးကြောင်း အသိအမှတ်ပြုထားပါသည်။ ထို့ကြောင့် မြန်မာအစိုးရအနေဖြင့် ဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးသက်ဆိုင်သူများနှင့် ခိုင်မာစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်အတွက် အောက်ဖော်ပြပါအတိုင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သည်။

ဇယား (၅) ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စည်းမျဉ်းများ

**အကျိုးကျေးဇူးကို ဦးစားပေးခြင်း**

မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ အားလုံးသည် အခြားထည့်သွင်းစဉ်းစားရမည့် အချက်များထက် မြန်မာပြည်သူများအတွက် အပြုသဘောဆောင်သည့် အကျိုးရလဒ်များ ရရှိစေရန် အထောက်အပံ့ပြုခြင်း။

**ထိခိုက်နစ်နာမှုမရှိစေခြင်း**

ငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးကို အထောက်အပံ့ပေးသည့် ဖွံ့ဖြိုးမှုအကူအညီများ ဖြစ်စေရန်အတွက် ပဋိပက္ခအကြောင်းအရင်းများကို နားလည်သဘောပေါက်ပြီး ဆိုးရွားသည့် အကျိုးသက်ရောက်မှုမျိုး မဖြစ်ပေါ်စေသည့် ပုံစံများ ချမှတ်အကောင်အထည်ဖော်ခြင်း။

**ပူးပေါင်းဆောင်ရွက်ခြင်း**

အစိုးရဌာနအဖွဲ့အစည်းများနှင့် PID များအကြား အပြုသဘောဆောင် အကျိုးဖြစ်ထွန်းသော ဆက်ဆံရေးပေါ်ပေါက်စေမည့် ညှိနှိုင်းဆွေးနွေးခြင်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းများ။

**အကျိုးရှိစေခြင်း**

လုပ်ငန်းများထပ်နေခြင်းမျိုးကဲ့သို့သော ထိရောက်မှုအားနည်းစေသည့်ကိစ္စရပ်များကို အတတ်နိုင်ဆုံးရှောင်ကြဉ်ရပါမည်။ လုပ်ပိုင်ခွင့်ပေးခြင်း၊ ခွင့်ပြုချက်ပေးခြင်း၊ အစီရင်ခံခြင်းနှင့် အလားတူ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများကို သတ်မှတ်တာဝန်ပေးထားသည့် ဌာနအဖွဲ့အစည်းတစ်ခုတည်းနှင့်သာ အခါအားလျော်စွာ ညှိနှိုင်းလုပ်ကိုင်ခြင်း။

**တစ်သမတ်တည်းရှိခြင်း**

ဤ DAP တွင် ပါဝင်သည့် လုပ်ငန်းစဉ်များနှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရဌာနအဖွဲ့အစည်း

များအားလုံးက တစ်သမတ်တည်း လိုက်နာအသုံးပြုခြင်း။

**အပြန်အလှန်ဖြစ်ခြင်း**

ယခု DAP အတွင်း ချမှတ်ထားသော အခြေခံသဘောတရားများအားလုံးကို PID နှင့် အစိုးရဌာန အဖွဲ့အစည်းနှစ်ဖက်လုံးမှ အပြန်အလှန်လိုက်နာခြင်း။

ဇယား (၆) ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာပွင့်လင်းမြင်သာမှုရှိစေရေးဆောင်ရွက်ခြင်း

ပွင့်လင်းမြင်သာမှုရှိရန်၊ တာဝန်ခံယူမှုရှိရန်နှင့် နိုင်ငံတကာအကူအညီများ ပွင့်လင်းမြင်သာမှုရှိစေရေးအစီအစဉ်(IATI)နှင့်အညီဆောင်ရွက်ရန်အတွက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများသည် သက်ဆိုင်ရာငွေကြေးရင်းမြစ်များ၊ အကူအညီများ၊ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းအစီအစဉ်များ၊အခြားအဖွဲ့များသို့ ငွေကြေးထောက်ပံ့ထားမှုများ၊အကျိုးရလဒ်များစသည်တို့ကို အချက်အလက်ပြည့်စုံစွာဖြင့် အစီရင်ခံရမည်။

အစီရင်ခံစာများကို နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန (FERD) နှင့် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းသို့ တစ်နှစ်လျှင်နှစ်ကြိမ် သတ်မှတ်ထားသည့်ပုံစံ (နောက်ဆက်တွဲ- ၈) ဖြင့် တင်ပြရမည်။

အစိုးရအဖွဲ့အစည်းများသည် သက်ဆိုင်ရာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများကို ထပ်မံ၍ အစီရင်ခံတင်ပြစေလိုသည့် အချက်များကို သတ်မှတ်နိုင်သည်။ DACU အနေဖြင့် အစိုးရအဖွဲ့အစည်းများအချင်းချင်း ပြန်လည်သတင်းမျှဝေနိုင်ရေးအတွက် ယခုမူဝါဒတွင် ဖော်ပြထားသည့် အကျိုးကျေးဇူးရှိစေခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်စေလိုပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ သတင်းအချက်အလက်များ စီမံခန့်ခွဲမှုစနစ် (AIMS) ကို အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ပြီး အစီရင်ခံစာများကို ယင်းစနစ်တွင် စုစည်းဖော်ပြသွားမည်ဖြစ်သည်။(အခန်း၄.၅)

## ၃.၁. နိုင်ငံအချင်းချင်းမိတ်ဖက်အဖွဲ့များနှင့် နိုင်ငံအချင်းချင်းဖွံ့ဖြိုးမှုဆိုင်ရာအဖွဲ့အစည်းများ (Bilateral Partners and Bilateral Development Institutions)

မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းမိတ်ဖက်နိုင်ငံများအပါအဝင် နိုင်ငံအချင်းချင်း ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့များနှင့်လည်း ခိုင်မာသောဆက်ဆံရေးများ တည်ဆောက်သွားမည် ဖြစ်ပါသည်။ယင်းသို့

ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအချင်းချင်းဆက်ဆံရေးကို ပိုမိုကျယ်ပြန့်စေမည် ဖြစ်သည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အနီးကပ် ပူးပေါင်းကာ ဖွံ့ဖြိုးမှုမိတ်ဖက်သစ်များနှင့် အကူအညီရင်းမြစ်အသစ်များကို ဆက်လက်ဖော်ထုတ်သွားမည်ဖြစ်သည်။

## ၃.၂. နိုင်ငံတကာမိတ်ဖက်အဖွဲ့များနှင့် ငွေကြေးဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်းများ (Multilateral Partners and International Financial Institutions)

နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်များနှင့် နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖွံ့ဖြိုးမှုရလဒ်များ ဆောင်ကြဉ်းနိုင်သည့် ကြီးမားသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းများကို အထောက်အပံ့ ပေးနိုင်ကြောင်း မြန်မာနိုင်ငံအနေဖြင့် အသိအမှတ်ပြုသကဲ့သို့ ၎င်းတို့နှင့် ခိုင်မာသော ဆက်ဆံရေးများ တည်ဆောက်သွားရန်လည်း ဆန္ဒရှိပါသည်။ နိုင်ငံတကာဖွံ့ဖြိုးမှု အကူအညီများ၏ ယေဘုယျအားဖြင့် အနှောင်အဖွဲ့ကင်းသော သဘောသဘာဝ၊ ပုဂ္ဂလိကကဏ္ဍ နှင့် ငွေကြေးပူးပေါင်း ထောက်ပံ့နိုင်မှု၊ အဖွဲ့ဝင်များ ပါဝင်မှု အတိုင်းအတာ စသည်တို့ကို မြန်မာအစိုးရအနေဖြင့် အလေးပေး ထောက်ခံပါသည်။

## ၃.၃. ကုလသမဂ္ဂဌာနေအဖွဲ့ (The United Nations Country Team-UNCT)

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သည် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးချိန် ၁၉၄၈ ခုနှစ်ကတည်းက လက်တွဲခဲ့သော မိတ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကုလသမဂ္ဂဌာနေအဖွဲ့ (UNCT) တွင် အေဂျင်စီများ၊ ရန်ပုံငွေများနှင့် အစီအစဉ်များ ကျယ်ပြန့်စုံလင်စွာ ပါရှိပါသည်။ ၂၀၁၇ ခုနှစ်မှ စတင်၍ မြန်မာအစိုးရနှင့် UNCT တို့ ပူးပေါင်းကာ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂလုပ်ငန်းများအတွက် လမ်းညွှန်အဖြစ် ကုလသမဂ္ဂ၏ ဖွံ့ဖြိုးမှုအကူအညီများဆိုင်ရာမူဘောင်(United Nations Development Assistance Framework-UNDAF) ကိုရေးဆွဲခဲ့ပါသည်။ UNDAF ကို ‘5Ps’ (People, Planet, Prosperity, Peace and Partnerships) ဟူသော အချက် (၅) ချက်အပေါ် အခြေခံကာ ရေးဆွဲထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ ၂၀၃၀ လုပ်ငန်းစဉ်(2030 Agenda) နှင့် SDGs ရည်မှန်းချက်များ ပြည့်မီရေးကို အထောက်အကူပြုသွားမည်ဖြစ်သည်။

မြန်မာအစိုးရအနေဖြင့် UNCT နှင့် နှစ်စဉ် တရားဝင် ဆွေးနွေးပွဲများ ကျင်းပကာ တိုးတက်မှုအခြေအနေများ ဆန်းစစ်ခြင်းနှင့် ပြင်ဆင်ရမည့် ကိစ္စရပ်များကို သတ်မှတ်ဖော်ထုတ်ပြီး UNDAF မူဘောင် အကောင်အထည်ဖော်ခြင်းကို လမ်းညွှန်ပေးသွားမည် ဖြစ်သည်။

## ၃.၄. အရပ်ဖက်အဖွဲ့အစည်းများ (Civil Society Organization)

### ၃.၄.၁ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ (International Non-Governmental Organisations-INGOs)

မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် INGOs များသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်ကြောင်း နိုင်ငံတော်အစိုးရမှ အသိအမှတ်ပြုပါသည်။ ထို့ကြောင့် INGOs များ အနေဖြင့် ၎င်းတို့၏ လုပ်ငန်းစဉ်များကို အမျိုးသားအဆင့် နှင့် ပြည်နယ်/ တိုင်းဒေသကြီး အလိုက် ဦးစားပေး ဖွံ့ဖြိုးရေးကဏ္ဍများ နှင့် အတတ်နိုင်ဆုံး ကိုက်ညီစွာ ချမှတ်ဆောင်ရွက်ရန် အရေးကြီးပါသည်။

အထက်ပါရည်ရွယ်ချက်ကို တိုးမြှင့် အကောင်အထည်ဖော်ရန်အတွက် INGOs များ အနေဖြင့် အမျိုးသားအဆင့်နှင့် ပြည်နယ်/ တိုင်းဒေသကြီးအဆင့် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ ဆွေးနွေးပွဲများနှင့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများတွင် ပါဝင်ခြင်း၊ ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ (SCGs) နှင့် အခြား ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များတွင် ကိုယ်စားလှယ်များ ထည့်သွင်းပါဝင်စေခြင်းတို့ ဆောင်ရွက်ရန် တိုက်တွန်းပါသည်။

INGOs များ အနေဖြင့် အစိုးရထံတွင် မှတ်ပုံတင်ပြီး တစ်ခု (သို့) တစ်ခုထက် ပိုသော မိတ်ဖက်အစိုးရဌာန အဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာရေးထိုးခြင်းဖြင့် ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှုကို တရားဝင်ဖြစ်အောင် ပြုလုပ်ရမည်ဖြစ်ပါသည်။ INGOs တစ်ခုချင်းစီ၏ မြန်မာနိုင်ငံအတွက် ချမှတ်ထားသော ဦးစားပေးများနှင့် လုပ်ငန်း ဆောင်ရွက်မည့် နည်းလမ်းများပါဝင်သည့် မဟာဗျူဟာအစီအစဉ်များကို မြန်မာအစိုးရမှ အပြည့်အဝ သိရှိနားလည်နိုင်အောင် တင်ပြသွားရန်လည်း တိုက်တွန်းလိုပါသည်။

INGO Forum သည် INGOs ကိုယ်စားပြုအဖွဲ့ဖြစ်သည့်အလျောက် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးဆိုင်ရာစိန်ခေါ်မှုများ၊ အခွင့်အလမ်းများအကြောင်းကို ယုံကြည်မှုကို အခြေခံကာ ပွင့်လင်းမြင်သာမှုရှိရှိ ဆွေးနွေးနိုင်သည့်အတွက် DACU အနေဖြင့် INGO Forum နှင့် ထိတွေ့ဆက်ဆံသွားမည် ဖြစ်သည်။

### ၃.၄.၂ ပြည်တွင်း အရပ်ဖက်လူမှုအဖွဲ့အစည်း (Domestic Civil Society Organisations)

ပြည်တွင်းအရပ်ဖက်အဖွဲ့အစည်း (CSO) များသည်လည်း မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း အသိအမှတ်ပြုပါသည်။ များပြားလှသည့် CSO များသည် မြန်မာလူမှုအဖွဲ့အစည်းများနှင့် အားနည်းထိရှလွယ်သည့် ပြည်သူ လူထု

များအား ထောက်ပံ့ပေးနိုင်ပါသည်။ ထို့ကြောင့် အစိုးရဌာန အဖွဲ့အစည်းများနှင့် CSO များအနေဖြင့် တူညီသည့် ပန်းတိုင်တစ်ခုသို့ လျှောက်လှမ်းနေသော မိတ်ဖက်များအဖြစ် အတူတကွ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

DAP ၏ နယ်ပယ်အတိုင်းအတာမှာ နိုင်ငံတကာ ဖွံ့ဖြိုးမှုမိတ်ဖက်များအတွက် အဓိက ထားခြင်းဖြစ်သော်လည်း မြန်မာနိုင်ငံ၏ CSOများအနေဖြင့် အမျိုးသားအဆင့်၊ ပြည်နယ်/ တိုင်းဒေသကြီးအဆင့်နှင့် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေး ဦးစားပေးများနှင့် အတတ်နိုင်ဆုံး ကိုက်ညီဆောင်ရွက်ရန် တိုက်တွန်းလိုပါသည်။ သို့မှသာ ကွဲပြားမှုများ၊ထပ်တူညီမှု များနှင့် supply-driven ဆန်သော အကူအညီပေးအပ်မှုပုံစံများကို ရှောင်ရှားနိုင်ပြီး အကျိုး အထိရောက်ဆုံး ရရှိစေမည် ဖြစ်ပါသည်။ တစ်ချိန်တည်းတွင်လည်း လွတ်လပ်သော ဖွံ့ဖြိုးမှုအဖွဲ့အစည်းများဟူသည့် တန်ဖိုးရှိလှသော ဂုဏ်ဒြပ်ကို ဆက်လက်ထိန်းသိမ်းထား ကြရန် တိုက်တွန်းလိုပါသည်။

မြန်မာနိုင်ငံရှိ CSO များ၏ ရန်ပုံငွေပမာဏနှင့်အရင်းအမြစ်များ၊ အကောင်အထည်ဖော် ဆောင်ရွက်နေသော ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ရရှိလာသောရလဒ်များကို ပွင့်လင်းမြင်သာ မှုဆိုင်ရာ အခြေခံသဘောတရားများနှင့်အညီ တင်ပြသွားကြရန်လည်း တိုက်တွန်းလိုပါ သည်။

အသင်းအဖွဲ့မှတ်ပုံတင်ထားသည့် CSO များသည် ၂၀၁၄ ခုနှစ် အသင်းအဖွဲ့များ မှတ်ပုံ တင်ခြင်းဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် CSO များကို အမျိုးသားအဆင့်နှင့် ပြည်နယ်/ တိုင်း ဒေသကြီးအဆင့် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ ဆွေးနွေးပွဲများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တွင်ပါဝင်ခြင်း၊ ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ (SCGs) နှင့် အခြား ပေါင်းစပ် ညှိနှိုင်းရေးအဖွဲ့များတွင် ကိုယ်စားလှယ်များ ထည့်သွင်း ပါဝင်စေခြင်းတို့ ဆောင်ရွက်ရန် တိုက်တွန်းလိုပါသည်။

DACU အနေဖြင့် ထိရောက်သော ဖွံ့ဖြိုးမှုအတွက် CSO များ အကြား ပူးပေါင်း ဆောင်ရွက်မှုနှင့် CSO ပေါင်းစည်းအဖွဲ့များနှင့် ပုံမှန်ထိတွေ့ဆက်ဆံပြီး မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှုနှင့် အခွင့်အလမ်းများ အကြောင်း အပြုသဘောဆောင်သည့် ဆွေးနွေးမှုများ ပြုလုပ်သွားမည် ဖြစ်ပါသည်။

### ၃.၄.၃. နိုင်ငံတကာ ပရဟိတအလှူရှင်အဖွဲ့အစည်းများနှင့် ဖောင်ဒေးရှင်းများ (International Philanthropic Organisations and Global Foundations)

နိုင်ငံတကာပရဟိတအလှူရှင်အဖွဲ့အစည်းများနှင့်ဖောင်ဒေးရှင်းများအနေဖြင့် အမျိုးသား အဆင့်နှင့် ပြည်နယ်/တိုင်းဒေသအဆင့် ဆွေးနွေးပွဲများ၊ SCG များတွင် ကိုယ်စားပြု ပါဝင်ခြင်းများဖြင့် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးမှုဦးစားပေးများအား အထောက်အကူပြုနိုင်သလို ၎င်းတို့နှင့် မြန်မာနိုင်ငံအကြား ဆက်ဆံရေးကိုလည်း ပိုမိုခိုင်မာအောင် ပြုလုပ်သွားမည် ဖြစ်ပါသည်။

မြန်မာအစိုးရအနေဖြင့် ပရဟိတ အလှူရှင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း လမ်းညွှန် (Guidelines for Effective Philanthropic Engagement) အား ဆက်လက် အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။[၄]

ပွင့်လင်းမြင်သာမှုရှိစေရေးဆိုင်ရာ စည်းမျဉ်းများနှင့်အညီ နိုင်ငံတကာပရဟိတအလှူရှင် အဖွဲ့အစည်းများနှင့် ဖောင်ဒေးရှင်းများသည် ၎င်းတို့၏ဖွံ့ဖြိုးမှုအကူအညီများနှင့် ငွေကြေး အရင်းအမြစ်များ၊ အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ရလဒ်များကို အသေးစိတ် အစီရင်ခံရမည် ဖြစ်သည်။ ထို့အပြင် အဖွဲ့အလိုက် ချမှတ်ထားသော ဦးစားပေးလုပ်ငန်း များနှင့် မဟာဗျူဟာ အစီအစဉ်များကိုလည်း သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းများအား ပုံမှန်တင်ပြသွားရန် တိုက်တွန်းလိုသည်။

## ၃.၅ ဖွံ့ဖြိုးဆဲနိုင်ငံအချင်းချင်း၊ သုံးပွင့်ဆိုင်နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ (South-South, triangular and regional partnerships)

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ရာတွင် တိုးတက်ဖွံ့ဖြိုးလာသော ဒေသတွင်းမိတ်ဖက်များ၏ အကူအညီများကိုလည်း ကြိုဆိုလက်ခံပါသည်။ ပြုလွယ်ပြင် လွယ်ပြီး ကုန်ကျစရိတ် သက်သာ၍ ဆန်းသစ်သည့်နည်းလမ်းများ အသုံးပြုကာ ဖွံ့ဖြိုးဆဲ နိုင်ငံအချင်းချင်း၊ သုံးပွင့်ဆိုင်နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများမှ အကူအညီများ လည်း ရရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံအချင်းချင်း၊ သုံးပွင့်ဆိုင်နှင့် ဒေသတွင်းပူးပေါင်း ဆောင်ရွက်မှုများကို ပိုမို အားကောင်းအောင် ပြုလုပ်သွားမည် ဖြစ်ပြီး ထိုပူးပေါင်း

[၄] နောက်ဆက်တွဲ(၃)တွင်ကြည့်ရန်

ဆောင်ရွက်မှုများသည် သမားရိုးကျ ဖွံ့ဖြိုးမှုအကူအညီပုံစံများ အမြဲတမ်းမဟုတ်နိုင်ကြောင်းကိုလည်း အသိအမှတ်ပြု နားလည်ထားပါသည်။

ဇယား(၇) ပုဂ္ဂလိကကဏ္ဍ

| |
|---|
| ပုဂ္ဂလိကကဏ္ဍသည် တက်ကြွဆန်းသစ်၍ ယှဉ်ပြိုင်နိုင်စွမ်းရှိမှုဖြင့် မြန်မာနိုင်ငံ၏ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရေးနှင့် စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုမိတ်ဖက်များအနေဖြင့် ပုဂ္ဂလိကကဏ္ဍ၏ ကုန်ကျစရိတ်သက်သာခြင်း၊ အကျိုးရလဒ်ရှိခြင်း၊ မြင့်မားသည့် ဖွံ့ဖြိုးမှုရလဒ်များရရှိနိုင်ခြင်း စသည့် စွမ်းရည်များကို အသိအမှတ်ပြုရမည်ဖြစ်သည်။<br><br>ထို့ကြောင့် ဖွံ့ဖြိုးမှုအကူအညီများပေးအပ်ရာတွင် မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးမူဘောင်နှင့် လုပ်ငန်းအစီအစဉ်များနှင့် ကိုက်ညီစွာ မြန်မာ့ ပုဂ္ဂလိကကဏ္ဍ အထူးသဖြင့် မိုက်ခရို၊ အသေးစား နှင့် အလတ်စားလုပ်ငန်းများ(MSME) တိုးတက်လာစေရေး အတွက် ဖြစ်နိုင်သရွေ့ အထောက်အပံ့ ပေးရမည်ဖြစ်ပါသည်။<br><br>ထို့အပြင် PID များ အနေဖြင့် ပြည်တွင်းဝယ်ယူဖြည့်တင်းမှုလုပ်ငန်းများနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ရာတွင် ပုဂ္ဂလိကကဏ္ဍနှင့် အတူတကွပူးပေါင်းဆောင်ရွက်ခြင်းကို အတတ်နိုင်ဆုံး ဦးစားပေး ပြုလုပ်သင့်ပါသည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် MSME များ ဖွံ့ဖြိုးလာရန် အားပေးရာရောက်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ပြည်တွင်းစီးပွားရေးကဏ္ဍတွင် ဆင့်ကဲဖြစ်ထွန်းမှုများဖြင့် ဖွံ့ဖြိုးမှုအကူအညီများ၏ အကျိုးကို ရေရှည်တည်မြဲစေမည် ဖြစ်ပါသည်။<br>ပုဂ္ဂလိကကဏ္ဍအနေဖြင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)မှတဆင့် အမျိုးသားအဆင့်နှင့် ပြည်နယ်/ တိုင်းဒေသကြီးအဆင့် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာဆွေးနွေးပွဲများ နှင့် ပူးပေါင်း ဆောင်ရွက်မှုများတွင် ပါဝင်ခြင်း၊ ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ - SCGs နှင့် အခြားပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များတွင် ကိုယ်စားလှယ်များထည့်သွင်း ပါဝင်စေခြင်းတို့ကို ဆောင်ရွက်ရန် တိုက်တွန်းလိုပါသည်။ သို့မှသာ ပုဂ္ဂလိကကဏ္ဍ၏ အရေးပါသော အမြင်များကို နိုင်ငံတော်အစိုးရမှ နားလည်သိရှိနိုင်မည်ဖြစ်ပါသည်။ |

## ၃.၆. ကမ္ဘာလုံးဆိုင်ရာ ထိရောက်သော ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ခြင်း

## (The Global Partnership for Effective Development Cooperation-GPEDC)

မြန်မာနိုင်ငံအနေဖြင့် GPEDC တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းကို လည်းကောင်း၊ ပဲရစ်ကြေ်ငြာစာတမ်း(Paris Declaration on Aid Effectiveness 2005) တွင် လက်မှတ်ရေးထိုးထားသော နိုင်ငံ တစ်နိုင်ငံ ဖြစ်ခြင်းကိုလည်းကောင်း၊ အခြားဖွံ့ဖြိုးမှုဆိုင်ရာ သဘောတူညီမှုများ ရယူထားခြင်းတို့အပေါ်တွင်လည်းကောင်း ထပ်လောင်းအတည်ပြုအပ်ပါသည်။

ဖော်ပြပါ သဘောတူညီမှုများအောက်ရှိ ကတိကဝတ်များကို အကောင်အထည်ဖော်ရန် မြန်မာနိုင်ငံအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် GPEDC စောင့်ကြည့် ညွှန်းကိန်းများတွင် ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်သွားမည်ဖြစ်ပြီး GPEDC စည်းမျဉ်းများအရ မြန်မာနိုင်ငံနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ကိုယ်စီတာဝန်ခံယူမှုကို အသိအမှတ်ပြုပါသည်။ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များ(PID)မှ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်နေသော လုပ်ငန်းများကိုလည်း သက်ဆိုင်ရာ GPEDC ကတိကဝတ်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါသည်။

## ၃.၇. နိုင်ငံတကာအကူအညီများပွင့်လင်းမြင်သာမှုရှိရေးအစီအစဉ်

## (The International Aid Transparency Initiative-IATI)

မြန်မာနိုင်ငံသည် နိုင်ငံတကာ အကူအညီများ ပွင့်လင်းမြင်သာမှုရှိရေး အစီအစဉ်(IATI) ၏ အဖွဲ့ဝင်ဖြစ်မှုကို ထပ်လောင်းအတည်ပြုပါသည်။

မြန်မာနိုင်ငံသို့ပေးအပ်လာသော ဖွံ့ဖြိုးမှုအကူအညီများသည် ပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်းနှင့် နိုင်ငံတကာမှ အကျိုးသက်ဆိုင်သူများ၏ သတင်းအချက်အလက်လိုအပ်မှုများကို ဖြည့်ဆည်းပေးနိုင်ကာ IATI မှသတ်မှတ်ထားသော စံချိန်စံနှုန်းများနှင့် ကိုက်ညီမှုရှိကြောင်း သေချာစေရန် PID အားလုံး၏အဖွဲ့အစည်းပုံစံများ၊ မူဝါဒများနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်များကို Nairobi Outcome Document (2016) နှင့် Busan Partnership for Effective Cooperation (2011) တို့တွင် ပါဝင်သော ကတိကဝတ်များနှင့် ပွင့်လင်းမြင်သာမှု အခြေခံသဘောတရားများနှင့်အညီ လိုအပ်သလို ပြောင်းလဲပြင်ဆင်သွားရန် မြန်မာနိုင်ငံအနေဖြင့် တိုက်တွန်းလိုပါသည်။

# ၄. ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး

## ၄.၁ အစိုးရအဖွဲ့အစည်းများ

### ၄.၁.၁ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် စီးပွားရေးရာကော်မတီ

#### ၄.၁.၁.၁ ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ

စီးပွားရေးရာကော်မတီသည် စီးပွားရေးနှင့် သက်ဆိုင်သော ကိစ္စရပ်များကို လေ့လာဆန်းစစ်သည့် အစိုးရအဖွဲ့၏ကော်မတီခွဲတစ်ရပ်ဖြစ်သည်။ ကော်မတီအစည်းအဝေးကို နှစ်ပတ်တစ်ကြိမ်ကျင်းပပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ စီးပွားရေးရာကော်မတီသည် ဖွံ့ဖြိုးမှုအကူအညီများနှင့်စပ်လျဉ်း၍ -

- အမေရိကန်ဒေါ်လာ (၁)သန်းနှင့် အထက် ဖွံ့ဖြိုးမှုအကူအညီ ရယူသုံးစွဲသည့် အဆိုပြုလွှာများကို ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ အစိုးရအဖွဲ့အစည်းများကို နိုင်ငံတော် အစိုးရကိုယ်စား ထောက်ပံ့ငွေဆိုင်ရာ သဘောတူစာချုပ်များ၊ အကူအညီပေးရေးဆိုင်ရာ သဘာတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများနှင့် အလားတူ သဘောတူစာချုပ်များတွင် လက်မှတ်ရေးထိုးရန် လုပ်ပိုင်ခွင့်အပ်နှင်းခြင်း၊
- အတိုးနှုန်းသက်သာသည့် ချေးငွေများ အသုံးပြုမှုဆိုင်ရာ အဆိုပြုလွှာများ တင်ပြပေးခြင်း
- ဖွံ့ဖြိုးမှုအကူအညီနှင့် သက်ဆိုင်သောကိစ္စရပ်များတွင် စီးပွားရေးရာကော်မတီ အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏လမ်းညွှန်မှုနှင့် ခွင့်ပြုချက်ရယူရန် လိုအပ်သည်ဟု ယူဆသောကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြပေးခြင်း။

#### ၄.၁.၁.၂ ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုအစိုးရအဖွဲ့သည် အုပ်ချုပ်မှုဆိုင်ရာအမြင့်ဆုံး ဆုံးဖြတ်ချက်ချမှတ်သည့် အဖွဲ့အစည်းဖြစ်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဖွံ့ဖြိုးမှုအကူအညီများနှင့်စပ်လျဉ်း၍ -

- စီးပွားရေးရာကော်မတီမှ တင်ပြလာသော ဖွံ့ဖြိုးမှုအကူအညီ ရယူသုံးစွဲမှုဆိုင်ရာ အဆိုပြုလွှာများကို ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း၊
- နိုင်ငံတော်သမ္မတရုံးသို့ ဆက်လက်တင်ပြရမည့် အတိုးနှုန်းသက်သာသည့် ချေးငွေများ အသုံးပြုမှုဆိုင်ရာ အဆိုပြုလွှာများကို ခွင့်ပြုပေးခြင်း။

### ၄.၁.၂ နိုင်ငံတော်သမ္မတရုံး

နိုင်ငံတော်သမ္မတရုံးသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဖွံ့ဖြိုးမှုအကူအညီများနှင့် စပ်လျဉ်း၍ -

- အတိုးနှုန်းသက်သာသည့် ချေးငွေများ အသုံးပြုမှုဆိုင်ရာ အဆိုပြုလွှာများကို လွှတ်တော်သို့ တရားဝင် ဆက်လက်တင်ပြခြင်း၊
- လွှတ်တော်မှ ခွင့်ပြုပြီးသော အတိုးနှုန်းသက်သာသည့် ချေးငွေများ အသုံးပြုမှုဆိုင်ရာ အဆိုပြုလွှာများကို ဆက်လက်ခွင့်ပြုပေးခြင်း၊

### ၄.၁.၃ လွှတ်တော်

ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတကာသဘောတူစာချုပ်များကိုအတည်ပြုခြင်းသည် လွှတ်တော်၏ သီးသန့် လုပ်ပိုင်ခွင့်တစ်ရပ် ဖြစ်သည်။ အတိုးနှုန်းသက်သာသော ချေးငွေများရယူရာတွင် လွှတ်တော်၏ခွင့်ပြုချက်လိုအပ်ပါသည်။

### ၄.၁.၄ ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့

မြန်မာနိုင်ငံအတွက် ပေးအပ်လာသော ဖွံ့ဖြိုးမှုအကူအညီများကို အသုံးပြုရာတွင် ထိရောက်မှုရှိစေရေး၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ညှိနှိုင်းဆောင်ရွက်ရေး၊ နိုင်ငံတော်မှ ပိုင်ဆိုင်မှုရှိအောင် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့ (DACU) ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ နိုင်ငံတကာမှ လက်ခံထားသော ထိရောက်သော ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ အခြေခံမူဖြစ်သည့် ဖွံ့ဖြိုးမှုအကူအညီနှင့် စပ်လျဉ်း၍ အိမ်ရှင်မြန်မာနိုင်ငံမှ ပိုင်ဆိုင်မှုရှိရှိ ဦးဆောင်လမ်းညွှန်မှု ပေးရမည်ဟူသည့် သဘောတရားအပေါ် အခြေခံကာ ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။

ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပါသည် -

- ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်
- ဦးကျော်ဝင်း၊ ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
- ဦးဆက်အောင်၊ ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
- ဦးမင်းရဲပိုင်ဟိန်း၊ အမှုဆောင်ဒါရိုက်တာ၊ မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း
- ဦးထွန်းထွန်းနိုင်၊ အမြဲတမ်းအတွင်းဝန်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့မှ အဖွဲ့ဝင်များ ပုံမှန်တွေ့ဆုံပြီး ဖွံ့ဖြိုးမှုအကူအညီနှင့် သက်ဆိုင်သည့် ကိစ္စရပ်များအား လေ့လာသုံးသပ်ခြင်း၊ အဖွဲ့၏အမြင်နှင့် လေ့လာသုံးသပ်ချက်များကို

စီးပွားရေးရာကော်မတီသို့ တင်ပြဆောင်ရွက်ပါသည်။ ဖွံ့ဖြိုးမှု အကူအညီများ ညှိနှိုင်းရေးအဖွဲ့သည် အခြားသော အစိုးရအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား ထိရောက်သော ဆက်ဆံရေးများ ဖော်ဆောင်ရာတွင် အနီးကပ် ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနသည် ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့၏ အတွင်းရေးမှူးရုံးအဖွဲ့အဖြစ် ဆောင်ရွက်ပါသည်။

DACU သည် တစ်နိုင်ငံချင်းနှင့် နိုင်ငံတကာမိတ်ဖက်များ၏ ဖွံ့ဖြိုးရေးအစီအစဉ်များကို သက်ဆိုင်ရာ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်း၍လည်းကောင်း၊ DACU သီးသန့်အနေဖြင့်လည်းကောင်း ပုံမှန်သုံးသပ်ခြင်းများ ပြုလုပ်မည် ဖြစ်ပါသည်။ ထိုသို့ပြုလုပ်ရာတွင် အဖွဲ့များ၏ ယေဘုယျ တိုးတက်မှု အခြေအနေများကို အကဲဖြတ်ခြင်း၊ မဟာဗျူဟာများကို သုံးသပ်ခြင်း၊ အထူးအလေးထားဆောင်ရွက်ရမည့်ကိစ္စများကို ဆွေးနွေးခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် နိုင်ငံ၏စနစ်များ ခိုင်မာလာစေရေးတို့တွင် ဖွံ့ဖြိုးမှုမိတ်ဖက်များထံမှ ထောက်ပံ့ပေးနေမှုများကို အကဲဖြတ်ခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဖွံ့ဖြိုးမှုရလဒ်များ ပိုမိုကျယ်ပြန့်လာစေရန် DACU သည် ဖွံ့ဖြိုးမှုနှင့် ဘဏ္ဍာငွေထောက်ပံ့မှုဆိုင်ရာ ဦးစားပေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ပူးပေါင်းဆောင်ရွက်မှုများကို လေ့လာသုံးသပ်မည် ဖြစ်ပါသည်။

မြန်မာအစိုးရသည် Joint Country Portfolio Review (JCPR) ကဲ့သို့သော နိုင်ငံပေါင်းစုံမှ မိတ်ဖက်များနှင့် IFIs များ ပါဝင်သည့် ပူးတွဲလေ့လာဆန်းစစ်မှု နည်းလမ်းများ အသုံးပြုခြင်း ပိုမိုကျယ်ပြန့်လာစေရန် ဆောင်ရွက်မည်ဖြစ်ပါသည်။

| |
|---|
| မှတ်ချက်။ အစိုးရအဖွဲ့အစည်းများသည် ဖွံ့ဖြိုးမှုအကူအညီဖြင့် ဆောင်ရွက်သည့် စီမံချက်များ အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ အပါအဝင် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ DACU နှင့် ဆွေးနွေးညှိနှိုင်းမည် ဖြစ်ပါသည်။ |

### ၄.၁.၅ နိုင်ငံခြားရေးဝန်ကြီးဌာန

ဖွံ့ဖြိုးမှုအကူအညီများ ပေးအပ်လိုသော ဖွံ့ဖြိုးမှုမိတ်ဖက်အသစ်များ အနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ သံတမန်လမ်းကြောင်းကို အသုံးပြု၍ မြန်မာနိုင်ငံအစိုးရနှင့် ဆက်သွယ်နိုင်ပါသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့သည် အလားအလာရှိသော ဖွံ့ဖြိုးမှုမိတ်ဖက်များကို စေ့စပ်ညှိနှိုင်းရန်နှင့် သတ်မှတ်ဖော်ထုတ်ရန် အတူတကွ ဆောင်ရွက်မည်ဖြစ်သည်။

### ၄.၁.၆ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးဆိုင်ရာ မူဝါဒများကို စီမံခန့်ခွဲခြင်း၊ အမျိုးသားစီမံကိန်း လုပ်ငန်းစဉ်များကို ကြီးကြပ်ခြင်း ၊ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးမှု အကူအညီများနှင့် စပ်လျဉ်းသည့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဈေးစပ်ညှိနှိုင်းခြင်း၊ ခွင့်ပြုချက် ပေးခြင်း နှင့် အကောင်အထည်ဖော်ခြင်းကိစ္စများ အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပါသည်။

### ၄.၁.၆.၁ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အောက်ရှိ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနသည် မြန်မာအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား ဖွံ့ဖြိုးမှုအကူအညီနှင့် ပတ်သက်သော ကိစ္စရပ်များ ဆောင်ရွက်ရာတွင် အဓိကပေါင်းကူး ဆက်သွယ်ပေးသောဌာန ဖြစ်သည်။ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာနသည် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့နှင့် စီးပွားရေးရာကော်မတီ နှစ်ခုလုံး၏ အတွင်းရေးမှူးရုံးလုပ်ငန်းအဖွဲ့ အဖြစ်လည်း ဆောင်ရွက်ပါသည်။ ဖွံ့ဖြိုးမှုအကူအညီ များ၏ ထိရောက်မှုကို ပုံမှန်အကဲဖြတ်မှု ဆောင်ရွက်ခြင်း၊ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ သတင်း အချက်အလက်များ ကောက်ယူဆန်းစစ်ခြင်းနှင့် Aid Information Management System-AIMS စနစ်အား တာဝန်ယူဆောင်ရွက်ပေးခြင်းများကိုလည်း ဆောင်ရွက်ပါသည်။ ထို့အပြင် UNCT အောက်ရှိ UN အေဂျင်စီများ၊ ရန်ပုံငွေများ၊ အစီအစဉ်များနှင့် ညှိနှိုင်းဆောင်ရွက်ရန် တာဝန်ရှိပါသည်။

### ၄.၁.၆.၂ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနသည် Recurrent Budget နှင့် Budget Execution ရေးဆွဲခြင်းတို့ကို ဆောင်ရွက်ပါသည်။ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနသည် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီး ဌာနတို့နှင့် နီးကပ်စွာ ပူးပေါင်း၍ မြန်မာနိုင်ငံ၏ နှစ်စဉ်နှင့် ကာလရှည်စီမံကိန်းများ ရေးဆွဲရာ တွင် ဖွံ့ဖြိုးမှုအကူအညီများကိုပါ ထည့်သွင်းရေးဆွဲရေး ဆောင်ရွက်ပါသည်။

### ၄.၁.၆.၃ ငွေတိုက်ဦးစီးဌာန

စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနအောက်ရှိ ငွေတိုက်ဦးစီးဌာနသည် ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှု နှင့် သက်ဆိုင်သည့်မူဝါဒများ၊ ဘဏ္ဍာရေးဆိုင်ရာ လိုအပ်ချက်အသစ်များ ဆန်းစစ်ခြင်း (အတိုး နှုန်း သက်သာသောချေးငွေနှင့်စပ်လျဉ်းသည့် ညှိနှိုင်းရေးအဖွဲ့နှင့်အတူ)အတိုးနှုန်း သက်သာသော

ဈေးငွေမှ လိုက်နာရန် အချက်များကို သုံးသပ်ခြင်း နှင့် မြန်မာနိုင်ငံ၏ အတိုးနှုန်း သက်သာသော ဈေးငွေ အစီအစဉ်များကို စောင့်ကြပ်ကြည့်ရှုခြင်းတို့ကို ပြုလုပ်ပါသည်။ ငွေတိုက်ဦးစီးဌာနသည် အတိုးနှုန်းသက်သာသော ဈေးငွေများကို ပမာဏမည်မျှ ဈေးယူနိုင်သည်ဟု သတ်မှတ်နိုင်သည့် ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုမဟာဗျူဟာကို ပုံမှန်ပြုပြင် ရေးဆွဲမှုကိုလည်း ဆောင်ရွက်ပါသည်။

### ၄.၁.၆.၄ စီမံကိန်းရေးဆွဲရေးဦးစီးဌာန

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အောက်ရှိ စီမံကိန်းရေးဆွဲရေးဦးစီးဌာနသည် ကဏ္ဍအလိုက် စီမံကိန်းများ ရေးဆွဲရန် အစိုးရအဖွဲ့အစည်းများ နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် စီမံကိန်းများရေးဆွဲရန် ပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပါသည်။ ထို့အပြင် စီမံကိန်းရေးဆွဲရေးဦးစီးဌာနသည် နိုင်ငံတော်၏ နှစ်စဉ်ရင်းနှီးမြှုပ်နှံမှု အစီအစဉ်ရေးဆွဲခြင်းကို (ငွေလုံးငွေရင်းဘတ်ဂျက်ဖြင့်) ကြီးကြပ်ခြင်းနှင့် နိုင်ငံတော်သမ္မတမှ ဦးဆောင်သည့် စီမံကိန်းကော်မရှင်၏ လုပ်ငန်းများအား ပံ့ပိုးကူညီပေးခြင်းတို့လည်း ဆောင်ရွက်ပါသည်။

### ၄.၁.၇ စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အောက်ရှိ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာနသည် အမေရိကန်ဒေါ်လာ ၅ သန်း နှင့် အထက်ရှိသည့် အစိုးရမှ ဆောင်ရွက်သည့် စီမံချက်များနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုနှင့် ဆောင်ရွက်သည့် စီမံချက်များအား စိစစ်ခြင်း၊ စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်ပါသည်။ ထို့အပြင် အစိုးရအဖွဲ့အစည်းများအား မူဝါဒနှင့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် စိစစ်ချက်များကိုလည်း ပံ့ပိုးပေးပါသည်။

ဖွံ့ဖြိုးမှုအကူအညီများနှင့်စပ်လျဉ်း၍ -

- စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာနသည် မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်းနှင့်ပူးပေါင်း၍ အစိုးရအဖွဲ့အစည်းများနှင့် အခြားသော သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် ဘတ်ဂျတ်အတွင်း ထည့်သွင်းထားသော ဖွံ့ဖြိုးမှုအကူအညီ စီမံချက်များကို စောင့်ကြည့် လေ့လာဆန်းစစ်ခြင်းကို ဦးစီးဦးဆောင်ပြု ဆောင်ရွက်မည် ဖြစ်သည်။
- စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန နှင့် မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်းသည် ဘတ်ဂျတ်တွင် လျာထားမှုမရှိသော(off budget) ဖွံ့ဖြိုးမှုအကူအညီ စီမံချက်များကို

ပူးပေါင်း၍ ဦးစီးဦးဆောင်ပြု ဆောင်ရွက်ရာတွင် လိုအပ်ပါက DACU မှ ဆုံးဖြတ်ချက်များ ချမှတ်ပေးသွားမည် ဖြစ်ပါ သည်။

### ၄.၁.၈ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများ

ပြည်ထောင်စုဝန်ကြီးဌာနများသည် ဖွံ့ဖြိုးမှုအကူအညီများအား ထိရောက်မှုရှိစေပြီး မြန်မာနိုင်ငံနှင့် ကိုက်ညီမှုရှိစေရေး ဆောင်ရွက်ပြီး ၎င်းတို့၏ သက်ဆိုင်ရာကဏ္ဍ စီမံကိန်းများတွင်လည်း ပံ့ပိုးဆောင်ရွက်ပါသည်။ ထို့အပြင် ၎င်းတို့နှင့် သဘောတူညီချက် လက်မှတ်ရေးထိုးထားသည့် ဖွံ့ဖြိုးမှုအကူအညီစီမံချက်များအား အကောင်အထည်ဖော်ရာတွင်လည်း တာဝန်ရှိပါသည်။

### ၄.၁.၉ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များ

မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များသည် အစိုးရ၏လုပ်ငန်းဆောင်ရွက်မှုများ ပေးအပ်ရာတွင် အရေးပါသည့် အဖွဲ့အစည်းများ ဖြစ်ပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီး၏ ဖွံ့ဖြိုးမှုရည်မှန်းချက်များ ပြည့်မီစေရန် ဖွံ့ဖြိုးမှုမိတ်ဖက်များသည် အရေးပါသော အခန်းကဏ္ဍမှ အထောက်အကူပြုနိုင်ပါသည်။

တိုင်းဒေသကြီး၊ ပြည်နယ် ဖွံ့ဖြိုးမှု စီမံကိန်းများ၊ ဒေသ၏လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိသော ဖွံ့ဖြိုးမှုအကူအညီများ ဖြစ်စေရန် ဖွံ့ဖြိုးမှုမိတ်ဖက်များသည် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ နှင့် ညှိနှိုင်းဆောင်ရွက်သွားရန် တိုက်တွန်းလိုပါသည်။

တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အားလုံးသည် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ထိရောက်သော ပုံမှန်ဆက်ဆံမှုများ ပြုလုပ်နိုင်ရန် ဆက်သွယ်ဆောင်ရွက်ရမည့် အဆင့်မြင့်အရာရှိအဆင့် ပုဂ္ဂိုလ်တစ်ဦး သတ်မှတ်ပေးရန် တိုက်တွန်းပါသည်။

## ၄.၂ မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း

မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း(MDI)သည် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများကို အကောင်အထည်ဖော်ရာတွင် လက်တွေ့အကျိုးသက်ရောက်မှုရှိသည့် သုတေသနများ၊ ဆန်းစစ်ပိုင်းခြား သုံးသပ်ချက်များပြုလုပ်ခြင်းဖြင့် မြန်မာနိုင်ငံအစိုးရကို အထောက်အပံ့ပြု အားဖြည့်သွားမည့် စီးပွားရေးဆိုင်ရာ အကြံပေးအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ DACU မှ လိုအပ်ပါက ဖွံ့ဖြိုးမှု အကူအညီများစောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာ လုပ်ငန်းများကို DACU ကိုယ်စား စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနတို့နှင့် အတူ ဆောင်ရွက်ရန် မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းအား တာဝန်ပေးအပ်သွားမည် ဖြစ်ပါသည်။

### ၄.၃ ပူးပေါင်းဆောင်ရွက်မှု ဖွဲ့စည်းပုံ၊ စနစ်များနှင့် အစည်းအဝေးများ

#### ၄.၃.၁ ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ

ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (Development Assistance Coordination Unit - DACU) သည် နိုင်ငံတကာ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ ကိစ္စရပ်များအတွက် ညှိနှိုင်းခြင်း၊ ဖွံ့ဖြိုးမှုအကူအညီ ရယူခြင်းနှင့် အသုံးပြုခြင်းတို့ ဆောင်ရွက်ရာတွင် အားလုံးပါဝင်နိုင်ရေးနှင့် ထိရောက်စွာ ဆောင်ရွက်နိုင်ရေးကို ဦးတည်၍ ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Sector Coordination Groups-SCG) (၁၀) ဖွဲ့ကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်၍ ဖွဲ့စည်းခဲ့ပါသည်။

ဇယား (၈) မြန်မာနိုင်ငံ၏ ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ

| |
|---|
| စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့<br>ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ပညာရေးနှင့် အသက်မွေးဝမ်းကြောင်း ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့<br>ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန |
| လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့<br>ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့<br>ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| ကျန်းမာရေး ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့<br>ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန |
| အလုပ်အကိုင်ဖန်တီးပေးနိုင်မှု ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့<br>ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| မက်ခရိုစီးပွားရေးစီမံခန့်ခွဲမှု ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့<br>ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| အာဟာရပြည့်ဝမှု ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့<br>ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန |
| လူမှုကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်လျှော့ချမှု ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့<br>ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့
ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

ဤကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များသည် ကဏ္ဍများတွင် သိသာထင်ရှားသော ဖွံ့ဖြိုးမှု အကူအညီ ပမာဏများ ဝင်ရောက်လာစေရေးနှင့် အစိုးရ၏ ဖွံ့ဖြိုးမှုအကူအညီ ဦးစားပေးများ နှင့် ကိုက်ညီမှုရှိစေရေး ဆောင်ရွက်မည်ဖြစ်သည်။

ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များနှင့် အခြားသော သက်ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့များအနေဖြင့် လုပ်ငန်းများ ထိရောက်စွာ လုပ်ကိုင်လျက်ရှိကြောင်း သေချာစေရန် ဖွံ့ဖြိုးမှု အကူအညီများ ညှိနှိုင်းရေးအဖွဲ့မှ တာဝန်ယူ ဆောင်ရွက်သွားမည် ဖြစ်သည်။ ထိုသို့ ဆောင်ရွက် ရာတွင် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တွင် ပါဝင်သူများနှင့် ပုံမှန်တွေ့ဆုံပြီး နည်းဗျူဟာကျ ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် မူဝါဒပိုင်းဆိုင်ရာ ရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် တွေ့ကြုံ ရသည့် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို သုံးသပ်သွားမည် ဖြစ်သည်။

### ဇယား (၉) ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ လမ်းညွှန်ချက်များ

၁. မိတ်ဆက်

၁.၁ သတ်မှတ်ထားသည့် ကဏ္ဍများတွင် ရရှိလာသော ဖွံ့ဖြိုးမှုအကူအညီများကို ပိုမိုထိရောက်စွာ ပေါင်းစပ်ညှိနှိုင်း အသုံးပြုရန် ရည်ရွယ်၍ ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ (*Sector Coordination Groups*- SCGs) ကို ဖွဲ့စည်းခြင်းဖြစ်ပါသည်။

၁.၂ အောက်တွင် ဖော်ပြထားသည့် အကြောင်းအရာများသည် SCG များ လိုက်နာရမည့် အခြေခံ လုပ်ငန်းလမ်းညွှန်ချက်များ ဖြစ်ပါသည်။

၁.၃ ယခု လမ်းညွှန်ချက်များကို လိုက်နာခြင်းအပြင် SCG တိုင်းသည် မိမိတို့ ကဏ္ဍအလိုက် သီးခြားလိုအပ်ချက်များရှိသည့် အတိုင်း အထိရောက်ဆုံး ဖြည့်ဆည်းပေးနိုင်ရန်အတွက် လွတ်လပ်လွယ်ကူစွာ ဆောင်ရွက်နိုင်ပါသည်။

၂. တာဝန်ခံမှု

၂.၁ ပြည်ထောင်စုဝန်ကြီးတစ်ဦးကို ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဖွံ့ဖြိုးမှု အကူအညီများ ညှိနှိုင်းရေးအဖွဲ့(DACU)ဥက္ကဋ္ဌက ခန့်အပ်မည်ဖြစ်ပါသည်။ SCG များအနေနှင့် အခြေခံလမ်းညွှန်ချက်များအား လိုက်နာမှုနှင့် ထိရောက်စွာ ဆောင်ရွက်နိုင်မှု ရှိ-မရှိ ကို သက်ဆိုင်ရာအဖွဲ့ ဥက္ကဋ္ဌကDACUဥက္ကဋ္ဌထံ တာဝန်ခံတင်ပြရမည်ဖြစ်ပါသည်။

၂.၂ ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဥက္ကဋ္ဌသည် ၎င်း၏တာဝန်များအား အထောက်အကူပေးနိုင်ရန် ဒုတိယဝန်ကြီးတစ်ဦးကို အဖွဲ့၏ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်နိုင်သည်။

၂.၃ SCG များ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လမ်းညွှန်ချက်များအပေါ် လိုက်နာမှု အခြေအနေများကို DACU မှ စောင့်ကြပ်ကြည့်ရှုသွားမည် ဖြစ်ပါသည်။

၂.၄ SCG၏ လုပ်ငန်းအစီအရင်ခံစာကို သတ်မှတ်ထားသည့် ပုံစံတွင် ဖြည့်စွက်၍ သက်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌမှ တစ်နှစ်လျှင် နှစ်ကြိမ် DACU သို့ တင်ပြရမည်ဖြစ်သည်။

၃. အစည်းအဝေးများ

၃.၁ SCG ဥက္ကဋ္ဌသည် အနည်းဆုံး လေးလလျှင် တစ်ကြိမ် SCG အစည်းအဝေးကို ကိုယ်တိုင်ဦးဆောင်ကျင်းပရပါမည်။

၃.၂ အဖွဲ့များသည် သက်ဆိုင်ရာ ဥက္ကဋ္ဌ တက်ရောက်သည်ဖြစ်စေ၊ မတက်ရောက်သည်ဖြစ်စေ လေးလတစ်ကြိမ်ထက်ပို၍ အစည်းအဝေးများ ပြုလုပ်နိုင်သည်။ ထိုသို့ ပြုလုပ်ရာတွင် လုပ်ငန်းလိုအပ်ချက်အလျောက် မျက်နှာစုံညီ အစည်းအဝေးများ၊ အဖွဲ့ငယ်များ/ အဖွဲ့ခွဲများ စသည့်ပုံစံများဖြင့် တွေ့ဆုံနိုင်သည်။

၃.၃ လိုအပ်ပါက ကဏ္ဍခွဲအလိုက် အဖွဲ့ငယ်များ ဖွဲ့စည်းနိုင်ပြီး ထိုအဖွဲ့ငယ်များတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အထက်အဆင့် ပုဂ္ဂိုလ်များက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။ ထိုသို့အဖွဲ့ငယ်များ ဖွဲ့စည်းခြင်း၊ ဥက္ကဋ္ဌများ ရွေးချယ်ခြင်းနှင့် အဖွဲ့ဝင်များ ရွေးချယ်ထားမှု အခြေအနေများကို DACU သို့ အကြောင်းကြားရမည်။

၄. အဖွဲ့ဝင်ဖြစ်ခြင်းနှင့်တက်ရောက်ခြင်း

၄.၁ SCG များအနေဖြင့်အဖွဲ့ဝင်များရွေးချယ်ရာတွင်ပွင့်လင်းမြင်သာမှုရှိစွာဆောင်ရွက်ရမည်။

၄.၂ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် SCGများတွင် အဖွဲ့ဝင်အဖြစ် တက်ကြွစွာပါဝင်ပြီး သက်ဆိုင်ရာ အစည်းအဝေးများသို့ တက်ရောက်ရမည်ဖြစ်ပါသည်။

၄.၃ လိုအပ်ပါက တိုင်းဒေသကြီး/ပြည်နယ် အစိုးရများမှ ကိုယ်စားလှယ်များကို SCG များတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ရန် သို့မဟုတ် အစည်းအဝေးများ တက်ရောက်ရန် ဖိတ်ကြားနိုင်သည်။

၄.၄ ဖွံ့ဖြိုးမှုမိတ်ဖက်များသည် SCG ၏ လုပ်ငန်းဆောင်ရွက်မှုများကို အထောက်အကူ ဖြစ်စေရန် ဖွံ့ဖြိုးမှုမိတ်ဖက်များဘက်မှ ဆက်သွယ်ဆောင်ရွက်မည့်သူ (facilitators) တစ်ဦး

သို့မဟုတ် နှစ်ဦးကို SCG ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခန့်ထားနိုင်သည်။

၄.၅ ကဏ္ဍအလိုက် နိုင်ငံအချင်းချင်း (Bilateral) နှင့် နိုင်ငံစုံ (Multilateral) ဖွံ့ဖြိုးမှု မိတ်ဖက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို SCG အဖွဲ့ဝင်များအဖြစ် ပါဝင်စေရန် ဆောင်ရွက်ရမည်။

၄.၆ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ INGOများ၊ ပရဟိတ အဖွဲ့အစည်းများသည် ၎င်းတို့၏ ကိုယ်စားလှယ်များကို SCG တွင်အဖွဲ့ဝင်အဖြစ် ပါဝင်ရန် အဆိုပြုနိုင်သည်။

၄.၇ SCG ဥက္ကဋ္ဌသည် သက်ဆိုင်ရာ လွှတ်တော်ကော်မတီများမှ ကိုယ်စားလှယ်များကို အဖွဲ့၏ အစည်းအဝေးများသို့ တက်ရောက်လေ့လာနိုင်ရန် အတွက် ဖိတ်ကြားနိုင်သည်။

၄.၈ SCG များမှ ကျင်းပမည့် အစည်းအဝေးများကို DACU သို့ ကြိုတင်အကြောင်းကြားရမည် ဖြစ်ပြီး DACU အဖွဲ့ဝင်များမှအခါ အားလျော်စွာ တက်ရောက်မည် ဖြစ်သည်။

၅. လုပ်ငန်းနှင့်တာဝန်များ

၅.၁ SCG ဥက္ကဋ္ဌသည် ဦးစားပေးများ ရွေးချယ်ကာ ကုန်ကျမည့် ဘဏ္ဍာငွေပမာဏများ တွက်ချက် သတ်မှတ်ထားပြီးဖြစ်သည့် ကဏ္ဍဆိုင်ရာစီမံကိန်းများ (Prioritized & costed sector plan) ကို အဖွဲ့ဝင်များထံ (**ယခုလမ်းညွှန်ချက်များထွက်ရှိသည့်နေ့ရက်မှ**) ခြောက်လအတွင်း SCG အဖွဲ့ဝင်များထံ ဖြန့်ဝေပေးရမည်။ စီမံကိန်းသစ်များ ရေးဆွဲရာတွင်လည်းကောင်း၊ဆောင်ရွက်နေဆဲ စီမံကိန်းအကောင်အထည်ဖော်မှုများ ပိုမိုကောင်းမွန်စေရေးအတွက်လည်းကောင်း SCG အဖွဲ့ဝင်များ၏ အကြံဉာဏ်များကို ရယူဆောင်ရွက်မည် ဖြစ်သော်လည်း စီမံကိန်းများ၏ ပိုင်ဆိုင်မှု (ownership) သည် သက်ဆိုင်ရာ ဝန်ကြီးဌာန အဖွဲ့အစည်းများတွင်သာ ရှိစေရမည်။

၅.၂ ကဏ္ဍအတွက်ရရှိသည့် ဖွံ့ဖြိုးမှုအကူအညီများသည် ၎င်းကဏ္ဍ စီမံကိန်းအကောင်အထည်ဖော်မှုကို တိုက်ရိုက်နှင့် သေချာစွာ အထောက်အကူပြုစေရမည်။

၅.၃ SCG အဖွဲ့ဝင်များသည် ၎င်းတို့၏ ဖွံ့ဖြိုးမှုအကူအညီ လုပ်ငန်းများကို သက်ဆိုင်ရာ SCG သို့ အဆိုပြုတင်ပြ၍ ကျန်အဖွဲ့ဝင်များထံမှ အကြံဉာဏ်များ ရယူရမည်။

၅.၄ မိမိတို့ကဏ္ဍရှိ ဖွံ့ဖြိုးမှု အကူအညီများကို *နိုင်ငံခြားအကူအညီ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်* (Aid Information Management System-AIMS) သို့ အချိန်နှင့်တစ်ပြေးညီ တိကျပြည့်စုံစွာ အစီရင်ခံတင်ပြရန်နှင့် ကွာဟချက်များ၊ လုပ်ငန်းထပ်ခြင်းများ၊ ပူးပေါင်းဆောင်ရွက်နိုင်မှု အလားအလာများကို အစီရင်ခံ တင်ပြရန် SCG အဖွဲ့ဝင်

များတွင် တာဝန်ရှိပါသည်။

၅.၅ SCG သည် မိမိတို့ကဏ္ဍအတွင်းရှိ စီမံကိန်း/ အစီအစဉ်များအား ကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်းတို့ကို အားပေးဆောင်ရွက်ရမည်ဖြစ်ပြီး တွေ့ရှိချက်များကို SCG အဖွဲ့ဝင်များ၊ မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း(MDI) နှင့် စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနသို့ မျှဝေရမည် ဖြစ်သည်။ ဗဟိုစာရင်းအင်းအဖွဲ့ထံသို့လည်း ၎င်းတို့နှင့် သက်ဆိုင် ဆီလျော်မှုရှိသည့် သတင်းအချက်အလက်များကို မျှဝေရမည်။

၅.၆ SCG များသည် ပမာဏသေးငယ်၍ (ဆက်စပ်မှုမရှိသည့် စီမံချက်အများအပြားကို ပြန့်ကျဲလုပ်ဆောင်မည့်အစား) ဖွံ့ဖြိုးမှု အထောက်အပံ့ ဘဏ္ဍာငွေ ပုံသဏ္ဍာန် ပေါင်းစည်းမှု အမျိုးမျိုး (development assistance portfolios) ကို တစ်စုတစ်စည်းတည်း ပြုလုပ်ရန်နှင့် မြန်မာအစိုးရ၏စနစ်များကို အသုံးပြုရန် အားပေး ဆောင်ရွက်သွားရမည်။

၅.၇ SCG များသည် ဆန်းစစ်သုံးသပ်ရန် လိုအပ်မှုများကို ဖော်ထုတ်သတ်မှတ်ပြီး လေ့လာမှုများကို ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရမည်။ ထိုမှ တွေ့ရှိချက်များကို SCG သို့ ပြန်လည်တင်ပြရမည်။

၅.၈ SCG များ အားလုံးအနေဖြင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များသည် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီတန်ဖိုး၊ လူ့အခွင့်အရေး၊အားလုံးပါဝင်သည့် စီးပွားရေးဖွံ့ဖြိုးမှုနှင့် ကျား-မ တန်းတူညီမျှမှုတို့ကို အထောက်အကူပြုစေရမည်။

၆. ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့အတွင်းရေးမှူး

၆.၁ SCG ၏ လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးကို အထောက်အကူပြုရန် အတွင်းရေးမှူးရုံးအဖွဲ့ကို တည်ထောင်ရမည်။ SCG အတွင်းရေးမှူးရုံးအဖွဲ့သည် သက်ဆိုင်ရာ ဦးဆောင်ဝန်ကြီးဌာနတွင် အခြေစိုက်ရမည်။

၆.၂ SCG ဥက္ကဋ္ဌသည် အမြဲတမ်းအတွင်းဝန် သို့မဟုတ် ညွှန်ကြားရေးမှူးချုပ် တစ်ဦးအား အဖွဲ့၏ အတွင်းရေးမှူးအဖြစ် တာဝန်ပေးရမည်။ အတွင်းရေးမှူးသည် SCG ရုံး၏ လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ခံယူရမည် ဖြစ်ပါသည်။

၆.၃ SCG အတွင်းရေးမှူးရုံးများသည် သက်ဆိုင်ရာ SCG ၏ လုပ်ငန်းဆောင်ရွက်မှုအတွက် လိုအပ်သည့် အရင်းအမြစ်များကို ဖြည့်ဆည်းနိုင်ရန် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

### ၄.၃.၂ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းများ

ဇယား(၁၀) မြန်မာနိုင်ငံ၏ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်းများ

| |
|---|
| ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့<br>(ဥက္ကဋ္ဌ- နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်) |
| တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့<br>(ဥက္ကဋ္ဌ- ပြည်ထောင်စုရှေ့နေချုပ်) |

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JCB-PPF) တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွင် ပြည်ထောင်စုရှေ့နေချုပ်မှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါသည်။ ၎င်းအဖွဲ့နှစ်ခုလုံး၏ ထူးခြားသော ဝိသေသများကြောင့် တရားဝင်ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့အဖြစ် မသတ်မှတ်သော်လည်းဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့နှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်မည် ဖြစ်ပါသည်။

ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့အနေဖြင့် JCB များနှင့် ဆက်သွယ်ကာ ထိရောက်သော လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် သင့်လျော်သည့် ပေါင်းစပ်ညှိနှိုင်းခြင်း ၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက်များ မျှဝေခြင်းတို့အား အတူတကွ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

JCB များတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းဆိုင်ရာ ကိစ္စရပ်များသည် JCB ၏ ဦးဆောင်မှုအောက်မှ ဆုံးဖြတ်ပိုင်ခွင့် ဖြစ်ပါသည်။

#### ၄.၃.၂.၁ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရန်ပုံငွေဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွင် မြန်မာနိုင်ငံအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်ပြီး ရေရှည်တည်တံ့ခိုင်မာသော ငြိမ်းချမ်းရေး ပေါ်ပေါက်လာစေရန် ပူးပေါင်းဆောင်ရွက်ရာတွင် အမှန်တကယ်ထိရောက်မှုရှိသည့် ရန်ပုံငွေ ခွဲဝေချထားမှုများကို ဆောင်ရွက်သည်။ အဓိကလုပ်ငန်းတာဝန်များမှာ -

- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရန်ပုံငွေအတွက် ဦးစားပေးလုပ်ငန်းစဉ်များ သတ်မှတ်ခြင်း၊

- JCB သို့တင်ပြလာသော အစီအစဉ်များကို သုံးသပ်ခြင်း၊ ခွင့်ပြုခြင်း၊
- ဦးစားပေးကဏ္ဍများနှင့် ခွင့်ပြုထားသော အစီအစဉ်များအတွက် ဖြစ်နိုင်ချေရှိသော ရန်ပုံငွေအရင်းအမြစ်များ ဖော်ထုတ်ပေးခြင်း။

JCB သည် လုပ်ငန်းများဆောင်ရွက်ရာတွင် အပြန်အလှန်လေးစားခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ နိုင်ငံမှဦးဆောင်ပိုင်ဆိုင်မှုဖြင့် လုပ်ကိုင်ခြင်းစသည့် စည်းမျဉ်းစည်းကမ်းများအပေါ် အခြေခံ၍ဆောင်ရွက်ပါသည်။ ဆုံးဖြတ်ချက်များချမှတ်ရာတွင် အားလုံး၏ သဘောတူညီချက်ကို အတတ်နိုင်ဆုံး ရယူပါသည်။ အားလုံး၏ သဘောတူညီချက် မရရှိပါက ဥက္ကဋ္ဌမှ နောက်ဆုံးဆုံးဖြတ်ချက် ချမှတ်မည် ဖြစ်ပါသည်။

ကဏ္ဍအလိုက် ဖွံ့ဖြိုးမှုအကူအညီနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေ ထောက်ပံ့မှု တို့အကြား ဆက်စပ် လိုက်လျောညီထွေမှုရှိစေရန် JCB နှင့် DACU တို့အကြား အနီးကပ် ပူးပေါင်းဆောင်ရွက်မည် ဖြစ်ပါသည်။

### ၄.၃.၂.၂ တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့

တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ ကိစ္စရပ်များ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး ပူးပေါင်းဆောင်ရွက်ပါသည်။ အဖွဲ့သည် ကဏ္ဍအတွက် ပေးအပ်လာသော ဖွံ့ဖြိုးမှုအကူအညီများပေးအပ်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ညှိနှိုင်းဆောင်ရွက်မှုများရှိစေရန် အစိုးရဌာန အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် အခြားအကျိုးသက်ဆိုင်သူများကို ပေါင်းစည်းစုဝေးပေးသည့် လုပ်ငန်းတာဝန်ကိုလည်း ယူထားသည်။

### ၄.၃.၃ အခြားပေါင်းစပ်ညှိနှိုင်းမှုနည်းလမ်းများ

အောက်ဖော်ပြပါ အဖွဲ့များမှာ ပြည်ထောင်စုဝန်ကြီးအဆင့် ဦးဆောင်မှု မဟုတ်သည့် အတွက် တရားဝင် SCG များအဖြစ် သတ်မှတ်မထားသော်လည်း ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံ၏ ယေဘုယျ ဖွံ့ဖြိုးမှုဦးစားပေးများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် SCG များ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာရန် ဖြစ်ပါသည်။

ဇယား (၁၁) အခြားပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ

| |
|---|
| **ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ** |
| ဥက္ကဋ္ဌ - ဒုတိယသမ္မတ (၁) |
| **ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေး** |
| ဥက္ကဋ္ဌ - ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် |
| **စာရင်းအင်းအချက်အလက်များဆိုင်ရာ အရည်အသွေးဖွံ့ဖြိုးတိုးတက်ရေး** |
| ဥက္ကဋ္ဌ - ညွှန်ကြားရေးမှူးချုပ် |
| ဗဟိုစာရင်းအင်းအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| **ကျား-မ တန်းတူညီမျှရေး နှင့် အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေး** |
| ဥက္ကဋ္ဌ- ညွှန်ကြားရေးမှူးချုပ် |
| လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |

တရားဝင် SCG ဖွဲ့ကာ အသိအမှတ်ပြုထားခြင်း မရှိသော ကဏ္ဍများ အပါအဝင် အခြားသော ကဏ္ဍအားလုံးတွင်လည်း ပေါင်းစပ်ညှိနှိုင်းမှုများပြုလုပ်ကြရန် မြန်မာအစိုးရအနေဖြင့် တိုက်တွန်းလိုပါသည်။

တရားဝင်အသိအမှတ်ပြုထားသည့် အထက်ပါပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့များကို ချမှတ်ဖွဲ့စည်းလိုက်သဖြင့် အခြားသော ပေါင်းစပ်ညှိနှိုင်းမှု ပုံစံနည်းလမ်းများ ဖော်ထုတ်ဖွဲ့စည်းရန် မလိုအပ်တော့ဟု မယူဆသင့်ပေ။

တရားဝင် ဖွဲ့စည်းထားသည့် SCGs များနှင့် အခြားပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့/နည်းလမ်းများ၏ အရေအတွက်နှင့် အခန်းကဏ္ဍများသည် အစိုးရ၏ လိုအပ်ချက်များနှင့်အညီ နောက်ပိုင်းတွင် ပိုမိုများပြားလာနိုင်ပါသည်။

## ၄.၄ ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်အဖွဲ့

ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်အဖွဲ့ (CPG)သည် အဖွဲ့ဝင်များအကြား ထိရောက်သောဖွံ့ဖြိုးရေးနှင့် ပေါင်းစပ်ညှိနှိုင်းမှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သော သတင်းအချက်အလက်များ မျှဝေနိုင်သည့် အဓိကအဖွဲ့အစည်းတစ်ခုဖြစ်သည်။ ထို့အပြင် CPG တွင် တစ်နိုင်ငံချင်း မိတ်ဖက်များ၊ နိုင်ငံတကာမိတ်ဖက်များနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုမိတ်ဖက်များ အချင်းချင်း သော်လည်းကောင်း၊ အစိုးရ၊ အခြားအဖွဲ့အစည်းများနှင့် သော်လည်းကောင်း လုပ်ငန်းများ အတူတကွ ပူးပေါင်း

ဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်အောင် မည်သို့ ဆောင်ရွက်သင့်ကြောင်း ဆုံးဖြတ်ချက်များ ချမှတ်ပါသည်။

CPG မှ သတ်မှတ်ထားသည့် ၎င်း၏အဓိက လုပ်ငန်းတာဝန်များမှာ -

- အဖွဲ့ဝင်များအကြား အမျိုးသားအဆင့် စီမံကိန်းများ၊ ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်သော သတင်းအချက်အလက်များ မျှဝေခြင်းနှင့် အတွေးအမြင်များ ဖလှယ်ခြင်း များ ပြုလုပ်နိုင်သည့် ဆုံရပ်တစ်ခု ဖော်ဆောင်ရန်၊ လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ရန် နှင့် တူညီသော ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများ၊ ရပ်တည်ချက်များ စသည်တို့ကို ဖော်ဆောင်ရန်၊
- ပူးတွဲလုပ်ငန်းများ၊ နည်းဗျူဟာဆိုင်ရာ ကိစ္စရပ်များနှင့် လုပ်ငန်းစဉ်များကို ဆွေးနွေး မြှင့်တင်ဆောင်ရွက်ရန်၊
- အစိုးရအဆင့်အားလုံးနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊
- လွှတ်တော်၊ အရပ်ဖက် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကဏ္ဍ စသည်တို့နှင့် ဆွေးနွေးဆောင်ရွက်မှုများ ပြုလုပ်ရန်။
- အထောက်အပံ့များ ပေးအပ်ရာတွင် သဟဇာတဖြစ်မှု၊ လုပ်ငန်းထပ်နေခြင်းများအား လျှော့ချနိုင်မှုစသည့် စွမ်းဆောင်ရည်များကို ပုံမှန်လေ့လာသုံးသပ်မှုများ ပြုလုပ်ခြင်းဖြင့် ဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အားပေးရန်။
- အဖွဲ့ဝင်များ၏ ဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ လုပ်ငန်းများအကြား ဆက်စပ်ဆီလျော်မှုရှိစေရေး ဆောင်ရွက်ရန်။
- မြန်မာအစိုးရမှ နှစ်စဉ်ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်များ ကျင်းပနိုင်ရေး ပြင်ဆင် ဆောင်ရွက်ရာတွင် အထောက်အကူပေးရန်။
- သတ်မှတ်ကိစ္စများကို ကိုင်တွယ်ဖြေရှင်းရန် ဖွဲ့စည်းထားသည့် မြန်မာ- ပူးပေါင်း ဆောင်ရွက်ရေး မိတ်ဖက်အဖွဲ့ (GoM-CPG) လုပ်ငန်းအဆင့်အဖွဲ့များနှင့် ဆက်သွယ် ဆောင်ရွက်ရန် နှင့် အထောက်အကူပေးရန်။
- အဖွဲ့ဝင်အားလုံးအကြား ကောင်းမွန်ထိရောက်သော ဆက်သွယ်မှုရှိစေရေး ဆောင်ရွက် ရန်။

## ၄.၅ "Mohinga" ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ သတင်းအချက်အလက်များ စီမံခန့်ခွဲမှုစနစ်

မြန်မာနိုင်ငံနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်တို့အကြားတွင် နှစ်ဦးနှစ်ဖက် တာဝန်ခံယူမှုရှိစေရန်နှင့် နိုင်ငံသား များနှင့် အခွန်ထမ်းများအပေါ်တွင် တာဝန်ခံယူမှုရှိကြောင်း သေချာစေရန် အတွက် ဖွံ့ဖြိုးမှု အကူအညီများကို အချိန်နှင့်တစ်ပြေးညီပြည့်စုံစွာ အစီရင်ခံရန် အရေးကြီးပါသည်။ မြန်မာအစိုးရမှ

ပြည်တွင်းအရင်းအမြစ်များအား ခွဲဝေချထားခြင်းနှင့် ပတ်သက်သည့် ကောင်းမွန်ပြည့်စုံသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်နှင့် ဖွံ့ဖြိုးမှုအကူအညီများသည် မြန်မာနိုင်ငံ၏ ဦးစားပေး အစီအစဉ်များနှင့် ကိုက်ညီမှုရှိကြောင်း သေချာစေရန် အတွက် မှန်ကန်တိကျသော ဖွံ့ဖြိုးမှု အကူအညီဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များရှိရန် လိုအပ်သည်။

AIMS သည် အများသုံးနိုင်သည့် ခေတ်မီရိုးရှင်းသော cloud based web-application တစ်ခု ဖြစ်ပြီး ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ သတင်းအချက်အလက်များကို သိမ်းဆည်းရန်နှင့် ဆန်းစစ် သုံးသပ်မှုများ ပြုလုပ်နိုင်သည့် တရားဝင်နေရာတစ်ခု ဖြစ်ပါသည်။ AIMS စနစ်ကို အင်တာနက် စာမျက်နှာ [https://mohinga.info](https://mohinga.info) တွင် တွေ့နိုင်ပါသည်။

AIMS စနစ်ကို လိုအပ်ချက်များအရ စဉ်ဆက်မပြတ် အဆင့်မြှင့်တင်ခြင်းများ ပြုလုပ်သွားမည် ဖြစ်ပြီး ထိုလုပ်ဆောင်ချက်များကို ပြည်သူလူထု အပါအဝင် ဖွံ့ဖြိုးမှုမိတ်ဖက်များအား အသိပေး သွားမည်ဖြစ်ပါသည်။ AIMS စနစ်အတွင်းသို့ အစီရင်ခံလာသည့် အကူအညီ အမျိုးအစားများ အထူးသဖြင့် နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှတစ်ဆင့် ပေးအပ် အကောင်အထည်ဖော်နေသော အကူအညီများကိုလည်း ချဲ့ထွင်ထည့်သွင်းသွားနိုင်ရန် ကြိုးစားသွားမည်ဖြစ်ပါသည်။

ကိန်းဂဏန်း အချက်အလက်များ၏ အရည်အသွေးနှင့် မှန်ကန်မှုတို့ကို ကြီးကြပ်ရန် နှင့် AIMS စနစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးအောင် ဆောင်ရွက်ရန် အတွက် မြန်မာ AIMS စနစ် ရည်ညွှန်း လုပ်ငန်းအဖွဲ့ (AIMS Reference Group) ကို မြန်မာအစိုးရမှ ဖွဲ့စည်းထားပြီး ဖြစ်ပါသည်။

AIMS စနစ်တွင် ဖွံ့ဖြိုးမှုမိတ်ဖက်များအားလုံး စာရင်းပေးသွင်းခြင်း၊ မှန်ကန်ပြည့်စုံသော ကိန်း ဂဏန်းအချက်အလက် အဆင့်များ ထုတ်ပြန်ခြင်း၊ ပေးအပ်ရန် ကတိကဝတ်ပြုထားသော၊ ဘတ်ဂျက်ချထားသော ၊ ပေးအပ်ပြီးသော ဖွံ့ဖြိုးမှုအကူအညီများကို မှန်ကန်တိကျစွာ မှတ်တမ်း တင်နိုင်ရန် AIMS စနစ်အား အဆင့်မြှင့်တင်ခြင်း စသည်တို့ကို ဆောင်ရွက်ရန် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန၏ AIMS စနစ် လုပ်ငန်းအဖွဲ့မှတစ်ဆင့် မကြာမီကာလတွင် တာဝန်ယူ သွားမည် ဖြစ်ပါသည်။

**မှတ်ချက်။** ဖွံ့ဖြိုးမှုမိတ်ဖက်များ အားလုံးအနေဖြင့် မိမိတို့၏ရန်ပုံငွေများကို သုံးစွဲရာတွင် ပွင့်လင်း မြင်သာမှု၊ ဆီလျော်မှု၊ ထိရောက်မှုများရှိပြီး မြန်မာအစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်တို့ အကြားမှ ဘက်စုံလွှမ်းခြုံသော သဘောတူညီမှုများ နှင့် ကိုက်ညီမှုရှိအောင် အထူးကြိုးစားသွားကြမည် ဟု မျှော်မှန်းပါသည်။

## ၄.၆. ဖွံ့ဖြိုးမှုအကူအညီများ ထိရောက်မှုရှိစေရေးဆိုင်ရာ နှစ်စဉ်ဆွေးနွေးပွဲများ

မြန်မာအစိုးရအနေဖြင့် ဖွံ့ဖြိုးမှုအကူအညီများ ထိရောက်မှုရှိစေရေးဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲများကို နှစ်စဉ် ကျင်းပသွားရန် ရည်မှန်းဆုံးဖြတ်ထားပါသည်။

ဆွေးနွေးပွဲများမှတဆင့် ဖွံ့ဖြိုးမှုမူဝါဒဆိုင်ရာ ပူးပေါင်းပါဝင်သူများ ပါဝင်သော ဆွေးနွေးမှုများနှင့် ဖွံ့ဖြိုးမှုအကူအညီများနှင့်ပတ်သက်သော ငွေကြေးထောက်ပံ့မှုများ၊ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများအား ဖော်ထုတ်ခြင်းများ ပြုလုပ်သွားမည် ဖြစ်ပါသည်။ ထိုဆွေးနွေးပွဲများကို ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ အတွင်းတွင် ဖော်ပြထားသည့် ကတိကဝတ်များ နှင့် အခြေခံမူများကို ထပ်လောင်းအတည်ပြုသည့် အခွင့်အလမ်းများ အဖြစ်လည်းကောင်း၊ အခန်း(၁၀.၁) တွင် ဖော်ပြထားသည့် ပူးတွဲစောင့်ကြည့်ခြင်း၊ တာဝန်ခံယူမှု မူဘောင်နှင့် လုပ်ငန်းအစီအစဉ်ကို အခြေခံကာ တိုးတက်မှုများကို တိုင်းတာခြင်းအတွက် လည်းကောင်း အသုံးပြုသွားမည် ဖြစ်ပါသည်။

ဆွေးနွေးပွဲတစ်ခုချင်းစီအတွက် အစီအစဉ်များကို ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ လုပ်ငန်းအဖွဲ့ မှ နှစ်စဉ် ဆုံးဖြတ်သွားမည် ဖြစ်ပါသည်။

ထိုဆွေးနွေးပွဲများသို့ ပြည်တွင်းပြည်ပမှ ဖွံ့ဖြိုးမှုဆိုင်ရာ ပူးပေါင်းပါဝင်သူများ ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြု တက်ရောက်ခြင်းကို ကြိုဆိုပါသည်။ လွှတ်တော်၊ ပုဂ္ဂလိကကဏ္ဍ နှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ အပါအဝင် ဖွံ့ဖြိုးမှုမိတ်ဖက်အားလုံးကို ဆွေးနွေးပွဲများတွင် တက်ကြွစွာ ပါဝင်ကြရန် တိုက်တွန်းလိုပါသည်။

## ၅.    ဖွံ့ဖြိုးမှုအကူအညီများပေးအပ်ခြင်း

အခန်း၂ (ခေါင်းစဉ် ၂.၅) တွင် ပါဝင်သော ဖွံ့ဖြိုးမှုအကူအညီစည်းမျဉ်းများကို အခြေခံ၍ ဖွံ့ဖြိုးမှုအကူအညီများနှင့် စပ်လျဉ်းသည့် မြန်မာနိုင်ငံ၏ ဦးစားပေး လုပ်ငန်းများကို သတ်မှတ်ထားပါသည်။

မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးမှုမိတ်ဖက်များမှ ပေးအပ်သော ဖွံ့ဖြိုးမှုအကူအညီ အမျိုးမျိုးကို ကြိုဆိုပါကြောင်းနှင့် မြန်မာနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးမှု ပိုမိုအားကောင်းလာစေရန် အတွက် ဖွံ့ဖြိုးမှုအကူအညီများပေးအပ်ခြင်းဖြင့် အထောက်အပံ့ဖြစ်စေနိုင်ကြောင်း အသိအမှတ်ပြုပါသည်။

အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရလဒ်များ ဦးစားပေးသတ်မှတ်ခြင်း၊ နိုင်ငံ၏စနစ်များအား အသုံးပြုခြင်းနှင့် အားကောင်းခိုင်မာစေရန်၊ နှိုင်းယှဉ်အားသာချက်များနှင့် လုပ်ငန်းများဆီလျော်မှုရှိစေရန်တို့အတွက် မြန်မာအစိုးရအနေဖြင့် ပွင့်လင်းမြင်သာစွာဖြင့် လိုက်လျောညီထွေ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။[၁]

**ဇယား(၁၂) "ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာအကျိုးဆောင်ခြင်း"**

ဘဏ္ဍာရန်ပုံငွေအရင်းအမြစ် အသေအချာမရရှိသေးပဲ လုပ်ငန်းအဆင့်အဆိုပြုချက်များ တင်သွင်းလာခြင်း၊ ဖြစ်နိုင်ချေရှိသည့် ဘဏ္ဍာရေးထောက်ပံ့မှု သို့မဟုတ် စိတ်ပါဝင်စားသော မိတ်ဖက်မရှိသေးပဲလုပ်ငန်းအဆင့် အဆိုပြုချက်များတင်သွင်းပြီး အစိုးရဌာနအဖွဲ့အစည်းများထံမှ အတည်ပြုထောက်ခံချက်ရယူကာ အခြားမှ ပံ့ပိုးမှုများကို ဆွဲဆောင်ရန် ကြိုးစားခြင်းကဲ့သို့သော ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ အကျိုးတော်ဆောင်ခြင်း အလေ့အထများကိုမြန်မာအစိုးရအနေဖြင့် အားမပေးလိုပါ။

ထိုကဲ့သို့သော အလေ့အထများသည် ဖွံ့ဖြိုးမှုအကူအညီများ ပေးအပ်ရာတွင် supply driven ပုံစံမျိုး ပေါ်ပေါက်စေရန် အားပေးအားမြှောက်ပြုစေသည်ဟု ယုံကြည်ပါသည်။ ယင်းအလေ့အထများသည် ပြိုင်ဆိုင်မှုကို အဟန့်အတားဖြစ်စေပြီးကောင်းမွန်သော ဖွံ့ဖြိုးရေးဆိုင်ရာအလေ့အထများနှင့်ကိုက်ညီမှုမရှိသလို ယခု DAP၏ ရည်မှန်းချက်အနှစ်သာရနှင့်လည်း လွဲချော်နေပါ သည်။ သို့သော် အစိုးရဌာနအဖွဲ့အစည်းများ အနေဖြင့် ထိုကဲ့သို့သော အဆိုပြုချက် အားလုံးကို ငြင်းပယ်ရမည်ဟု မဆိုလိုပါ။ ဘဏ္ဍာရန်ပုံငွေ သေချာခိုင်မာစွာမရရှိခင် တရားဝင်သဘောတူညီမှု ဦးစွာရယူရန် လိုအပ်သည့် အခြေအနေအချို့လည်း ရှိနေပါသည်။

[၁] DACU သည်နှိုင်းယှဉ်အားသာချက်များကို သတ်မှတ်ဆုံးဖြတ်သွားမည်ဖြစ်ပြီး PID များနှင့်လည်း ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်သည်။

အစိုးရဌာန အဖွဲ့အစည်းများ အနေဖြင့် ကိုယ်ပိုင်ချင့်ချိန် စစ်ဆေးသည့် နည်းလမ်းများဖြင့် မတောင်းပဲ ပေးအပ်လာသော ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ အဆိုပြုချက်များကို ဆန်းစစ်ကြရန် တိုက်တွန်းလိုပါသည်။ ထိုသို့ဆန်းစစ်ရာတွင် အဆိုပြုလာသည့် အဖွဲ့အစည်း၌ အဆိုပြုလာသည့် လုပ်ငန်းကို အကောင်အထည်ဖော်ရန် သေချာလုံလောက်သော အရင်းအမြစ်များ ရှိ-မရှိ သိရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

### ၅.၁. ယေဘုယျနှင့်ကဏ္ဍအလိုက် ဘတ်ဂျက်ထောက်ပံ့မှု

ဖွံ့ဖြိုးမှုအကူအညီများ ပေးအပ်ရာတွင် ယေဘုယျနှင့် ကဏ္ဍအလိုက် ဘတ်ဂျက် ထောက်ပံ့မှုပုံစံမျိုးဖြင့် ဆောင်ရွက်ရန် အစိုးရအနေဖြင့် အလေးအနက် တိုက်တွန်းလိုပါသည်။ ဘတ်ဂျက်ထောက်ပံ့မှုပုံစံသည် နိုင်ငံတော်၏ပိုင်ဆိုင်မှုကို မြှင့်တင်ပေးခြင်း၊ အမျိုးသားအဆင့်/ကဏ္ဍအဆင့် စီမံကိန်းများတွင် ဖွံ့ဖြိုးမှုအကူအညီများကို ပေါင်းစပ်ဆောင်ရွက်နိုင်စေမည် ဖြစ်ပြီး ထိရောက်မှုအားနည်းခြင်း၊ ကုန်ကျစရိတ်မြင့်မားခြင်းနှင့် အမျိုးစုံ ကွဲပြားနေခြင်းများကို လျော့ကျစေမည်ဖြစ်ပါသည်။

### ဇယား (၁၃) နိုင်ငံ၏စနစ်များကိုအသုံးပြုခြင်း

ဖွံ့ဖြိုးမှုအကူအညီများ ပေးအပ်ရာတွင် နိုင်ငံတော်မှ ကျင့်သုံးလျက်ရှိသော နည်းစနစ်များအား အတတ်နိုင်ဆုံး လိုက်နာကျင့်သုံး စေလိုပါသည်။ သို့ရာတွင် ထိုသို့လုပ်ဆောင်နိုင်ရန် အတွက် နိုင်ငံတွင်းရှိ အဖွဲ့အစည်းများ၊ နည်းစနစ်များ၏လုပ်ဆောင်နိုင်စွမ်းများကိုလည်း ပိုမိုအားကောင်းအောင်ပြုလုပ်ရန် လိုအပ်ကြောင်းကိုလည်း အသိအမှတ်ပြု နားလည်ထားပါသည်။ ထို့ကြောင့် မြန်မာအစိုးရအနေဖြင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုနှင့် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအား ပိုမိုကောင်းမွန်အောင် ပြုလုပ်သွားရန်လည်း သန္နိဋ္ဌာန်ချမှတ်ထားပါသည်။

PID များ အနေဖြင့် အမျိုးသားအဆင့်နှင့် ပြည်နယ်/ တိုင်းဒေသအဆင့် သက်ဆိုင်ရာဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ ငွေရေးကြေးရေးနှင့်စီမံအုပ်ချုပ်ရေးဆိုင်ရာ စွမ်းဆောင်ရည်များကို ပိုမိုအားကောင်းအောင် ပြုလုပ်ရန် တိုက်တွန်းလိုပါသည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် PID များ အနေဖြင့် နိုင်ငံ၏စနစ်များကို ပိုမိုအသုံးပြုနိုင်လာမည်ဖြစ်ပါသည်။

PID များ အနေဖြင့် နိုင်ငံစနစ်မဟုတ်သည့် အခြားစနစ်များကို အသုံးပြုလိုပါက ရှင်းလင်းသော အကြောင်းပြချက်နှင့် အနာဂတ်တွင် နိုင်ငံ၏စနစ်များကို အသုံးပြုပြီး ဖွံ့ဖြိုးမှုအကူအညီများကို မည်သို့တိုးမြှင့်ပေးအပ်သွားရန် စီစဉ်ထားကြောင်းတို့ကို ဖော်ပြရမည်ဖြစ်ပါသည်။

ဇယား (၁၄) ဘတ်ဂျက်အတွင်းထည့်သွင်းဖော်ပြနိုင်သည့် ဖွံ့ဖြိုးမှုအကူအညီများ ရယူခြင်း

| |
|---|
| ဘတ်ဂျက်အတွင်းသို့ ထည့်သွင်းဖော်ပြနိုင်သော ဖွံ့ဖြိုးမှုအကူအညီ အချိုးအစားကို သိသိသာသာ တိုးမြှင့်သွားရန် မြန်မာအစိုးရအနေဖြင့် ဆန္ဒရှိပါသည်။ နိုင်ငံ၏စနစ်များကိုတိုးမြှင့်အသုံးချခြင်း အားဖြင့် ထိုရည်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များကို ပိုမိုပွင့်လင်းမြင်သာစေခြင်း တို့အပါအဝင် မြန်မာအစိုးရနှင့် PID တို့၏ ပိုမိုကောင်းမွန်သော ရေရှည်စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ချထားပေးခြင်း ထိုရည်မှန်းချက် ပြည့်ဝစေရေးကို အထောက်အကူပြုနိုင်ပါသည်။ |

## ၅.၂. စုပေါင်းရန်ပုံငွေ၊ Trust Fund နှင့် အခြားအလားတူ ရန်ပုံငွေပုံစံ

PID များ အနေဖြင့် ယေဘုယျနှင့် ကဏ္ဍအလိုက် ဘတ်ဂျက်ထောက်ပံ့မှုပုံစံမျိုး မဖြစ်ပါက အစီအစဉ် အခြေပြု နည်းလမ်းများမှတစ်ဆင့်နှင့် အလှူရှင်ပေါင်းစုံပါဝင်သော Trust Fund (Multi Donor Trust Fund-MDTF) ဖြင့် ဖွံ့ဖြိုးမှုအကူအညီများ ထောက်ပံ့ပေးနိုင်ကြောင်း တိုက်တွန်းလိုပါတယ်။ အဆိုပါ ထောက်ပံ့မှုပုံစံများသည် အမျိုးသားအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်နှင့် ကဏ္ဍအဆင့် ဖွံ့ဖြိုးမှုဦးစားပေးများနှင့် ကိုက်ညီပြီး ပြည့်စုံထိရောက်သည့် ညှိနှိုင်းမှုရှိသော လုပ်ငန်းစဉ်များ ဖြစ်ပေါ်စေပါသည်။ အစိုးရအနေဖြင့်လည်း အုပ်ချုပ်မှုဆိုင်ရာ ပုံစံများတွင် ကိုယ်စားပြုပါဝင်ပြီး စီမံကိန်းလည်ပတ်မှု အဆင့်ဆင့်တွင် စေ့စပ်ပါဝင်မှုများ ဆောင်ရွက်သင့်ပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အဆိုပါလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ် အနေဖြင့် ဆောင်ရွက်နေသော်လည်း အစိုးရအဖွဲ့ တစ်ဖွဲ့ချင်းစီအနေဖြင့်လည်း သီးခြားကဏ္ဍ အလှူရှင်ပေါင်းစုံပါဝင်သော Trust Fund (Multi Donor Trust Fund-MDTF) လုပ်ငန်းစဉ် များကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## ၅.၃. စီမံကိန်းကို အခြေခံ၍ ပေးအပ်သော အကူအညီ

စီမံကိန်းအခြေခံ၍ ပေးအပ်သော ဖွံ့ဖြိုးမှုအကူအညီသည် ဝေးလံခေါင်ဖျားသော နေရာများရှိ လူမှု အဖွဲ့အစည်းများနှင့် ရေရှည်အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်နေစဉ် အစိုးရ၏ ပြုပြင် ပြောင်းလဲမှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို အထောက်အပံ့ပေးခြင်း အကျိုးရှိ အသုံးဝင်ပါကြောင်း ကို အစိုးရအနေဖြင့် အသိအမှတ်ပြုပါသည်။

အစိုးရအနေဖြင့် ဝန်ဆောင်မှု ပေးအပ်ရာတွင် ဆန်းသစ် ထိရောက်သော နည်းလမ်းများကို အသုံးပြုပြီး အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ကျယ်ပြန့်စွာ မိတ်ဖက်ပြု ဆောင်ရွက်နိုင်သော စီမံကိန်းအခြေပြု အကူအညီများကို အထူးကြိုဆိုပါသည်။

### ၅.၄. အထောက်အပံ့ အကူအညီ

ဖွံ့ဖြိုးမှုအကူအညီများ၏ အရည်အသွေးနှင့် အရေအတွက်ကို အဆင့်မြှင့်ရန်နှင့် ဆက်စပ်လျက်ရှိသည့် ပြည်သူ့ဘဏ္ဍာငွေ တည်ငြိမ်မှုရှိစေရန်၊ အစိုးရမှ ဖွံ့ဖြိုးမှုအကူအညီ အဖြစ် အတိုးနှုန်းသက်သာသောချေးငွေနှင့် အခြားချေးငွေ ပုံစံများထက် အထောက်အပံ့အဖြစ် ပေးအပ်မှုများကို ပေးအပ်စေလိုပါကြောင်း တိုက်တွန်းလိုပါသည်။

### ၅.၅. အတိုးနှုန်း သက်သာသော ချေးငွေအကူအညီ

မြန်မာအစိုးရအနေဖြင့် လက်ရှိတွင် ကြွေးမြီနှင့်ပတ်သက်သော စိုးရိမ်မှုကို ထည့်သွင်းစဉ်းစားရန် မလိုသော်လည်း အစိုးရအနေဖြင့် မြန်မာအစိုးရ၏ ကြွေးမြီထိန်းချုပ်သည့်အဆင့်ကို ထိန်းသိမ်းထားရန်ဆန္ဒရှိပါသည်။ ထို့ကြောင့် မြန်မာအစိုးရအနေဖြင့် ချေးငွေများနှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးမှုအကူအညီများတွင် အတိုးနှုန်း သက်သာသော ချေးငွေကို ဦးစားပေးအဖြစ် ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။

အတိုးနှုန်း သက်သာသော ချေးငွေကို အမျိုးသားအဆင့် ဖွံ့ဖြိုးမှုနှင့်စပ်လျဉ်းသည့် ဦးစားပေးမှုများတွင် အထူးရွေးချယ်အသုံးပြုရမည်။

အချို့သော အခြေအနေများမှလွဲ၍ အတိုးနှုန်း သက်သာသောချေးငွေကို အသုံးပြုခြင်း မလုပ်ရန်ဖြစ်ပါသည်-

- နည်းပညာအကူအညီ[6]
- ဖြစ်နိုင်ချေများကို လေ့လာခြင်း (သို့မဟုတ်) အကောင်အထည်မဖော်မီ ရင်းနှီးမြှုပ်နှံမှုများကို ဆန်းစစ်လေ့လာခြင်း

မြန်မာအစိုးရ အနေဖြင့် အထက်ပါ အခြေအနေများရှိ လိုအပ်ချက်များတွင် ထောက်ပံ့ငွေအမျိုးအစားကိုသာ အသုံးပြုသွားရန် လေးနက်သော ဆန္ဒရှိပါသည်။

---

[6] DACU မှဆုံးဖြတ်ခြင်းမဟုတ်ပါက အတိုးနှုန်းသက်သာသော ချေးငွေရယူရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ထောက်ခံတင်ပြမှုများအပေါ် မူတည်၍ ငွေကြေးဆိုင်ရာ သို့မဟုတ် နည်းပညာဆိုင်ရာ ထိရောက်မှုရှိစေရန် အတွက် ချေးငွေ၏သတ်မှတ်အစိတ်အပိုင်းကို နည်းပညာအကူအညီအတွက် အသုံးပြုရမည်။

မှတ်ချက် - ယေဘုယျအားဖြင့် မြန်မာအစိုးရမှ ချေးငွေရယူပြီး အကောင်အထည်ဖော်ရာတွင် ပြန်လည်ရရှိလာမည့် အကျိုးအမြတ်များမှာ စီးပွားရေးအရ တွက်ချေကိုက်သည်ဟု ယူဆသော စီမံကိန်းများအတွက်သာ အတိုးနှုန်းသက်သာသော ချေးငွေများကို အသုံးပြုရန်ဖြစ်ပါသည်။ သို့သော် မြန်မာအစိုးရအနေဖြင့် ရေရှည်စီးပွားရေး အကျိုးအမြတ်များ ပေးစွမ်းနိုင်သည့် လူမှုစီးပွားရေး လုပ်ငန်းများအတွက်လည်း အတိုးနှုန်းသက်သာသော ချေးငွေများ အသုံးပြုကောင်း ပြုနိုင်ပါသည်။

မှတ်ချက်- ဖွံ့ဖြိုးမှုလုပ်ငန်းများအပေါ် ဦးစားပေးသည့် အတိုးနှုန်းသက်သော ချေးငွေမဟုတ်သည့် ငွေကြေးစနစ်များနှင့် အခြားသောချေးငွေပုံစံများအား DACU မှ အထူးအခြေအနေအရပ်ရပ်တို့တွင် ထည့်သွင်းစဉ်းစားနိုင်ပါသည်။

## ၅.၆. စည်းနှောင်မှုမရှိသော အကူအညီနှင့် ဒေသတွင်းဝယ်ယူမှုစနစ်

စည်းနှောင်မှုရှိသောအကူအညီ ( ဥပမာ - နိုင်ငံ သို့မဟုတ် အဖွဲ့အစည်းများမှ ဘဏ္ဍာငွေကျခံထားသော သွင်းကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ) သည် တန်ကြေးနှင့်အညီ ဝယ်ယူမှုများ (value for money procurement) အတွက် အစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များစွမ်းဆောင်ရည်ကို ပြင်းထန်စွာ ကန့်သတ်ထားပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအစိုးရအနေဖြင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအား စည်းနှောင်မှုမရှိသောအကူအညီများသာ အပြည့်အဝပေးရန် တိုက်တွန်းထားပါသည်။ ဖွံ့ဖြိုးမှုမိတ်ဖက်များမှ အဆိုပြုထားသော အထောက်အပံ့၊ အတိုးနှုန်းသက်သာသော ချေးငွေဆိုင်ရာ သဘောတူစာချုပ် (သို့) အလားတူ သဘောတူစာချုပ်များတွင် အဆိုပြုထားသော အပြည့်အဝ (သို့မဟုတ်) တစ်စိတ်တစ်ပိုင်း စည်းနှောင်မှုများအား ရှင်းလင်းအောင် ဆောင်ရွက်သင့်ပါကြောင်းနှင့် မည်သည့်အတွက်ကြောင့် အဆိုပါ စည်းနှောင်မှုများရှိသည်ကို ရှင်းလင်း ခိုင်လုံစွာ ထည့်သွင်းသင့်ပါသည်။ ပစ္စည်း/ ဝန်ဆောင်မှုများ ပြည်တွင်း၌ဝယ်ယူမှုကို တိုးမြှင့်ရန်နှင့် ပြည်တွင်းဝယ်ယူမှု မပြုလုပ်နိုင်ခြင်းများအတွက် အကြောင်းပြချက်ပေးနိုင်ရန် PID များအားလုံးအနေဖြင့် ရှင်းလင်းသော လုပ်ငန်းအစီအစဉ်များကိုရေးဆွဲပြီး အစိုးရမိတ်ဖက်များအား မျှဝေပေးရမည်ဖြစ်ပါသည်။

မှတ်ချက် - ဝယ်ယူရေးဥပဒေအသစ်အား လက်ရှိတွင် ပြင်ဆင်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ DAP တွင်ပါဝင်သည့် ဆက်စပ် ဝယ်ယူရေးဥပဒေနှင့် လုပ်ငန်းစဉ်များကိုလည်း ထပ်မံပြင်ဆင်သွားမည် ဖြစ်ပါသည်။

### ၅.၇. ပစ္စည်းအခြေခံ အကူအညီအထောက်အပံ့

PID များမှ ထောက်ပံ့ပေးသော ပစ္စည်းအခြေခံအကူအညီအထောက်အပံ့ကို အစိုးရမှ အသိအမှတ် ပြုပါသည်။ သို့သော် တစ်ခါတစ်ရံ အထောက်ပံ့ပေးသောနိုင်ငံများမှ ညှိနှိုင်းဆောင်ရွက်ခြင်း မရှိပဲ ငွေကြေးအကုန်အကျခံကာ ပစ္စည်းများဝယ်ယူပြီး မြန်မာနိုင်ငံသို့ သယ်ယူပို့ဆောင်လာပြီး ဖြန့်ဝေမှုများပြုလုပ်လေ့ ရှိပါသည်။ ထိုသို့သော လုပ်ဆောင်မှုများသည် ပြည်တွင်းဈေးကွက်ကို ပျက်ပြားစေပါသည်။ ထို့ကြောင့် ဖွံ့ဖြိုးမှုမိတ်ဖက်များမှ လှူဒါန်းသည့်အခါ (သို့မဟုတ်) အစိုးရအဖွဲ့အစည်းမှ တောင်းဆိုသည့်အခါတွင်ဖြစ်စေ ပစ္စည်းအခြေခံအကူအညီများ ပေးအပ်သောအခါ ပြည်တွင်းမှပစ္စည်းများကိုသာ ဝယ်ယူကြရန် အစိုးရအနေဖြင့် မေတ္တာရပ်ခံလိုပါ သည်။

### ၅.၈. စဉ်ဆက်မပြတ်သော နည်းပညာနှင့် ဆက်စပ်ဆောင်ရွက်နိုင်မှု

ဖွံ့ဖြိုးမှုအကူအညီတွင် နည်းပညာ လွှဲပြောင်းမှုနှင့် အသုံးပြုမှုများ ပါဝင်ပြီး အဆိုပါနည်းပညာသည် ထိရောက်သော အသုံးစရိတ်၊ လုံခြုံမှု၊ စည်းနှောင်မှုမရှိခြင်း၊ ကောင်းမွန်သော အထောက်အကူပြုမှုနှင့်အခြားသောစနစ်များနှင့် ဆက်စပ်ဆောင်ရွက်နိုင်မှုများ ပါဝင်ပါသည်။ မြန်မာအစိုးရအနေဖြင့် Open Source နည်းပညာများကို အတတ်နိုင်ဆုံးအသုံးပြုသွားရန် ပိုမိုလိုလားပါသည်။

### ၅.၉. အလုပ်တာဝန်ခွဲဝေခြင်းနှင့် လုပ်ငန်းများဆက်စပ်မှုမရှိပဲ ကွဲလွဲခြင်းများကို ရှောင်ရှားခြင်း

မြန်မာအစိုးရအနေဖြင့် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာလုပ်ငန်းများ ဆက်စပ်မှုမရှိပဲ ကွဲလွဲနေခြင်း၊ ညှိနှိုင်းဆောင်ရွက်မှုမရှိသောကြောင့် လုပ်ငန်းများထပ်နေခြင်း စသည်တို့ကို ရှောင်ကြဉ်လိုသော ဆန္ဒရှိပါသည်။ လက်ရှိတွင် အချို့ PID များသည် ၎င်းတို့၏ သိသာထင်ရှားသော အကျိုးရလဒ်များရရှိရန် မသေချာသည့်ကဏ္ဍများ အပါအဝင် ကဏ္ဍပေါင်းစုံတွင် အကူအညီများပေးအပ်လျက်ရှိပါသည်။

ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်၊ တစ်ဆက်တည်းဖြစ်သောလုပ်ငန်းများအား ဆောင်ရွက်နိုင်ရန်နှင့် သင့်လျော်သော အလုပ်တာဝန်ခွဲဝေမှုရှိစေရန် DACU အနေဖြင့် အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ PID များနှင့် ပူးပေါင်းကာ ဖွံ့ဖြိုးမှုအကူအညီများ ထပ်ဆောင်းရန် လိုအပ်နေသောကဏ္ဍများကို ဖော်ထုတ်ခြင်း၊ အကူအညီများလိုအပ်သည်ထက် ပိုမိုများပြားနေသော ကဏ္ဍများရှိနေပါက ဖော်ထုတ်ခြင်းနှင့် အစိုးရဌာနအဖွဲ့အစည်းများနှင့် PID တို့အကြား ပူးပေါင်းဆောင်ရွက်မှုများအတွက် လိုအပ်သော အကူအညီပေးခြင်းများ ပြုလုပ်သွားမည် ဖြစ်ပါသည်။

ကာလလတ် အခြေအနေတွင် ဖွံ့ဖြိုးမှုမိတ်ဖက်များသည် တစ်ဖွဲ့ချင်းစီမှ ၎င်းတို့၏ သိသာသော အားသာချက်များ ရရှိနိုင်သည့် ကဏ္ဍအချို့တွင်သာ အထောက်အပံ့များပေးခြင်းဖြင့် မြန်မာအစိုးရနှင့် သက်ဆိုင်ရာ ဖွံ့ဖြိုးမှုမိတ်ဖက်များအတွက်ပါ အကျိုးရှိ ထိရောက်မှုများ ပေးနိုင်သည့် အနေအထားကို ဆောင်ရွက်နိုင်ရန် မြန်မာအစိုးရမှ လိုလားပါသည်။

DACU သည် နိုင်ငံတော်နည်းဗျူဟာများနှင့် အလားတူအရေးကိစ္စများ ရေးဆွဲနေစဉ် အခြေအနေများ အပါအဝင် အခြားအခြေအနေများတွင် PID များနှင့် ဆက်သွယ်လုပ်ကိုင်ခြင်းဖြင့် PID များ၏ ဖွံ့ဖြိုးမှုအထောက်အပံ့နှင့် စပ်လျဉ်းသည့် ပူးပေါင်းဆောင်ရွက်မှုအမျိုးမျိုးတွင် ထည့်သွင်းဦးစားပေးရမည့် ကဏ္ဍနှင့်ဦးတည်ချက်များကို ယေဘုယျလမ်းညွှန်မှုများ ပေးသွားမည် ဖြစ်ပါသည်။

## ၅.၁၀. လူသားချင်းစာနာထောက်ထားသည့်အကူအညီ

ပြည်သူများ၏ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်း ထောက်ပံ့ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့တွင် လုံးဝတာဝန်ရှိပါသည်။

လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ ပေးအပ်ရာတွင် ထိရောက်စေရေးနှင့် ပေါင်းစပ်ညှိနှိုင်းမှုများ ပိုမိုအားကောင်းစေရေးအတွက် သက်ဆိုင်ရာမိတ်ဖက်များနှင့် ဆွေးနွေးဆောင်ရွက်သွားရန် မြန်မာအစိုးရမှ သန္နိဋ္ဌာန်ချထားပါသည်။ ထို့အတွက်လည်း လိုအပ်သော လမ်းညွှန်မှုများ ထပ်လောင်း ဖော်ဆောင်သွားမည် ဖြစ်ပါသည်။ လူသားချင်း စာနာမှုဆိုင်ရာ အကူအညီများနှင့် ဖွံ့ဖြိုးမှုအကူအညီများအကြားတွင် ဆက်စပ်မှုများရှိသကဲ့သို့ မတူညီကွဲပြားမှုများရှိကြောင်းလည်း မြန်မာအစိုးရအနေဖြင့် ဂရုပြုမိပါသည်။

ဖွံ့ဖြိုးမှုမိတ်ဖက်များအနေဖြင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပုံစံအားလုံးအား AIMSသို့ အစီရင်ခံထည့်သွင်းကြရမည် ဖြစ်ပါသည်။

## ၆. ခွင့်ပြုချက်ချထားပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

မြန်မာနိုင်ငံအတွက် ပေးအပ်လာသော ဖွံ့ဖြိုးမှုအကူအညီများနှင့်ပတ်သက်သည့် ပေါင်းစပ်ညှိနှိုင်းမှုများ၊ စေ့စပ်ဆွေးနွေးခြင်းများ၊ ခွင့်ပြုချက်ပေးခြင်းများနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများအားလုံးအတွက် ရှင်းလင်းထိရောက်ပြီး တစ်သမတ်တည်းဖြစ်စေမည့် လုပ်ထုံးလုပ်နည်းများ ဖော်ထုတ်သွားရန် မြန်မာအစိုးရမှ သန္နိဋ္ဌာန်ချမှတ်ထားပါသည်။

ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ (PID) တွင် ကိုယ်ပိုင်စီမံခန့်ခွဲမှု အလေ့အထများနှင့် လုပ်ထုံးလုပ်နည်းများရှိကြောင်းကိုလည်း မြန်မာအစိုးရအနေဖြင့် ဂရုပြုမိပါသည်။ သို့ရာတွင် PID များအနေဖြင့် ၎င်းတို့၏လုပ်ထုံးလုပ်နည်းများကိုပိုမိုရိုးရှင်းအောင်ပြုလုပ်၍ မြန်မာအစိုးရမှ ထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်းများ နှင့်ကိုက်ညီမှုရှိအောင် ပြုလုပ်ကြရန် တိုက်တွန်းပါသည်။

အကယ်၍ PID များအနေဖြင့် မလွန်ဆန်နိုင်သော အခြေအနေများကြောင့် မြန်မာအစိုးရ၏ လုပ်ထုံးလုပ်နည်းများကို လိုက်နာနိုင်ခဲ့ခြင်းမရှိပါက PID များမှ အဆိုပါကိစ္စနှင့်ပတ်သက်၍ အသေးစိတ် ဖြေရှင်းချက်များနှင့် အခြားဖြေရှင်းနိုင်သည့် နည်းလမ်းများကို DACU မှ ထည့်သွင်း စဉ်းစားနိုင်ရေးအတွက် အဆိုပြုပေးရမည် ဖြစ်ပါသည်။

| |
|---|
| မှတ်ချက် - ဖွံ့ဖြိုးမှုအကူအညီပုံစံအားလုံးအတွက် အောက်တွင်ဖော်ပြထားသော ခွင့်ပြုချက်ချထားပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အသုံးပြုရမည် ဖြစ်သော်လည်း အစိုးရဌာနအဖွဲ့အစည်းများနှင့် သဘောတူစာချုပ်ချုပ်ဆိုထားမှု မရှိခြင်းနှင့် သို့မဟုတ် PID မှ သီးသန့်ရန်ပုံငွေပေးအပ်ကာ လွတ်လပ်စွာ အကောင်အထည်ဖော်နေသော ကိစ္စရပ်များအပေါ်တွင်မူ သက်ရောက်မှုမရှိပါ။ |

### ဇယား (၁၅) မြန်မာနိုင်ငံ၏ ပြည်သူ့ရင်းနှီးမြှပ်နှံမှုဆိုင်ရာအစီအစဉ်နှင့် စတင်မိတ်ဆက်ခြင်း[၇]

| |
|---|
| စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းကာ မြန်မာနိုင်ငံအတွက် Public Investment Programme (PIP)ကို စတင်ရေးဆွဲမည် ဖြစ်ပါသည်။ PIPတွင် ပြည်ထောင်အစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများမှ ကာလလတ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် ဦးစားပေးလုပ်ငန်းများ ပါဝင်မည်ဖြစ်ပါသည်။ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ထောက်ပံ့ငွေဖြင့်လည်းကောင်း၊ အတိုးနှုန်း |

[၇] အမည်ပြောင်းလဲမှုရှိနိုင်ပါသည်။

သက်သာသော ချေးငွေမျိုးဖြင့်လည်းကောင်း အကူအညီပေးအပ်ရာတွင် PIP အတွင်း ဖော်ပြထားသည့် လုပ်ငန်းများအား ဦးစားပေး ထောက်ပံ့သွားရန် မြန်မာအစိုးရအနေဖြင့် တိုက်တွန်းလိုပါသည်။ ထိုအတွက်လည်း မြန်ဆန်သည့် ခွင့်ပြုချက်ချထားပေးမှုဆိုင်ရာ လုပ်ထုံး လုပ်နည်းများကို ဖော်ထုတ်ရေးဆွဲသွားမည်ဖြစ်ပါသည်။ PIP ရေးဆွဲခြင်းနှင့် ၎င်းနှင့်ဆက်စပ်သော ဖွံ့ဖြိုးမှုမိတ်ဖက်များအပေါ် သက်ရောက်မှုများဆိုင်ရာ အသေးစိတ်အချက်အလက်များကို အချိန်မီ ထုတ်ပြန်ကြေငြာပေးသွားမည် ဖြစ်ပါသည်။

မှတ်ချက်- တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များသည် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ မူဝါဒနှင့် လုပ်ငန်းစဉ်များအား လိုက်နာရမည်ဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တင်ပြလာသော အဆိုပြုလွှာအားလုံးတွင် သက်ဆိုင်ရာဝန်ကြီးချုပ်၏ ကြိုတင်အတည်ပြုချက် လိုအပ်မည် ဖြစ်သည်။

### ၆.၁. အကူအညီ အထောက်အပံ့ဆိုင်ရာ နားလည်မှုစာချွန်လွှာပုံစံ

အကူအညီ အထောက်အပံ့ဆိုင်ရာ သဘောတူညီမှုစာချုပ်များ / နားလည်မှုစာချွန်လွှာများနှင့် အလားတူ စာရွက်စာတမ်းများ ရေးဆွဲရာတွင် **နောက်ဆက်တွဲ (၅)** တွင် ဖော်ပြထားသည့် စံပြုပုံစံကို အသုံးပြုရမည်ဖြစ်ပါသည်။ ၎င်းပုံစံ အသုံးပြုခြင်းဖြင့် မြန်မာအစိုးရနှင့် PID နှစ်ဖက်လုံးမှ လုပ်ထုံးလုပ်နည်းများကို ပိုမိုရိုးရှင်းစေပြီး သုံးသပ်ဆန်းစစ်ချက်များ ပြုလုပ်ခြင်းနှင့် ခွင့်ပြုချက်ချထားပေးခြင်းတို့တွင် ပိုမိုမြန်ဆန်စေရန် ရည်ရွယ်ပါသည်။ ထို့အပြင် အစိုးရဌာန အဖွဲ့အစည်းများမှ တာဝန်ယူဆောင်ရွက်ပေးရသည့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကိုလည်း သိသိသာသာ လျော့နည်းသွားစေမည်ဖြစ်ပါသည်။

## ၆.၂. အမေရိကန်ဒေါ်လာ(၁)သန်းနှင့်အောက် စီမံချက်များ၏ ခွင့်ပြုချက်ချထားပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ[၇]

ဇယား (၁၆) အမေရိကန်ဒေါ်လာ (၁)သန်းနှင့် အောက် စီမံချက်များ၏ ခွင့်ပြုချက်ချထားပေးခြင်း




အကူအညီ အထောက်အပံ့ဆိုင်ရာ အဆိုပြုချက်ကို စီးပွားရေးရာကော်မတီသို့ တင်ပြရန်မလိုပဲ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းမှ အဆိုပြုစီမံကိန်းဆောင်ရွက်ရန် သင့်လျော်မှု ရှိ - မရှိ အားဆုံးဖြတ်ရမည် ဖြစ်ပါသည်။

ထိုသို့ပြုလုပ်ရာတွင် အဆိုပြုစီမံချက်သည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုမူဝါဒ၊ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံကိန်းများ၊ အခြားဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန် လျာထားသည့် လုပ်ငန်းများနှင့် လိုက်လျောညီထွေရှိမှု စသည်တို့နှင့် ကိုက်ညီမှု ရှိရမည်ဖြစ်ပါသည်။ ထိုသို့ပြုလုပ်ရာတွင် အစိုးရဌာနအဖွဲ့အစည်းအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ၊ အခြားသောညှိနှိုင်းရေးကော်မတီများနှင့်လည်း ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ရမည် ဖြစ်ပါ သည်။

ပေးအပ်လာသည့် ထောက်ပံ့ငွေတိုင်းကို လက်ခံရယူရန် တာဝန်ရှိသည်ဟု သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများအနေဖြင့် မှတ်ယူမထားသင့်ပါ။

| |
|---|
| မှတ်ချက် - အဆိုပြုလာသော လုပ်ငန်းသည် မူလရှိပြီးဖြစ်သည့် SCG များ သို့မဟုတ် အလားတူပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ၏ လုပ်ငန်းနယ်ပယ်တွင် ပါဝင်ခြင်းမရှိပါက သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းအနေဖြင့် အလားတူလုပ်ငန်းများ လုပ်ကိုင်နေသည့် အခြားအစိုးရဌာန အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတိုင်ပင်မှုများပြုလုပ်ပြီး သုံးသပ်ချက်များ တောင်းခံရန် တိုက်တွန်းသည်။ |

[၇] ငွေကြေးပမာဏသတ်မှတ်မှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်ခြေနှင့် ဆီလျော်မှုကို ပုံမှန်ပြန်လည် အကဲဖြတ်သွားမည်ဖြစ်သည်။

အကူအညီထောက်ပံ့ငွေပမာဏ အမေရိကန်ဒေါ်လာ(၁)သန်းနှင့်အောက် သေးငယ်သောထောက်ပံ့ငွေများကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများမှ လက်မှတ်ရေးထိုး ခွင့်ပြုပေးနိုင်ပါသည်။ ခွင့်ပြုချက်အား သက်ဆိုင်ရာ PID သို့ စာရေးသားပေးပို့ အကြောင်းကြားရပါမည်။

အကူအညီ ထောက်ပံ့ငွေဆိုင်ရာ သဘောတူညီမှုစာချုပ် / နားလည်မှုစာချွန်လွှာ စံပြုပုံစံ [ နောက်ဆက်တွဲ(၅)]ကိုအသုံးပြုရန် သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းမှ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများအား တိုက်တွန်းရမည် ဖြစ်ပါသည်။

အကူအညီ ထောက်ပံ့ငွေဆိုင်ရာ သဘောတူညီမှုစာချုပ် / နားလည်မှုစာချွန်လွှာ စံပြုပုံစံအား ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်ထားပြီး မြန်မာအစိုးရအပေါ် ထပ်ဆောင်းတာဝန်များ အဆိုပြုထားခြင်း၊ ထိုပြင်ဆင် ဖြည့်စွက်မှုများကြောင့် ဥပဒေကြောင်းအရ လိုက်နာဆောင်ရွက်ရမည့် အခြေအနေ ဖြစ်ပေါ်စေခြင်းများရှိသည်ဆိုပါက သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်း အနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက် တောင်းခံရမည်ဖြစ်ပါသည်။[၉]

> မှတ်ချက် - အကူအညီ ထောက်ပံ့ငွေ ပမာဏ အမေရိကန်ဒေါ်လာ(၁) သန်းနှင့်အထက် စီမံချက်များအတွက် အစိုးရအဖွဲ့အစည်း အနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး (သို့) သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များ ရယူရန် မလိုအပ်ပါ။ အကယ်၍ ရယူရန် လိုအပ်ပါက စီးပွားရေးရာကော်မတီ အတွင်းရေးမှူးရုံးမှ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းဆောင်ရွက်၍ သဘောထားမှတ်ချက်အား ရယူဆောင်ရွက်မည် ဖြစ်ပါသည်။

ခွင့်ပြုချက်ရရှိပါက ဖွံ့ဖြိုးမှုမိတ်ဖက်များမှ အဆိုပါ အဆိုပြုစီမံချက်အား နိုင်ငံခြားအကူအညီ အထောက်အပံ့ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် (AIMS) သို့ စာရင်းဖြည့်သွင်းရမည် ဖြစ်ပါသည်။

စီမံချက်ခွင့်ပြုပြီး (၂)ပတ်အတွင်း သက်ဆိုင်ရာဝန်ကြီးဌာန / အဖွဲ့အစည်းသည် အောက်ဖော်ပြပါ အချက်အလက်များအား နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနသို့ ပေးပို့ရမည် -

- ပြည်ထောင်စုဝန်ကြီးမှ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းသို့ပေးပို့သည့် ခွင့်ပြုစာ
- ခွင့်ပြုထားသည့် အကူအညီထောက်ပံ့ငွေ စီမံချက် အကျဉ်းချုပ် (သက်ဆိုင်မှုရှိပါက)[၁၀]


---

[၉] စံသတ်မှတ်မထားသည့်ပုံစံများနှင့်စပ်လျဉ်း၍ဆက်လက်ရှင်းလင်းဖော်ပြသွားမည်။
[၁၀] အခြားလိုအပ်သည့် လမ်းညွှန်များကို ဆက်လက်ဖော်ပြသွားမည်။

- စီမံကိန်း / အစီအစဉ် ဒီဇိုင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ (သက်ဆိုင်မှုရှိပါက)
- အကူအညီ ထောက်ပံ့ငွေဆိုင်ရာ အပြီးသတ် သဘောတူညီချက် / နားလည်မှု စာချွန်လွှာ (သို့မဟုတ်) အလားတူ စာရွက်စာတမ်းများ ( သက်ဆိုင်မှုရှိပါက)

### ၆.၃. အမေရိကန်ဒေါ်လာ (၁)သန်းနှင့် အထက် အကူအညီ စီမံချက်များအတွက် ခွင့်ပြုချက် ချထားပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်[၁၁]

ဇယား(၁၇) အမေရိကန်ဒေါ်လာ (၁)သန်းနှင့် အထက် အကူအညီ စီမံချက်များအတွက် ခွင့်ပြုချက် ချထားပေးခြင်း




#### ၆.၃.၁ အဆင့် ၁ - ပဏာမ လုပ်ငန်းစဉ်များ ဖော်ထုတ်သတ်မှတ်ခြင်း

သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းမှ တင်ပြသည့် အဆိုပြုစီမံချက်သည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှု မူဝါဒ၊ သက်ဆိုင်ရာကဏ္ဍအလိုက်စီမံကိန်းများ၊အခြားဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန် လျာထားသည့် လုပ်ငန်းများနှင့် လိုက်လျောညီထွေရှိမှုစသည်တို့နှင့် ကိုက်ညီမှုရှိရမည်ဖြစ်ပါသည်။

#### ၆.၃.၂ အဆင့် ၂ - စီးပွားရေးရာကော်မတီသို့ တင်ပြခြင်း

အကူအညီ ထောက်ပံ့ငွေပမာဏ အမေရိကန်ဒေါ်လာ (၁) သန်းနှင့် အထက် စီမံချက်များမှာ စီးပွားရေးရာကော်မတီ၏ ခွင့်ပြုချက် လိုအပ်မည် ဖြစ်ပါသည်။

သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းမှ အောက်ဖော်ပြပါ စာရွက်စာတမ်းများအား ပြည့်စုံစွာ ဖြည့်စွက်၍ စီးပွားရေးရာကော်မတီ အတွင်းရေးမှူးရုံးသို့ တင်ပြရမည် ဖြစ်ပါသည် -

---

[၁၁] ငွေကြေးပမာဏသတ်မှတ်မှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်ခြေနှင့် ဆီလျော်မှုကို ပုံမှန်ပြန်လည် အကဲဖြတ်သွားမည်ဖြစ်သည်။

- ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့ / စီးပွားရေးရာကော်မတီသို့ တင်ပြသည့် အဆိုပြုလွှာ ပုံစံ[၁၂]
- စီမံကိန်း / အစီအစဉ် ဒီဇိုင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ (သက်ဆိုင်မှုရှိပါက)
- အကူအညီထောက်ပံ့ငွေဆိုင်ရာ သဘောတူညီချက် (မူကြမ်း) / နားလည်မှုစာချွန်လွှာ (မူကြမ်း) (သို့မဟုတ်) အလားတူ စာရွက်စာတမ်းများ ( သက်ဆိုင်မှုရှိပါက)

မှတ်ချက် - အကူအညီ ထောက်ပံ့ငွေ ပမာဏ အမေရိကန်ဒေါ်လာ(၁) သန်းနှင့်အထက် စီမံချက်များအတွက် အစိုးရအဖွဲ့အစည်းအနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး (သို့) သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များ ရယူရန် မလိုအပ်ပါ။ အကယ်၍ ရယူရန် လိုအပ်ပါက စီးပွားရေးရာကော်မတီ အတွင်းရေးမှူးရုံးမှ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်း ဆောင်ရွက်၍ သဘောထားမှတ်ချက်အား ရယူဆောင်ရွက်မည် ဖြစ်ပါသည်။

မှတ်ချက် - စီးပွားရေးရာကော်မတီ၏ အတွင်းရေးမှူးရုံးသည် စီးပွားရေးရာကော်မတီသို့ တင်ပြလာသည့် ကိစ္စရပ်များမှ DACU မှ သုံးသပ်ကြည့်ရှုရန် လိုအပ်သည့် ကိစ္စရပ်များကို စီးပွားရေးရာကော်မတီသို့ တင်ပြခြင်းမပြုမီ DACU သို့ ပေးပို့တင်ပြရမည့် တစ်ခုတည်းသော ဆက်သွယ်ရေးလမ်းကြောင်းဖြစ်သည်။ သို့ဖြစ်ပါ၍ အစိုးရဌာနအဖွဲ့အစည်းများ အနေဖြင့် လုပ်ငန်းကိစ္စရပ်များကို DACU သို့ တိုက်ရိုက်ပေးပို့ခြင်း မပြုလုပ်ကြရန် ဖြစ်ပါသည်။

မှတ်ချက် - အစိုးရဌာနအဖွဲ့အစည်းများ အနေဖြင့် လုပ်ငန်းစီမံကိန်း/အစီအစဉ် အဆိုပြုတင်ပြသည့်ပုံစံကို ပေးပို့ရာတွင် သက်ဆိုင်ရာ အပိုင်းများ အားလုံးကို ပြီးပြည့်စုံစွာ ဖြည့်သွင်း တင်ပြခြင်း ပြုလုပ်မှသာ စီးပွားရေးရာကော်မတီနှင့် DACU တို့မှ အချိန်မီ စိစစ်သုံးသပ်မှုများ ပြုလုပ်ပေးနိုင်မည် ဖြစ်ပါသည်။ ဤသို့အဆိုပြုသည့်အပိုင်းတွင် အဆိုပြုတင်ပြသည့် အစိုးရဌာန အဖွဲ့အစည်းများဖက်မှ တောင်းဆိုချက်များရှိလာပါက DACU အနေဖြင့် ကူညီဆောင်ရွက်ပေးနိုင်ပါသည်။ သို့သော် စီမံကိန်းလုပ်ငန်းများ၏ နည်းပညာပိုင်းဆိုင်ရာ ခိုင်မာမှုနှင့် နောက်ဆက်တွဲအကောင်အထည်ဖော်မှုများမှာ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်း၏ တာဝန် ဖြစ်ပါသည်။

DACU အနေဖြင့် ပေးပို့တင်ပြလာသော ကိစ္စရပ်များအားလုံးကို သုံးသပ်သွားမည်ဖြစ်ပြီး လိုအပ်လာပါက ထပ်ဆောင်းသတင်းအချက်အလက်များကို သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများနှင့် PID များ ထံမှ ရယူသွားမည်ဖြစ်ပါသည်။ ထို့နောက်တွင် တင်ပြလာသည့် လုပ်ငန်းစီမံကိန်း /

[၁၂] နောက်ဆက်တွဲ (၇)တွင်ကြည့်ရန်

အစီအစဉ်များနှင့် ၎င်းတို့နှင့်သက်ဆိုင်သော DACU ၏ သဘောထားမှတ်ချက်များ၊ အကြံပြုချက်များကို စီးပွားရေးရာကော်မတီ အတွင်းရေးမှူးရုံးမှ တစ်ဆင့် စီးပွားရေးရာကော်မတီသို့ တင်ပြသွားမည်ဖြစ်ပါသည်။


မှတ်ချက် - အကယ်၍ လုပ်ငန်းစီမံကိန်းများသည် ၁) ငြိမ်းချမ်းရေးတည်ဆောက်ခြင်း နှင့် / သို့မဟုတ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်နေခြင်း၊ ၂) JCB-PPF ၏ ဦးစားပေး ကဏ္ဍများအတွင်း ကျရောက်နေခြင်း နှင့်/သို့မဟုတ်၊ ၃) ငြိမ်းချမ်းရေးလုပ်ငန်း နှင့် သက်ဆိုင်သော နေရာဒေသများတွင် အကောင်အထည်ဖော်နေခြင်းများရှိပါက DACU အနေဖြင့် စီးပွားရေးရာကော်မတီသို့ မတင်ပြမီ JCB-PPF နှင့် လိုအပ်လျှင် ဆွေးနွေးမှုများ ပြုလုပ်မည် ဖြစ်ပါသည်။

စီးပွားရေးရာကော်မတီ၏ ဆုံးဖြတ်ချက်များကို စီးပွားရေးရာကော်မတီ အတွင်းရေးမှူးရုံးအဖွဲ့မှ လုပ်ငန်းစီမံကိန်း တင်ပြသည့် အစိုးရဌာနအဖွဲ့အစည်းသို့ တိုက်ရိုက်ဆက်သွယ်ပေးသွားမည် ဖြစ်ပြီး ယင်းအစိုးရဌာနအဖွဲ့အစည်းမှ သက်ဆိုင်ရာ PIDသို့ အကြောင်းကြားရမည် ဖြစ်ပါသည်။

ခွင့်ပြုချက်ရရှိပါက ဖွံ့ဖြိုးမှုမိတ်ဖက်များမှ အဆိုပါအဆိုပြုစီမံချက်အား AIMS စနစ်တွင် စာရင်း ဖြည့်သွင်းရမည် ဖြစ်ပါသည်။

### ၆.၄. အတိုးနှုန်းသက်သာသော ချေးငွေ ခွင့်ပြုပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်

ဇယား (၁၈) အတိုးနှုန်းသက်သာသော ချေးငွေ ခွင့်ပြုပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်




[၁၇] အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် PID များသို့ ချေးငွေအဆိုပြုလွှာပေးပို့ရန်အတွက် LOI,EOI များကို စီးပွားရေးရာကော်မတီ၏ အတည်ပြုမှုဖြင့် ဆောင်ရွက်နိုင်သည်။ သို့ရာတွင်ချေးငွေရယူမှုဆိုင်ရာ သတ်မှတ်

သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းမှ တင်ပြသည့် အဆိုပြုစီမံချက်သည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှု မူဝါဒ၊ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံကိန်းများ၊ အခြားဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန် လျာထားသည့် လုပ်ငန်းများနှင့် လိုက်လျောညီထွေရှိမှု စသည်တို့နှင့် ကိုက်ညီမှုရှိရမည်ဖြစ် ပါသည်။

### ၆.၄.၂ အဆင့် ၂ - စီးပွားရေးရာကော်မတီသို့ တင်ပြခြင်း

သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းမှ အောက်ဖော်ပြပါ စာရွက်စာတမ်းများအား ပြည့်စုံစွာ ဖြည့်စွက်၍ စီးပွားရေးရာကော်မတီ အတွင်းရေးမှူးရုံးသို့ တင်ပြရမည် ဖြစ်ပါသည် -

- ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ / စီးပွားရေးရာကော်မတီသို့ တင်ပြသည့် အဆိုပြုလွှာပုံစံ[၁၄]
- စီမံကိန်း / အစီအစဉ် ဒီဇိုင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ (သက်ဆိုင်မှုရှိပါက)
- အတိုးနှုန်းသက်သာသောချေးငွေစာချုပ် (မူကြမ်း)

DACU အနေဖြင့် ပေးပို့တင်ပြလာသော ကိစ္စရပ်များအားလုံးကို သုံးသပ်သွားမည်ဖြစ်ပြီး လိုအပ်လာပါက ထပ်ဆောင်း သတင်းအချက်အလက်များကို သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းများနှင့် PID များထံမှ ရယူသွားမည်ဖြစ်ပါသည်။ ထို့နောက်တွင် တင်ပြလာသည့် လုပ်ငန်းစီမံကိန်း / အစီအစဉ်များနှင့် ၎င်းတို့နှင့်သက်ဆိုင်သော DACU ၏ သဘောထားမှတ်ချက်များ၊ အကြံပြုချက်များကို စီးပွားရေးရာကော်မတီအတွင်းရေးမှူးရုံးမှတစ်ဆင့် စီးပွားရေးရာကော်မတီသို့ တင်ပြ သွားမည်ဖြစ်ပါသည်။

စီးပွားရေးရာကော်မတီ၏ ဆုံးဖြတ်ချက်များကို စီးပွားရေးရာကော်မတီ အတွင်းရေးမှူးရုံးအဖွဲ့မှ လုပ်ငန်းစီမံကိန်းတင်ပြသည့် အစိုးရဌာနအဖွဲ့အစည်းသို့ တိုက်ရိုက်ဆက်သွယ် ပေးသွားမည်ဖြစ်ပြီး ယင်းအစိုးရ ဌာနအဖွဲ့အစည်းမှ သက်ဆိုင်ရာ PID သို့ အကြောင်းကြားရမည် ဖြစ်ပါသည်။

> မှတ်ချက် - အတိုးနှုန်းသက်သာသော ချေးငွေစီမံချက်များအတွက် အစိုးရအဖွဲ့အစည်း အနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး (သို့) သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များ ရယူရန် မလိုအပ်ပါ။ အကယ်၍ ရယူရန် လိုအပ်ပါက စီးပွားရေးရာကော်မတီ အတွင်းရေးမှူးရုံး

---

လုပ်ငန်းစဉ်မဟုတ်ပါ ။ သတ်မှတ်လုပ်ငန်းစဉ်အနေဖြင့် ယခုအပိုင်းတွင်ဖော်ပြထားသည့် လုပ်ငန်းစဉ် ၂-၄ အတိုင်းဆောင်ရွက်ရန်ဖြစ်သည်။

[၁၄] နောက်ဆက်တွဲ(၇)တွင်ကြည့်ရန်

မှ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းဆောင်ရွက်၍ သဘောထားမှတ်ချက်အား ရယူဆောင်ရွက်မည် ဖြစ်ပါသည်။

### ၆.၄.၃ အဆင့် ၃ - ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက် ရယူခြင်း

အတိုးနှုန်းသက်သာသောချေးငွေ ချေးယူခွင့်တောင်းခံနိုင်ရန်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြနိုင်ရန် စီးပွားရေးရာကော်မတီ အတွင်းရေးမှူးရုံးအဖွဲ့မှ ပြင်ဆင်ဆောင်ရွက်ပေးမည် ဖြစ်သည်။

မှတ်ချက် - အတိုးနှုန်း သက်သာသည့်ချေးငွေ ချေးယူခွင့်တောင်းခံမှုအား ပြည်ထောင်စုအစိုးရအဖွဲ့နှင့် လွှတ်တော်သို့ မတင်ပြမီ လိုအပ်သော စာရွက်စာတမ်းများ ပြည့်စုံရန်အတွက် စီးပွားရေးရာ ကော်မတီ အတွင်းရေးမှူးရုံးအဖွဲ့မှ စစ်ဆေးသေချာစေမည် ဖြစ်ပါသည်။

ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိပြီးပါက အတိုးနှုန်းသက်သာသည့်ချေးငွေ ချေးယူခွင့်တောင်းခံမှုအား နိုင်ငံတော်သမ္မတရုံးမှတဆင့် လွှတ်တော်သို့ ပေးပို့ရမည်။

### ၆.၄.၄ အဆင့် ၄ - လွှတ်တော်၏ ခွင့်ပြုချက် ရယူခြင်း

တင်ပြလာသော အတိုးနှုန်းသက်သာသည့်ချေးငွေ ချေးယူခွင့်ကို လွှတ်တော်မှ စဉ်းစားဆုံးဖြတ်ပြီးနောက် ၎င်းတို့၏ သဘောထားဆုံးဖြတ်ချက်ကို နိုင်ငံတော်သမ္မတရုံးသို့ စာရေးသားပေးပို့ အကြောင်းကြားမည်ဖြစ်သည်။

### ၆.၄.၅ အဆင့် ၅ - အတိုးနှုန်းသက်သာသောချေးငွေ ချေးယူမှုဆိုင်ရာ ညှိနှိုင်းခြင်း

လွှတ်တော်မှ ခွင့်ပြုပေးပြီးနောက်တွင် အတိုးနှုန်းသက်သာသောချေးငွေကို တရားဝင် လျှောက်ထား ချေးယူနိုင်ရန် နိုင်ငံတော်သမ္မတရုံးမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လုပ်ပိုင်ခွင့် လွှဲအပ်ပေးမည်ဖြစ်သည်။

တရားဝင်လျှောက်လွှာရရှိပြီးနောက်တွင် အတိုးနှုန်းသက်သာသောချေးငွေအစီအစဉ်ကို နိုင်ငံခြားအကူအညီအထောက်အပံ့ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်သို့ ဖွံ့ဖြိုးမှုမိတ်ဖက်များမှ စာရင်းသွင်းရမည်ဖြစ်သည်။

ယင်းနောက် အောက်ဖော်ပြပါ အစိုးရဌာနအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သည့် အတိုးနှုန်းသက်သာသော ချေးငွေဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဖွဲ့စည်းပေးရမည်ဖြစ်သည်။

- MoPF - ငွေတိုက်ဦးစီးဌာန (အဖွဲ့ခေါင်းဆောင်)
- MoPF - ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
- MoPF - နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
- MoPF - မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်
- ပြည်ထောင်စုရှေ့နေချုပ်ရုံး
- အကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရဌာနအဖွဲ့အစည်းအားလုံး

ချေးငွေဆိုင်ရာညှိနှိုင်းမှုများ တရားဝင်မစတင်မီ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် PID တို့မှ ၎င်းတို့နှင့်သက်ဆိုင်သော အတိုးနှုန်း သက်သာသော ချေးငွေဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့များကို လိုအပ်သော အချက်အလက်များ ဝေမျှဖလှယ်ထားရမည်ဖြစ်သည်။ ၎င်းနောက်တွင် ချေးငွေဆိုင်ရာညှိနှိုင်းမှုများကို နှောင့်နှေးကြန့်ကြာမှု အနည်းဆုံးဖြင့် ဆောင်ရွက်သွားရန် ဖြစ်သည်။

ညှိနှိုင်းရေးအဖွဲ့တွင် ပါဝင်သော အဖွဲ့ဝင်အားလုံးသည် မိမိတို့၏ သက်ဆိုင်ရာအဖွဲ့အစည်းများကို အပြည့်အဝ ကိုယ်စားပြုကာ ဆွေးနွေးရမည်ဖြစ်သည်။ ယင်းလုပ်ငန်းစဉ်အတွင်းတွင် မည်သည့် အစိုးရဌာန အဖွဲ့အစည်းများထံမှ သဘောထားမှတ်ချက်တောင်းခံလွှာများ ထပ်ဆောင်းလိုအပ်မှု မရှိရပါ။ သို့ရာတွင် ညှိနှိုင်းရေးအဖွဲ့အနေဖြင့် အဖွဲ့၏သဘောထားမှတ်ချက်များအား ထည့်သွင်းစဉ်းစားနိုင်သည်။

အတိုးနှုန်းသက်သာသောချေးငွေဆိုင်ရာအပြီးသတ် သဘောတူစာချုပ်တွင်ပါဝင်သည့် စည်းကမ်းသတ်မှတ်ချက်များကို ညှိနှိုင်းရေးအဖွဲ့မှ သဘောတူပြီဆိုပါက ငွေတိုက်ဦးစီးဌာနမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ လက်မှတ်ရေးထိုးရန် ပေးပို့ပေးရမည်ဖြစ်သည်။ ချေးငွေစာချုပ်အား အပြီးသတ် လက်မှတ်ရေးထိုးရန်အတွက် ခွင့်ပြုမိန့်အား စီးပွားရေးရာ ကော်မတီ နှင့် အစိုးရအဖွဲ့သို့ တင်ပြရန် မလိုအပ်ပါ။

| |
|---|
| မှတ်ချက် - အထက်ပါကိစ္စရပ်များအတွက် လုပ်ထုံးလုပ်နည်းများ လိုအပ်ပါက ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့အနေဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ |

### ၆.၄.၆ အဆင့် ၆ -အတိုးနှုန်းသက်သာသောချေးငွေ စာချုပ်ချုပ်ဆိုခြင်းနှင့် စီမံခန့်ခွဲခြင်း

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် အတိုးနှုန်းသက်သာသော ချေးငွေစာချုပ်များ အားလုံးအတွက် လက်မှတ်ရေးထိုးရန် တာဝန်ယူရမည်။

အတိုးနှုန်းသက်သာသော ချေးငွေကိစ္စရပ်များ မှားယွင်းမှု မရှိစေရန် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနမှ ဆောင်ရွက်ရမည်။

ချေးငွေအား အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် စီမံချက်/အစီအစဉ်အား စီမံခန့်ခွဲရန် အတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းမှ တာဝန်ရှိသည်။

### ၆.၅. အတိုးနှုန်းသက်သာသောချေးငွေနှင့် ဆက်စပ်ဆောင်ရွက်သည့် စာချုပ်များ၏ ခွင့်ပြုချက်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ချေးငွေစာချုပ်နှင့် ဆက်စပ်သော စာချုပ်များ ( ဥပမာ - ကုန်စည်နှင့် ဝန်ဆောင်မှုများဆိုင်ရာ ထောက်ပံ့မှု စာချုပ်များ) နှင့် ချေးငွေ နှင့် ဆက်စပ်ဆောင်ရွက်ရမည့် အစီအစဉ်များ ( ချေးငွေစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ပြီးသည့်) အား သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ လက်မှတ်ရေးထိုးရန် ခွင့်ပြုနိုင်သည်။

စာချုပ်ချုပ်ဆိုရန် ချေးငွေညှိနှိုင်းရေးအဖွဲ့တွင် အောက်ဖော်ပြပါအဖွဲ့အစည်းများ ပါဝင်ရမည် -

- အကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရဌာနအဖွဲ့အစည်း (အဖွဲ့ခေါင်းဆောင်)
- ငွေကြေးထောက်ပံ့သည့် အဖွဲ့အစည်း (ဒု - အဖွဲ့ခေါင်းဆောင်)
- MoPF - ငွေတိုက်ဦးစီးဌာန
- MoPF - ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
- MoPF - စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန
- ပြည်ထောင်စုရှေ့နေချုပ်ရုံး
- မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း (MDI)
- အခြား ဆက်စပ်အဖွဲ့အစည်းများ ( သက်ဆိုင်မှုရှိပါက )

| |
|---|
| မှတ်ချက် - အထက်ပါကိစ္စရပ်များအတွက် လုပ်ထုံးလုပ်နည်းများ လိုအပ်ပါက ဖွံ့ဖြိုးမှုအကူအညီ များ ညှိနှိုင်းရေးအဖွဲ့အနေဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ |

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းမှ ခွင့်ပြုပါကချေးငွေညှိနှိုင်းရေးအဖွဲ့သည် ချေးငွေတွင်ပါဝင်သည့် နည်းပညာဆိုင်ရာ အကူအညီ ပေးရေး ကိစ္စရပ်များနှင့် ဝယ်ယူရေးဆိုင်ရာ အစီအစဉ်များအား ထပ်မံတင်ပြရန် မလိုအပ်ပဲ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

ချေးငွေစာချုပ်အား အပြီးသတ် လက်မှတ်ရေးထိုးရန် အတွက် ခွင့်ပြုမိန့်အား စီးပွားရေးရာ ကော်မတီ နှင့် အစိုးရအဖွဲ့သို့ တင်ပြရန် မလိုအပ်ပါ။

ညှိနှိုင်းရေးအဖွဲ့အနေဖြင့် အဆိုပါစာချုပ်များ ချုပ်ဆိုရာတွင် အခက်အခဲရှိပါက လိုအပ်သော ညှိနှိုင်းမှုများနှင့် အပြီးသတ် ဖြေရှင်းမှုများအတွက် DACU သို့ တင်ပြနိုင်သည်။

မှတ်ချက်။ တိုင်းဒေသကြီး / ပြည်နယ် အစိုးရများအနေဖြင့် ဖွံ့ဖြိုးမှုအကူအညီ ရယူဆောင်ရွက်ပါက အထက်ဖော်ပြပါ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများအား လိုက်နာဆောင်ရွက်ရမည်။ တိုင်းဒေသကြီး / ပြည်နယ်အစိုးရများမှ တင်ပြလာသည့် အဆိုပြုစီမံချက်များသည် သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်ဝန်ကြီးချုပ်၏ ခွင့်ပြုချက် လိုအပ်မည်ဖြစ်သည်။

### ၆.၆. ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာပူးပေါင်းဆောင်ရွက်မှု/မူဘောင်သဘောတူညီမှုများကို ခွင့်ပြုချက် ရယူခြင်း(Development Cooperation/Framework Agreement Approval)

မြန်မာနိုင်ငံရှိ ဖွံ့ဖြိုးမှုအကူအညီအများစုသည် မြန်မာနိုင်ငံတော်အစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့ အစည်းတို့၏ ညှိနှိုင်းဆွေးနွေးထားသည့် မူဘောင် (Framework)သဘောတူညီမှုများတွင်ပါဝင် သည်။ ယင်းသဘောတူညီမှုများတွင် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များမှ မြန်မာနိုင်ငံသို့ ပေးအပ်သည့် ဖွံ့ဖြိုးမှုအကူအညီများနှင့်စပ်လျဉ်း၍ ကျယ်ပြန့်သည့်ရည်မှန်းချက်များနှင့် ကဏ္ဍဆိုင်ရာ ဦးတည် ချက်များပါရှိသည်။

ယင်းတို့ကို အဖွဲ့အလိုက်အကူအညီ(grant)များ၊ သက်သာသောချေးငွေဆိုင်ရာ သဘောတူညီချက် များ (Concessional Loan Financing Agreements)တွင် အခြေခံအချက်များအဖြစ်လည်း အသုံးပြုပါသည်။

DACU ၏ လမ်းညွှန်မှုဖြင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနသည် သဘောတူညီချက် ဆိုင်ရာ ညှိနှိုင်းဆွေးနွေးခြင်းများကို ဦးဆောင်သွားမည်။

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန(FERD)နှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များသည်သက်ဆိုင်ရာ အစိုးရဌာန /အဖွဲ့အစည်းနှင့်အတူ မူကြမ်းရေးဆွဲခြင်းနှင့် ညှိနှိုင်းဆွေးနွေးခြင်းတွင် ပါဝင် ဆောင်ရွက်မည်ဖြစ်ပြီး ရရှိလာသည့် သဘောထားမှတ်ချက်များကို DACU မှ သုံးသပ်နိုင်ရန် ပြုစု တင်ပြသွားမည်ဖြစ်သည်။

DACU မှ သုံးသပ်ချက်များကို ထပ်မံပြုစုမည့် မူကြမ်းများတွင် ထည့်သွင်း ပြင်ဆင်နိုင်ရန် အတွက် FERD မှ တစ်ဆင့် PID ထံပေးပို့သွားမည်ဖြစ်သည်။ အကယ်၍ PID အနေဖြင့်

DACU ၏ သုံးသပ်ချက်များကို နောက်ထပ်ပြုစုသည့် မူကြမ်းများတွင် ထည့်သွင်းခြင်း မပြုလုပ်နိုင်ပါက ထိုသို့ မထည့်သွင်းနိုင်ရသည့် အကြောင်းပြချက်ကို အသေးစိတ်ရှင်းလင်း ရေးသားကာ FERD သို့ ပေးပို့ပေးရမည်ဖြစ်သည်။

ညှိနှိုင်းမှုများ ပြုလုပ်ပြီးနောက် ရရှိလာသည့် သဘောတူညီချက် အပြီးသတ်မူကြမ်းကို FERD ရှိ စီးပွားရေးရာကော်မတီအတွင်းရေးမှူးအဖွဲ့ မှတစ်ဆင့် စီးပွားရေးရာကော်မတီသို့ ပေးပို့ရမည် ဖြစ်သည်။ စီးပွားရေးရာကော်မတီသည် ထိုသဘောတူညီချက်ကို ခွင့်ပြုပေးနိုင်သည့် အခွင့် အာဏာရှိသည်။

သဘောတူစာချုပ်များသည် မည့်သည့် အဖွဲ့အစည်းတွင်မဆို ဥပဒေပိုင်းဆိုင်ရာ စည်းနှောင်မှု အဖြစ်မမှတ်ယူသင့်ပဲ PID ၏ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ ဦးစားပေးများကို ခြုံငုံသတ်မှတ်မှုနှင့် အတူဆောင်ရွက်ရန် လျာထားသည့် စီမံကိန်းများနှင့်အစီအစဉ်များ (သို့မဟုတ်/နှင့်) အလေးထား ဆောင်ရွက်မည့် အပိုင်းများကို ဖော်ပြသည့်အနေဖြင့်သာ အတတ်နိုင်ဆုံး သတ်မှတ်ရန်ဖြစ်သည်။ သဘောတူစာချုပ်များတွင် စိတ်ချယုံကြည်ရလောက်သော နှစ်ရှည်ဖွံ့ဖြိုးမှုအကူအညီ ဆိုင်ရာ ကတိကဝတ်များ၊ အကျိုးခံစားရမည့် / အကောင်အထည်ဖော်မည့် အဖွဲ့အစည်းများ၊ ဒေသ တည်နေရာများ နှင့် ရည်ရွယ်ထားသည့် ဆောင်ရွက်ပုံ နည်းလမ်းများကို ဖော်ပြရမည် ဖြစ်သည်။ လုပ်ငန်းထပ်နေခြင်းများ ရှောင်ရှားရန်၊ ပိုမိုထိရောက်သော အလုပ်တာဝန်ခွဲဝေမှုများ ပြုလုပ်နိုင် ရန် နှင့် ဖွံ့ဖြိုးမှုအကူအညီများကို အထိရောက်ဆုံးအသုံးပြုနိုင်ရန်အတွက် သဘောတူစာချုပ် မူကြမ်းများ ပြင်ဆင်နေသည့် လုပ်ငန်းစဉ် တစ်လျှောက်လုံးတွင် သက်ဆိုင်ရာ SCG များ နှင့် ဆွေးနွေးမှုများ ပြုလုပ်ကြရန် PID အားလုံးအား တိုက်တွန်းလိုပါသည်။

သဘောတူစာချုပ်ချုပ်ဆိုမှု ပြုလုပ်တိုင်း မူရင်းစာချုပ်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ရယူသိမ်းဆည်းရန် ဖြစ်ပါသည်။

| |
|---|
| မှတ်ချက် - ခြွင်းချက်အခြေအနေများတွင် မြန်မာအစိုးရ၏သဘောတူညီမှုအပေါ်မူတည်ကာ PID များ အနေဖြင့် ဖွံ့ဖြိုးမှုဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်း/မူဘောင် သဘောတူစာချုပ်များ အစား သက်ဆိုင်ရာ မြန်မာအစိုးရဘက်မှ တာဝန်ရှိသူများနှင့် ဆွေးနွေးမှုများ ပုံမှန်ပြုလုပ်နိုင်ပါသည်။ ထိုသို့သောအခြေအနေမျိုးများတွင် ဖွံ့ဖြိုးမှုအကူအညီနှင့်ဆိုင်သော ကိစ္စရပ်များအတွက် စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဦးဆောင်ဆွေးနွေးရမည် ဖြစ်ပါ သည်။ |

## ၆.၇. သဘောတူညီချက်အား ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခြင်း

သဘောတူညီထားသည့် စီမံကိန်းနှင့်အစီအစဉ်များကို သတ်မှတ်ထားသည့် မူရင်းအချိန်ကာလအတွင်းထိရောက်သော ရလဒ်များရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း ခိုင်လုံသည့် အကြောင်းပြချက် နှင့်/သို့မဟုတ် သက်သေအထောက်အထားများ ပြသနိုင်ခြင်းမရှိပဲ သိသာစွာ သက်တမ်းတိုးမြှင့်ခြင်းအား မြန်မာအစိုးရအနေဖြင့် အားမပေးလိုပါ။ သက်တမ်းတိုးမြှင့်ရန် အဆိုပြုချက်များအားလုံးအတွက် သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းများထံမှ ထောက်ခံချက် အပြည့်အဝပါရှိရမည် ဖြစ်သည်။

အကယ်၍ ငွေကြေးရရှိချိန် (သို့မဟုတ်) အကောင်အထည်ဖော်ချိန် နောက်ကျခြင်းများကြောင့် သက်တမ်း တိုးမြှင့်ပေးရန် တောင်းဆိုခြင်းများဖြစ်ပါက နောင်တွင် အလားတူဖြစ်ရပ်မျိုးမှ ရှောင်ရှားနိုင်ရန်အတွက် DACU မှ FERD ၊ သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းများ၊ PID တို့အား စာချုပ်သက်တမ်းတိုးမြှင့်ခွင့်မပြုမီ ခေါ်ယူဆွေးနွေးသွားမည်ဖြစ်သည်။

### ၆.၇.၁ ငွေပမာဏ အမေရိကန်ဒေါ်လာ (၁) သန်းနှင့် အောက် နားလည်မှုစာချွန်လွှာများ သက်တမ်း တိုးမြှင့်ခြင်း/ ပြောင်းလဲချုပ်ဆိုခြင်း

ငွေပမာဏအမေရိကန်ဒေါ်လာ (၁) သန်းနှင့်အောက် နားလည်မှုစာချွန်လွှာများ သက်တမ်းတိုးမြှင့်ခြင်း / ပြောင်းလဲချုပ်ဆိုခြင်းနှင့် ငွေပမာဏ အမေရိကန်ဒေါ်လာ (၁) သန်း နှင့်အောက် ထပ်မံပေးအပ်သည့် သဘောတူစာချုပ်များအား အဆိုပြုလာခြင်း အတွက် သက်ဆိုင်ရာအစိုးရ ပြည်ထောင်စုဝန်ကြီး / ဝန်ကြီးချုပ်သည် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ / စီးပွားရေးရာ ကော်မတီသို့ တင်ပြရန်မလိုအပ်ပဲ ဆောင်ရွက်နိုင်သည်။

စီမံချက်ခွင့်ပြုပြီး (၂)ပတ်အတွင်း သက်ဆိုင်ရာဝန်ကြီးဌာနသည် သက်တမ်းတိုးမြှင့်သည့် စာချုပ်များအတွက် အောက်ဖော်ပြပါ စာရွက်စာတမ်းများအား နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနသို့ တင်ပြရမည် -

- ပြည်ထောင်စုဝန်ကြီး/ဝန်ကြီးချုပ်မှဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းသို့ ပေးပို့သည့် သက်တမ်းတိုးမြှင့်သည့် အဆိုပြုလွှာ
- ခွင့်ပြုထားသည့် အကူအညီထောက်ပံ့ငွေ စီမံချက် အကျဉ်းချုပ် (သက်ဆိုင်မှုရှိပါက)

- ပြန်လည်ပြင်ဆင်ထားသည့် စီမံကိန်း/အစီအစဉ် ဒီဇိုင်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ (သက်ဆိုင်မှုရှိပါက)[၁၅]
- ပြန်လည်ပြင်ဆင်ထားသည့် အကူအညီ ထောက်ပံ့ငွေဆိုင်ရာ အပြီးသတ် သဘောတူညီချက် / နားလည်မှု စာချွန်လွှာ (သို့မဟုတ်) အလားတူ စာရွက်စာတမ်းများ (သက်ဆိုင်မှုရှိပါက)

### ၆.၇.၂ ငွေပမာဏ အမေရိကန်ဒေါ်လာ(၁)သန်းနှင့် အထက် နားလည်မှုစာချွန်လွှာများ သက်တမ်းတိုးမြှင့်ခြင်း/ ပြောင်းလဲချုပ်ဆိုခြင်း

ငွေပမာဏအမေရိကန်ဒေါ်လာ(၁) သန်းနှင့်အထက် နားလည်မှုစာချွန်လွှာများ သက်တမ်းတိုးမြှင့်ခြင်း / ပြောင်းလဲချုပ်ဆိုခြင်းနှင့် ငွေပမာဏ အမေရိကန်ဒေါ်လာ (၁) သန်းနှင့် အထက် ထပ်မံပေးအပ်သည့် သဘောတူစာချုပ်များအား အဆိုပြုလာခြင်းအတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းသည် အဆိုပါကိစ္စအား စီးပွားရေးရာကော်မတီသို့ တင်ပြရမည် -

- ဖွံ့ဖြိုးမှုမိတ်ဖက်များမှ သက်တမ်းတိုးမြှင့်ရန် အဆိုပြုလွှာ
- လက်ရှိပူးပေါင်းဆောင်ရွက်နေမှု သို့မဟုတ် စီမံကိန်းနှင့်အစီအစဉ်များ၏ ဆီလျော်မှု၊ အကျိုးသက်ရောက်မှု၊ ထိရောက်မှုနှင့် ရေရှည်ထိန်းထားနိုင်မှုဆိုင်ရာ ကိစ္စများနှင့် လက်ရှိနားလည်မှုစာချွန်လွှာနှင့် သဘောတူညီမှုစာချုပ်တို့၏ အကဲဖြတ်သုံးသပ်ချက်

ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့ (DACU) သည် ကိစ္စရပ်အလိုက် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပြီး စီးပွားရေးရာကော်မတီမှ အပြီးသတ် ဆုံးဖြတ်ရန်အတွက် အကြံပြုချက်များကို ရေးသား တင်ပြသွားမည်ဖြစ်သည်။

---

[၁၅] အခြားလိုအပ်သည့် လမ်းညွှန်များကို ဆက်လက်ဖော်ပြသွားမည်။

## ၇. နည်းပညာအကူအညီရယူခြင်း (Technical Assistance Delivery)

မြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံ၏ဖွံ့ဖြိုးမှုဦးစားပေးများနှင့်အညီ ပြည်သူများနှင့် အဖွဲ့အစည်းများဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေးကို ရည်ရွယ်၍ ဖွံ့ဖြိုးမှုအကူအညီများဖြင့် အကြံပေးဝန်ဆောင်မှုများနှင့် နည်းပညာအကူအညီများကို ပိုမိုကျယ်ပြန့်စွာ အသုံးချဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံတော်အစိုးရသည် ပြည်သူများနှင့် အဖွဲ့အစည်းများဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့် အသိပညာလွှဲပြောင်းရယူရေး ကိစ္စရပ်များတွင် နည်းပညာအကူအညီများ၏ အသုံးဝင်မှုကို အသိအမှတ်ပြုပါသည်။ နည်းပညာအကူအညီများသည် မိမိတို့နိုင်ငံ၏ လိုအပ်ချက်များနှင့်အညီဖြစ်ခြင်း၊ စီမံခန့်ခွဲမှုကောင်းမွန်ခြင်း၊ အရည်အသွေးကောင်းမွန်ခြင်းနှင့် အကျိုးကျေးဇူးရရှိခြင်း စသည့်အချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်။

နည်းပညာအကူအညီများကို အသုံးပြုရာတွင် စွမ်းဆောင်ရည်မြှင့်တင်ရေးသည် အဓိကကျသည့်ကိစ္စရပ်အဖြစ် ပါဝင်ပါသည်။ နည်းပညာအကူအညီများကို ပြည်တွင်းအကူအညီများဖြင့် လဲလှယ်ဆောင်ရွက်ခြင်း (သို့မဟုတ်) ရေရှည်တည်မြဲမှုမရှိခြင်း ( မြန်မာနိုင်ငံအနေဖြင့် ရေရှည်ဆောင်ရွက်ရန်အဆင်မပြေသည့် ကိစ္စရပ်များ) များကို ရှောင်ရှားဆောင်ရွက်ရမည်။ ယင်းအချက်များကြောင့် မြန်မာနိုင်ငံတော်အစိုးရသည် **'နည်းပညာအကူအညီဆိုင်ရာလမ်းညွှန်'** ကို ရေးဆွဲထုတ်ပြန်ခြင်းဖြစ်ပါသည်။

### ၇.၁ စေတနာ့ဝန်ထမ်း နည်းပညာအကူအညီများ[၁၆]

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတကာစေတနာ့ဝန်ထမ်းများ ကူညီဆောင်ရွက်ခြင်းမှ အကျိုးရလဒ်များရရှိခဲ့ပါသည်။ သို့ရာတွင် စေတနာ့ဝန်ထမ်းများအတွက် စီမံဆောင်ရွက်ခြင်းကိစ္စရပ်များသည် နည်းပညာအကူအညီများကဲ့သို့ပင် ကုန်ကျစရိတ်များ ကျခံဆောင်ရွက်ရပါသည်။ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်မည့် စေတနာ့ဝန်ထမ်းများအတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းမှ ဦးဆောင်၍ ယင်းမှကူညီ ဆောင်ရွက်ရမည့်လုပ်ငန်း နယ်ပယ်သတ်မှတ်ခြင်းနှင့် လိုအပ်သည့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များနှင့် ဆက်သွယ်ခြင်း

---

[၁၆] အစိုးရဌာနများရှိ အခမဲ့ စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်သူများ အကျုံးဝင်ပါသည်။

များကို ဆောင်ရွက်ရမည်။ အထက်ပါအချက်များကို အခြေခံ၍ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်း များမှ စေတနာ့ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ညှိနှိုင်းဆောင်ရွက်ရမည်။

### ၇.၂ နည်းပညာအကူအညီဆိုင်ရာလမ်းညွှန်

နည်းပညာအကူအညီများသည် မြန်မာနိုင်ငံ၏လိုအပ်ချက်၊ ပုံစံတကျရှိမှုနှင့် အကျိုးရလဒ်များ ရရှိခြင်းဖြင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ ဖြစ်စေရမည်။ သို့ရာတွင် နည်းပညာအကူအညီများသည် ထောက်ပံ့မှုအရ ဆောင်ရွက်ခြင်း (supply driven) ၊ စီမံခန့်ခွဲမှု အားနည်းခြင်းနှင့် အကျိုးရလဒ်နည်းပါးခြင်းစသည့် ဆန့်ကျင်ဘက်ရလဒ်များ ဖြစ်ပေါ်စေပါ သည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတော် အစိုးရသည် နည်းပညာအကူအညီများကို ထိရောက်စွာ အသုံးပြုနိုင်ရေးကို ရည်ရွယ်၍ ယခုလမ်းညွှန်ကို ရေးဆွဲခြင်းဖြစ်ပါသည်။ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့ များ အနေဖြင့် လည်း နည်းပညာအကူအညီများကို ယခုလမ်းညွှန်နှင့်အညီ ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

ဤလမ်းညွှန်ချက်သည် အောက်ဖော်ပြပါအချက်များဖြင့် ဆောင်ရွက်မည့် နည်းပညာအကူအညီ အားလုံးနှင့် သက်ဆိုင်သည် -

- ဖွံ့ဖြိုးမှုအကူအညီကို အသုံးပြု၍ မြန်မာနိုင်ငံ၏ အစိုးရအဖွဲ့အစည်းများမှ တိုက်ရိုက် ဆောင်ရွက်ခြင်း
- မြန်မာနိုင်ငံ၏ အစိုးရအဖွဲ့အစည်းများတွင် ကာလရှည် တာဝန်ထမ်းဆောင်ရန် ဖွံ့ဖြိုးမှု မိတ်ဖက်များမှ ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များအနေဖြင့် ဥပဒေပိုင်းဆိုင်ရာ သို့မဟုတ် အကောင်အထည် ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ယခုလမ်းညွှန်နှင့်အညီ ဆောင်ရွက်နိုင်ခြင်းမရှိ ပါက ယင်းအချက်များကို တိကျသေချာစွာ ဖော်ပြ၍ ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (DACU) သို့ အကြောင်းကြားပေးပို့ရမည်။ ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့သည် သက်ဆိုင်ရာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့နှင့်အတူ နှစ်ဦးနှစ်ဖက် သဘောတူညီစွာ ဆောင်ရွက်နိုင်မည့် နည်းလမ်းကို သတ်မှတ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။ ယခုလမ်းညွှန်တွင် မပါဝင်သည့် သီးခြားကိစ္စရပ်များအတွက် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့မှ သုံးသပ်ဆောင်ရွက်သွား မည် ဖြစ်သည်။

ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များအနေဖြင့် နည်းပညာအကူအညီ မဟုတ်သည့် ကျွမ်းကျင်သူများ (သံတမန်အရာရှိဟောင်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပညာရှင်များနှင့် စေတနာ့ဝန်ထမ်းများ) ဖြင့်

လည်း အကူအညီပေးနိုင်ပါသည်။ ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့အနေဖြင့် ယင်းကျွမ်းကျင်သူများကိုလည်း ယခုလမ်းညွှန်နှင့်အညီ ဆောင်ရွက်ရန် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များအား တိုက်တွန်းပါသည်။

ဇယား (၁၉) နည်းပညာအကူအညီဆိုင်ရာလမ်းညွှန်

**ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့ (DACU)၏ လုပ်ငန်းတာဝန်များ**

၁ DACU သည် အစိုးရအဖွဲ့အစည်းများရှိ နည်းပညာအကူအညီ အားလုံးအတွက် ခန့်အပ်ရေး၊ စီမံခန့်ခွဲရေးဆိုင်ရာနှင့် ကြီးကြပ်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် လမ်းညွှန်နှင့် လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် ရှင်းလင်း၍ ထိရောက်မှုရှိသော လုပ်ထုံးလုပ်နည်းများဖြစ်ရန်၊ အကျိုးရလဒ်များရရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြံပြုချက်များကိုလည်း လက်ခံကြိုဆိုပါသည်။

၂ DACU သည် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများမှ တင်ပြလာသည့် နည်းပညာအကူအညီများ လိုအပ်မှုအခြေအနေကို ပြန်လည်သုံးသပ်မည်ဖြစ်သည်။ (အပိုဒ် ၅ တွင်ကြည့်ရန်) DACUသည် လိုအပ်ချက်အပေါ်မူတည်၍ အချက်အလက်များ တောင်းခံခြင်းနှင့် သက်ဆိုင်ရာအဖွဲ့အစည်းနှင့် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

၃ DACU သည် အခမဲ့ စေတနာ့ဝန်ထမ်းနည်းပညာ အကူအညီများကို မှတ်တမ်းတင်ဆောင်ရွက်သွားမည်ဖြစ်သည်။ DACU သည် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်း နှင့်အတူ အခမဲ့စေတနာ့ဝန်ထမ်း နည်းပညာအကူအညီများဖြင့် ဆောင်ရွက်နိုင်ချေရှိသော လုပ်ငန်းများအတွက် ကုန်ကျစရိတ် လျှော့ချနိုင်ရေးနှင့် နည်းပညာပိုင်းဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်သွားမည်ဖြစ်သည်။

၄ DACU သည် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများမှ တင်ပြလာသည့် နည်းပညာအကူအညီများ၏ လုပ်ငန်းညွှန်းတမ်း (ToR) များကို ပြန်လည်သုံးသပ်မည်ဖြစ်သည်။ DACU သို့ တင်ပြသည့်ရက်မှ ၁၄ ရက်အတွင်း သုံးသပ်အကြံပြုချက် သို့မဟုတ် 'ကန့်ကွက်ရန်မရှိကြောင်း' အကြောင်းပြန်ကြားမည်ဖြစ်သည်။ အကြောင်းပြန်ကြားချက်ရရှိပါက သက်ဆိုင်ရာအဖွဲ့အစည်းအနေဖြင့် ခန့်အပ်ခြင်းဆိုင်ရာကိစ္စရပ်များကိုဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

**အစိုးရဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များ**

၅ နှစ်စဉ်ဘဏ္ဍာရေး စီမံကိန်းများအရ အစိုးရဌာနအဖွဲ့အစည်းများသည် မိမိတို့လိုအပ်မည့် နည်းပညာအကူအညီများ၊ သုံးစွဲမည့်ငွေကြေးအရင်းအမြစ်များကို DACU မှ သတ်မှတ်ထားသည့် ပုံစံဖြင့် DACUသို့ အသိပေးတင်ပြရမည်။ အရေးပေါ် လိုအပ်ချက် ရှိလာပါက သက်ဆိုင်ရာအဖွဲ့အစည်းသည် DACU သို့ အလျင်အမြန် အသိပေးတင်ပြရမည်။

၆ မြန်မာနိုင်ငံတော် အစိုးရအဖွဲ့အစည်းများသည် (DACU မှ သတ်မှတ်ထားသည့် ပုံစံကို အသုံးပြု၍ ) နည်းပညာအကူညီအတွက် လုပ်ငန်းညွှန်းတမ်း(ToR) ရေးဆွဲသည့် ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ငန်းသတ်မှတ်ချက်များ အချိန်နှင့်အညီ ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ အကျိုးရလဒ်များ စသည်တို့ ပါဝင်ရမည်။ လုပ်ငန်းသတ်မှတ်ချက်များတွင် အသိပညာလွှဲပြောင်းရယူခြင်း၊ အစိုးရဝန်ထမ်းများအတွက် စွမ်းရည်မြှင့်တင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် အစီရင်ခံတင်ပြခြင်း၊ အစိုးရဌာန အဖွဲ့အစည်းမှ တာဝန်ယူ ဆောင်ရွက်ရမည့် ကိုယ်စားလှယ်(များ) စသည့် အချက်များ ပါဝင်ရမည်။[၁၇] သက်ဆိုင်ရာ အဖွဲ့အစည်းသည် ခန့်အပ်ခြင်းနှင့် ကြော်ငြာခေါ်ယူခြင်းအတွက် အသုံးပြုသည့် လုပ်ငန်းညွှန်းတမ်း (ToR) များကို သုံးသပ်အကြံပြုနိုင်ရန် DACU သို့ တင်ပြရမည်။

( အပိုဒ် ၄ တွင် ကြည့်ရန် )

၇ အစိုးရအဖွဲ့အစည်းများ သို့မဟုတ် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များသည် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရေးနှင့် ပြည်တွင်း/ပြည်ပမှ လျှောက်ထားသူများ ရရှိရေးအတွက် ခန့်အပ်မည့်ရာထူးနေရာနှင့် လုပ်ငန်းညွှန်းတမ်းများကို မြန်မာ/ အင်္ဂလိပ် နှစ်ဘာသာဖြင့် online မှ အလုပ်ကြော်ငြာခေါ်ယူခြင်း (မြန်မာ website အပါအဝင်) သို့မဟုတ် သက်ဆိုင်ရာ websites များတွင် ကြော်ငြာခေါ်ယူခြင်းများ ဆောင်ရွက်နိုင်သည်။

၈ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများသည် ရည်ရွယ်ထားရှိမှု၊ ပွင့်လင်းမြင်သာမှု၊ လိုအပ်မှု အခြေအနေများကို မူတည်၍ နည်းပညာအကူအညီများကို ကနဦး ရွေးချယ်စာရင်း (shortlisted) မှ အပြီးသတ်ရွေးချယ်ခြင်းကို တာဝန်ယူဆောင်ရွက်ရမည်။

၉ အသိပညာ လွှဲပြောင်းရယူရေးအတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများသည်

[၁၇] PID များမှ ယင်းတို့၏ ဥပဒေပိုင်းဆိုင်ရာ သို့မဟုတ် ဝယ်ယူခြင်းဆိုင်ရာ ကိစ္စရပ်များအရ TOR များ ပြုစုခြင်းကို ကြိုဆိုပါသည်။ DACU စံပုံစံများတွင်လည်း ထည့်သွင်းသွားမည်ဖြစ်သည်။

နည်းပညာအကူအညီများတွင် မိမိတို့၏ ဝန်ထမ်းကိုယ်စားလှယ် (တစ်ဦး သို့မဟုတ် အဖွဲ့) ကို ပူးတွဲတာဝန် ထမ်းဆောင်စေရမည်။ ယင်းသို့ ဆောင်ရွက်ရာတွင် လက်ရှိ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ပိုမိုသိရှိ နားလည်စေရန်နှင့် သက်ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင်မှု၊ အတွေ့အကြုံများရရှိနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ရမည်ဖြစ်သည်။

၁၀ မြန်မာအစိုးရ အဖွဲ့အစည်းများသည် ဖွံ့ဖြိုးမှုအကူအညီဖြင့် ဆောင်ရွက်သည့် နည်းပညာအကူအညီများအတွက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များနှင့် ပုံမှန်တွေ့ဆုံဆွေးနွေးရမည်။ အစိုးရအဖွဲ့အစည်းများသည် အောင်မြင်စွာ ဆောင်ရွက်နိုင်မှု၊ ရရှိသည့် အတွေ့အကြုံကောင်းများနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာလိုအပ်ချက်များကို DACU မှ သိရှိထားနိုင်ရန် သတင်းမျှဝေ ဆောင်ရွက်ရမည်။

၁၁ မြန်မာအစိုးရအဖွဲ့အစည်းများသည် နည်းပညာအကူအညီဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု လိုအပ်ချက်ရှိပါက တရားဝင်လုပ်ထုံးလုပ်နည်းများ၊ သဘောတူညီချက်များအရပြောင်းလဲဆောင်ရွက်နိုင်ရေးကို ကန်ထရိုက်စာချုပ်တွင် သေချာစွာ ထည့်သွင်းချုပ်ဆိုရမည်။

**ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များ**

၁၂ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များသည် ယခုလမ်းညွှန်ကို လိုက်နာဆောင်ရွက်ရမည် ဖြစ်သည်။ ထပ်မံလိုအပ်ချက်များကို ရှင်းလင်းအဖြေရှာနိုင်ရေး ပူးပေါင်းဆောင်ရွက်ရမည်။

၁၃ ဆောင်ရွက်နိုင်ချေရှိပါက ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များသည် နည်းပညာ အကူအညီများအတွက် ပူးပေါင်းရန်ပုံငွေ ထူထောင်ရမည်။

၁၄ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များ၏ ငွေကြေးအထောက်အပံ့ဖြင့် ဆောင်ရွက်သည့် နည်းပညာအကူအညီများကို AIMS စနစ်တွင် ထည့်သွင်းတင်ပြရမည်။

၁၅ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များနှင့် နည်းပညာအကူအညီများ၏ ငွေကြေးထောက်ပံ့မှုဆိုင်ရာ ကန်ထရိုက် စာချုပ်မိတ္တူများကို သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းသို့ မျှဝေရမည်။[၁၈]

၁၆ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များမှ နည်းပညာအကူအညီများကို တိုက်ရိုက်ငှားရမ်း၍ အစိုးရအဖွဲ့အစည်းများတွင် ကာလရှည် တာဝန်ထမ်းဆောင်စေမည့် ကိစ္စရပ်များအတွက် သက်ဆိုင်ရာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့သည် အနည်းဆုံး လျှောက်ထားသူ (၃) ဦး (ခြွင်းချက်ရှိပါက ရှင်းလင်းချက်ဖြင့်) ကို မြန်မာအစိုးရအဖွဲ့အစည်းများမှ ရွေးချယ်နိုင်ရန် တင်ပြပေးပို့

[၁၈] အချို့သောPID များအနေဖြင့် ဥပဒေပိုင်းဆိုင်ရာ အဆင်မပြေမှုများရှိနိုင်ပါသည်။

ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများသည် လျှောက်ထားသူများ၏ ပညာအရည်အချင်းနှင့် အတွေ့အကြုံစသည့် အချက်အလက်များ မှန်ကန်မှု ရှိစေရန် ဆောင်ရွက်ရမည်။

**နည်းပညာအကူအညီဆိုင်ရာ လုပ်ငန်းတာဝန်များ**

၁၇ နည်းပညာအကူအညီများ၏ လုပ်ငန်းညွှန်းတမ်းအရ ဆောင်ရွက်နေသည့် ကိစ္စရပ်များကို သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းမှ ကိုယ်စားလှယ်အား ပုံမှန်အစီရင်ခံစာ (DACU မှ သတ်မှတ်ထားသည့် ပုံစံဖြင့်) တင်ပြရမည်။

၁၈ မြန်မာနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်း အဖြစ်မှ အနားယူထားသည့် ပုဂ္ဂိုလ်များကို အနားယူသည့် ကာလမှ ၁၂ လ အတွင်း နည်းပညာအကူအညီများတွင် ခန့်အပ်ခြင်းမပြုရ။ (ခြွင်းချက်အနေဖြင့် အငြိမ်းစားရယူရန် သတ်မှတ်ထားသည့် အချက်များနှင့် ကိုက်ညီ၍ အငြိမ်းစားယူသည့် နိုင်ငံ့ဝန်ထမ်းများ မပါဝင်ပါ )

၁၉ နည်းပညာအကူအညီများတွင် အသိပညာလွှဲပြောင်း ပေးအပ်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးကိစ္စရပ်များကို ဦးစားပေးကိစ္စရပ်များအဖြစ် ဆောင်ရွက်ရမည်။

၂၀ နည်းပညာအကူအညီများသည် လက်ရှိလုပ်ငန်း အခြေအနေများကို နားလည်နိုင်ရန်၊ ထိရောက်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ရန်နှင့် အသိပညာလွှဲပြောင်း ပေးအပ်နိုင်ရန်အတွက် မြန်မာနိုင်ငံတွင် အဓိက အခြေပြု ဆောင်ရွက်ရမည်။

၂၁ နည်းပညာအကူအညီများသည် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများနှင့် ကိုက်ညီစွာ ဆောင်ရွက်ရမည်။

မှတ်ချက်- ယခုလမ်းညွှန်ကို ထုတ်ပြန်ခြင်းဖြင့် ရေရှည်တွင် အစိုးရဌာန အဖွဲ့အစည်းများအနေဖြင့် နည်းပညာအကူအညီဆိုင်ရာ ကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့ကော်မတီများသို့ တင်ပြခွင့်ပြုချက် ရယူခြင်းများမှ ကင်းလွတ်နိုင်ရန် ရည်ရွယ်ပါသည်။

မှတ်ချက် - ယခုလမ်းညွှန်သည် ဖွံ့ဖြိုးမှုမိတ်ဖက်များမှ ယင်းတို့၏ ကိုယ်ပိုင်စီမံခန့်ခွဲသည့် ဘတ်ဂျက်ဖြင့် ဆောင်ရွက်သည့် နည်းပညာအကူအညီများ အကျုံးမဝင်ပါ / အခန်း ၆ ၏ ပထမဆုံး မှတ်ချက်ဖြင့် ညှိနှိုင်းကြည့်ရှုရန်

## ၈. အထွေထွေအုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

### ၈.၁ ဗီဇာ

မြန်မာနိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသော ဖွံ့ဖြိုးမှုအထောက်အပံ့ လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်မည့် သံတမန်ဂန်ထမ်းများ၊ အကြံပေးများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းနှင့် ဆက်နွယ်ရာ ဂန်ဆောင်မှုပေးသည့် လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူများ အားလုံးသည် ပြည်ဝင်ခွင့်ဆိုင်ရာ သဘောတူညီထားသည့် မူဘောင်များ၊ နားလည်မှုစာချွန်လွှာများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းအကြား ချုပ်ဆိုထားသော သဘောတူညီချက်များနှင့်အညီ ပြည်ပနိုင်ငံများရှိ မြန်မာသံရုံးများ၊ ဆိုက်ရောက်ဗီဇာ၊ တရားဂင် e-Visa (အဆင့်မြှင့်တင်ရန် ဆောင်ရွက်ဆဲ) စသည့် လမ်းကြောင်းများမှတစ်ဆင့် မြန်မာပြည်ဝင်ခွင့်ဗီဇာကို ရယူလျှောက်ထားနိုင်သည်။

> မှတ်ချက် - ပြည်ဝင်ခွင့်ဗီဇာ လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ လိုအပ်သော သတ်မှတ်ချက်ပြည့်မီမှုများစသည့် ထပ်မံလိုအပ်သော လမ်းညွှန်ချက်များကို ပြည်ဝင်ခွင့်ဗီဇာနှင့် ပတ်သက်သည့် သက်ဆိုင်သူများ၊ အဖွဲ့အစည်းများနှင့်ဆွေးနွေးပြီး၊ နောက်ဆက်တွဲ လမ်းညွှန်ချက်များ ရေးသားပြုစုမည်။

### ၈.၂ မြန်မာနိုင်ငံတွင် ရုံးခန်းဖွင့်လှစ်ဆောင်ရွက်ခြင်း

ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းအားလုံးသည် ပြည်ထဲရေးဂန်ကြီးဌာနမှ သတ်မှတ်ထားသည့် ကန့်သတ်နယ်မြေဒေသများမှလွဲ၍ မြန်မာပြည်ရှိ ကျန်ဒေသအားလုံးတွင် မည်သည့်ခွင့်ပြုချက်မှ ယူစရာမလိုဘဲ ရုံးဖွင့်လှစ်၍ လုပ်ငန်းများ လုပ်ဆောင်နိုင်သည်။ ရုံးခန်း ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး အတွက် လိုအပ်သော ခွင့်ပြုချက်များ အချိန်မီရယူနိုင်ရန် ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းအားလုံးသည် ရုံးခန်းမဖွင့်မီ အနည်းဆုံး နှစ်လကြိုတင်၍ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနသို့ တရားဂင် အကြောင်းကြားရမည်။ ကန့်သတ်နယ်မြေတွင် ရုံးခန်း ဖွင့်လှစ်ဆောင်ရွက်လိုသည့် ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများသည် တရားဂင် ခွင့်ပြုမိန့် လိုအပ်မည် ဖြစ်သည်။ လိုအပ်သော အစီအစဉ်များနှင့် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်နိုင်ရန်အတွက် ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများသည် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနသို့ တရားဂင် အကြောင်းကြားရမည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများအား အချိန်ပြည့် လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုလွှတ်တော်များ ရုံးစိုက်ရာဖြစ်သည့် မြန်မာနိုင်ငံရှိ နေပြည်တော်တွင် ရုံးခန်းဖွင့်လှစ်နိုင်ရေး ထည့်သွင်း စဉ်းစားရန် တိုက်တွန်းလိုသည်။ နေပြည်တော်ကောင်စီနှင့် နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများမှ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများအား လိုအပ်သော အကူအညီ အထောက်အပံ့များ ပေးနိုင်ရန်အတွက် အဆင်သင့်ရှိနေပါသည်။

ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်ကြမည့် ပြည်တွင်းပြည်ပမှ ဝန်ထမ်းများအနေဖြင့် တပ်မတော်၏ နယ်မြေဇုန်ဒေသများမှလွဲ၍ နေပြည်တော်ရှိ မည်သည့် နေရာဒေသတွင်မဆို ငှားရမ်းနေထိုင်ခြင်းအား ခွင့်ပြုသည်။ ထိုသို့ ငှားရမ်းနေထိုင်ရာတွင် မြေပိုင်ရှင်နှင့် ငှားရမ်းနေထိုင်သူများသည် သက်ဆိုင်ရာမြို့နယ် အာဏာပိုင်ထံတွင် မှတ်ပုံတင် ဆောင်ရွက်ခြင်း အပါအဝင် နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများအား တပ်မတော်၏ နယ်မြေဇုန်ဒေသများမှလွဲ၍ နေပြည်တော်ရှိ မည်သည့်နေရာဒေသတွင်မဆို ရုံးခန်းငှားရမ်း ဖွင့်လှစ် ဆောင်ရွက်ခွင့်ပြုသည်။ ထိုသို့ငှားရမ်းနေထိုင်ရာတွင် မြေပိုင်ရှင်နှင့် ငှားရမ်းနေထိုင်သူများသည် သက်ဆိုင်ရာမြို့နယ်အာဏာပိုင်ထံတွင် မှတ်ပုံတင်ဆောင်ရွက်ခြင်းအပါအဝင် နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

အခြားသိရှိလိုသော မေးခွန်းများအား နေပြည်တော်ကောင်စီသို့ ဆက်သွယ်မေးမြန်းနိုင်သည်။

| |
|---|
| မှတ်ချက်။ သံရုံးများနှင့် သံတမန်ရေးရာ လုပ်ငန်းဆောင်ရွက်မှုများအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သီးခြားထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ရမည်။ ဤ DAP တွင် ဖော်ပြထားသည့် လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များသည် သံရုံးများ၊ သံတမန်ရေးရာနှင့် ပတ်သက်သည့် ကိစ္စရပ်များအတွက် သက်ဆိုင်အကျုံးဝင်ခြင်းမရှိပါ။ |

### ၈.၃. အသိပညာဆိုင်ရာ ထုတ်ကုန်များ၊ ညီလာခံများ၊ ဆွေးနွေးပွဲများနှင့် သင်တန်းများ

ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် အသိပညာဆိုင်ရာ ဖြန့်ဝေမှု ထုတ်ကုန်များဖြစ်သည့် ပုံနှိပ်ထုတ်ဝေခြင်း၊ သုတေသနနှင့် အစီရင်ခံစာပြုစုခြင်း စသည်များအား ထုတ်ပြန်နိုင်ရေးအတွက် အားပေးသည်။ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများသည် ညီလာခံများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများနှင့် အလားတူ အရည်အသွေးမြှင့်တင်ရေးနှင့် အသိပညာဖြန့်ဝေရေးများ ဆောင်ရွက်ရာတွင် တက်ရောက်သူ များနိုင်သမျှ အများဆုံးဖြစ်အောင် ဆောင်ရွက်ရန် တိုက်တွန်း

သည်။ ထိုကဲ့သို့သော ဆွေးနွေးပွဲများ၊ အသိပညာပြန့်ပွားရေး လုပ်ငန်းများတွင် ဆွေးနွေးတင်ပြသော အကြောင်းအရာများနှင့် ဖြန့်ဝေသော စာရွက်စာတမ်းများအား မြန်မာဘာသာစကား၊ မြန်မာနိုင်ငံရှိ အခြားသော တိုင်းရင်းသားဘာသာစကားများဖြင့် ဖြန့်ဝေနိုင်ရေး အားပေးသည်။ ထို့အပြင် အင်တာနက်လိုင်းများ ကောင်းမွန်ပါက ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် အစိုးရဌာန အဖွဲ့အစည်းများသည် Online Platform ကို အသုံးပြု၍ ဆွေးနွေးပွဲကို တိုက်ရိုက်ထုတ်လွှင့်ပြသခြင်း၊ ဆွေးနွေးပွဲ ဗွီဒီယိုဖိုင်များ ဖြန့်ဝေခြင်းများအား ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရန် အလေးအနက် တိုက်တွန်းပါသည်။ အင်တာနက်လိုင်း မကောင်းလျှင်လည်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် အစိုးရဌာနအဖွဲ့အစည်းများသည် ဆွေးနွေးပွဲကို ဗွီဒီယိုမှတ်တမ်းတင် ရိုက်ကူး၍ အင်တာနက်လိုင်း ကောင်းသောအချိန်တွင် ပြန်လည်ဖြန့်ဝေပေးရန် တိုက်တွန်းအပ်ပါသည်။

ဇယား (၂၀) ပွင့်လင်းမြင်သာသည့် ဖွံ့ဖြိုးမှု အချက်အလက် အခြေခံသဘောတရား[၁၉]

| |
|---|
| ဖွံ့ဖြိုးမှုအကူအညီဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် လုပ်ငန်းများ၊ ပိုမိုကောင်းမွန်သည့် လုပ်ငန်းဆောင်ရွက်မှုများအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ အစိုးရအဖွဲ့အစည်းများထံမှ ရရှိသည့် အချက်အလက်များသည် အောက်ဖော်ပြပါ ပွင့်လင်းမြင်သာသည့် ဖွံ့ဖြိုးမှုအချက်အလက် အခြေခံသဘောတရားများနှင့်အညီ ဖြစ်ရမည်။ |
| **ပြီးပြည့်စုံမှု။** အချက်အလက်များကို မည်သူမဆို ဝင်ရောက်ကြည့်ရှုနိုင်သော ဝက်ဘ်ဆိုက်များမှ တစ်ဆင့် ပုဂ္ဂလိက အသုံးပြုမှုဆိုင်ရာ အကန့်အသတ်များနှင့်[၁၉]/ (သို့မဟုတ်) လုံခြုံရေးဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များဖြင့် ရယူနိုင်အောင် ပြုလုပ်သင့်သည်။ |
| **မူလဖြစ်တည်မှု။** အနှစ်ချုပ်သဘော (သို့မဟုတ်) ပြုပြင်ပြောင်းလဲထားသည့် အခြေအနေ တစ်ခုမဟုတ်ဘဲ အချက်အလက်များကို အသေးစိတ် မည်သူမဆို ရယူနိုင်အောင် ပြုလုပ်သင့်သည်။ |
| **အချိန်နှင့်တစ်ပြေးညီဖြစ်မှု။** အချက်အလက်များ၏ အရေးပါမှုတန်ဖိုးကို ထိန်းသိမ်းရန်အတွက် လိုအပ်သည့်အတိုင်း အမြန်ဆုံး အများရယူနိုင်အောင် ပြုလုပ်သင့်သည်။ |
| **ကွန်ပျူတာဖြင့် ဆောင်ရွက်နိုင်မှု။** အချက်အလက်များကို ကွန်ပျူတာဖြင့် အလိုအလျောက် လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်နိုင်သည့်ပုံစံဖြင့်[၂၀]/ ဖွဲ့စည်းတည်ဆောက်ထားသင့်သည်။ |

[၁၉] Open Data Charter ၏ https://opendatacharter.net/principles/ ကြည့်ရှုနိုင်ပါသည်။

[၂၀] အလိုအလျောက် လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်နိုင်သည့်ပုံစံကို ကန့်သတ်ခြင်းမရှိပါ CSV, SHP စသည့်ပုံစံများအနေဖြင့်လည်းအသုံးပြုနိုင်သည်။

မြန်မာဘာသာစကားနှင့် (သို့မဟုတ်) အခြားတိုင်းရင်းသား ဘာသာစကားဖြင့် ကောက်ယူထားသော အချက်အလက်များသည် မြန်မာ ယူနီကုတ် (ISO 10646) စံနှုန်းနှင့် ကိုက်ညီမှုရှိရမည်။

**ခွဲခြားမှုမရှိခြင်း။** အချက်အလက်များကို ရယူရန်အတွက် လျှောက်လွှာတင်ရခြင်း (သို့မဟုတ်) မှတ်ပုံတင်ရခြင်းများ ပြုလုပ်ရန် မလိုအပ်ဘဲ ရယူနိုင်ရမည်။

**ထိန်းချုပ်ပိုင်ဆိုင်မှုမရှိခြင်း။** အချက်အလက်များကို တစ်စုံတစ်ယောက်က ထိန်းချုပ်ပိုင်ဆိုင်ထားခြင်း မရှိဘဲ မည်သူမဆို ရယူနိုင်အောင် ပြုလုပ်သင့်သည်။

**လိုင်စင်အခမဲ့။** အချက်အလက်များကို ရယူနိုင်ရန်အတွက် မူပိုင်ခွင့်၊ ဥပဒေအရ အခွင့်အရေး၊ ဉာဏပိုင်ဆိုင်မှု (သို့မဟုတ်) လွှဲပြောင်းခြင်းဆိုင်ရာ လျှို့ဝှက်ချက်များ စသည်ဖြင့် မည်သည့်တားမြစ် ပိတ်ပင်ထားမှုမျိုးမဆို မရှိသင့်ပါ။

## ၈.၄. ခရီးသွားလာခွင့်

ကန့်သတ်နယ်မြေ မဟုတ်သောနေရာဒေသများသို့ ခရီးသွားရန်အတွက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများသည် မည်သည့်ခွင့်ပြုချက်၊ အကြောင်းကြားစာမျှ တင်ပြတောင်းခံရန် မလိုအပ်ပေ။ ကန့်သတ်နယ်မြေများသို့ ခရီးသွားလာခြင်းနှင့် ပတ်သက်သည့် ခွင့်ပြုချက် တောင်းခံသည့်လုပ်ငန်းစဉ်ကို နောက်ဆက်တွဲ (၆) တွင် ဖော်ပြထားသည်။

## ၈.၅ ဝန်ထမ်းဖွဲ့စည်းပုံ တင်ပြခြင်း

ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းအားလုံးသည် ယနေ့အချိန်ထိ နောက်ဆုံး ပြင်ဆင်ထားပြီးဖြစ်သည့် (Up-to-date) ဖွဲ့စည်းပုံများ၊ ခန့်အပ်ထားသည့် နိုင်ငံခြားသားဝန်ထမ်း၊ ဒေသခံဝန်ထမ်း (အမြဲတမ်းဝန်ထမ်း၊ ယာယီဝန်ထမ်း) စာရင်းများ၊ အကြံပေးပုဂ္ဂိုလ်များအပါအဝင် ဝန်ထမ်းဖွဲ့စည်းပုံကို နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနသို့ တင်ပြရမည်။ သံရုံးများနှင့် ဆက်စပ်ဆောင်ရွက်သည့် ဖွံ့ဖြိုးမှုမိတ်ဖက်များအနေဖြင့် သက်ဆိုင်ရာသံရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့်တင်ပြရမည်။

## ၈.၆. လွှတ်တော်သို့ တင်ပြခြင်း

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် မြန်မာပြည်ရှိ ဖွံ့ဖြိုးမှု အထောက်အပံ့ရရှိမှု အခြေအနေများကို လွှတ်တော်သို့ ပုံမှန်အစီရင်ခံ တင်ပြရမည်။ တစ်နှစ်တာ ပြည်ထောင်စုဘဏ္ဍာငွေ ပြင်ဆင်ခြင်းဆိုင်ရာ လုပ်ငန်းများ၏ လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ကတိကဝတ်ပြုထားသည့် ဖွံ့ဖြိုးမှု

အထောက်အပံ့များ၊ ဖွံ့ဖြိုးမှု ထောက်ပံ့ငွေရရှိမှုများနှင့် အောင်မြင်မှု အကျိုးရလဒ်များအား လွှတ်တော်သို့ တင်ပြရမည်။

### ၈.၇. စစ်တမ်း၊ အချက်အလက်ကောက်ယူခြင်းနှင့် သုံးသပ်ခြင်းလုပ်ငန်းစဉ်

အချက်အလက် စစ်တမ်းကောက်ယူရန် အစီအစဉ်ရှိသည့် ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများသည် ထိုလုပ်ငန်းရပ်များကို သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းများ၊ စစ်တမ်းကောက်ယူခြင်းဆိုင်ရာ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ ကြီးကြပ်ရေးကော်မတီများ (Ethics Committees) နှင့် ဆွေးနွေးညှိနှိုင်းရမည်။

စာရင်းအင်းအချက်အလက် အရည်အသွေးများ မှန်ကန်ပြည့်စုံရန်နှင့် အစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ဖွံ့ဖြိုးမှုမူဝါဒနှင့် သုတေသနလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် ဗဟိုစာရင်းအင်းအဖွဲ့၊ စာရင်းအင်းဖွံ့ဖြိုးတိုးတက်မှု ကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

### ၈.၈ ဖွံ့ဖြိုးမှုအထောက်အပံ့ ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသော လုပ်ငန်းစီမံချက်များ ရပ်ဆိုင်းခြင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများအကြား သဘောတူညီထားသည့် ဖွံ့ဖြိုးမှုအထောက်အပံ့များသည် ရည်ရွယ်ထားသော ရလဒ်များ ပြည့်မီအောင် ဆောင်ရွက်နိုင်မှုမရှိခြင်း (သို့မဟုတ်) ကောင်းကျိုးထက် ဆိုးကျိုးပိုများနေခြင်းစသည့် အခြေအနေများ ဖြစ်ပေါ်ခဲ့သည်ရှိသော်၊ ထိုအခြေအနေများကို ပြန်လည် တည့်မတ်နိုင်စေရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် အတူတကွ ပူးပေါင်း၍ ဦးစားပေး အစီအစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်မည်ဖြစ်သည်။

ထိုကဲ့သို့သော စိန်ခေါ်မှုများကို သက်ဆိုင်ရာ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် တိုက်ရိုက်ညှိနှိုင်းဆွေးနွေးရန်အတွက် အစိုးရအဖွဲ့အစည်းများအား တိုက်တွန်းသည်။ အစိုးရအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများသည် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ခြင်း မရှိခဲ့သော် ရှေ့လုပ်ငန်းစဉ်များကို ဖော်ထုတ်နိုင်ရန်အတွက် ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့ (DACU) ၏ အကူအညီကို ရယူဆောင်ရွက်နိုင်သည်။

စိန်ခေါ်မှုအခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံး သဘောတူလက်ခံသည့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုကို မတွေ့ရှိခဲ့လျှင် သဘောတူထားသည့် သက်ဆိုင်ရာသဘောတူစာချုပ် (သို့မဟုတ်) အလားတူစာရွက်စာတမ်းများတွင် ပါဝင်သည့် အချက်အလက်များအရ အဆိုပါ စီမံချက် (သို့မဟုတ်) ဖွံ့ဖြိုးမှုလုပ်ငန်း စီမံကိန်းတစ်ခုလုံးကို ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီမှ ဖျက်သိမ်းခွင့်ရှိသည်။

## ၉. အထူးအခွင့်အရေးများနှင့် အခွန်ကင်းလွတ်ခွင့်များ

နိုင်ငံတော်အစိုးရအနေဖြင့် အထူးအခွင့်အရေးများနှင့် အခွန်ကင်း လွတ်ခွင့်များကို ၁၉၆၁ ခုနှစ်တွင် ချုပ်ဆိုခဲ့သော သံတမန်ရေးရာ ဆက်သွယ်ခြင်းဆိုင်ရာ ဗီယင်နာ သဘောတူညီချက် (Vienna Convention on Diplomatic Relations)၊ ကောင်စစ်ဝန်ရေးရာဆက်သွယ်ခြင်းဆိုင်ရာ ဗီယင်နာသဘောတူညီချက်-၁၉၆၃ (Vienna Convention on Consular Relations-1963) နှင့် ကုလသမဂ္ဂ၏အထူးအခွင့်အရေးများ၊ ကာကွယ်ခုခံပိုင်ခွင့်များဆိုင်ရာ သဘောတူညီချက် (Convention on the Privileges and Immunities of the United Nations - 1946) စာချုပ်တို့နှင့် ကိုက်ညီသည့် ပြဋ္ဌာန်းချက်များ အတိုင်း သတ်မှတ်သွားမည် ဖြစ်ပါသည်။

### ၉.၁. အခွန်ကင်းလွတ်ခွင့်များ

ဖွံ့ဖြိုးမှုအကူအညီများကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ သတ်မှတ်ထားသည့် အခွန်ကင်းလွတ်ခွင့်များကို မြန်မာနိုင်ငံနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြားထားရှိသော သဘောတူညီမှုများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ပြဋ္ဌာန်းထားသည့် အခွန်ကင်းလွတ်ခွင့်များနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များအရ ဆုံးဖြတ်သင့်ပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ကင်းလွတ်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လမ်းညွှန်ချက်များကို ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို နှစ်စဉ်အခြေခံစနစ် တစ်ခုအပေါ်တွင် ပြန်လည်ပြင်ဆင် ဖြည့်စွက်ပါသည်။ ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့ (DACU) သည် ဖွံ့ဖြိုးမှုအကူအညီများနှင့် စပ်လျဉ်း၍ အခွန်ဆိုင်ရာ ကိစ္စရပ်များတွင် ဖွံ့ဖြိုးမှုမိတ်ဖက်နှင့်အကျိုးသက်ဆိုင်သူအားလုံးတို့အကြား ဥပဒေပြဋ္ဌာန်းချက်များ ဆွေးနွေးညှိနှိုင်းရာ၌ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည် ဖြစ်သည်။

| |
|---|
| ပြည်သူ့ရင်းနှီးမြှုပ်နှံမှု အစီအစဉ်နှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်နှင့် ပတ်သက် ဆက်နွယ်မှုများတို့ကို နောက်ဆုံးပိုင်းတွင် ဖော်ပြသွားပါမည်။ |

နိုင်ငံတော်အစိုးရအနေဖြင့် Addis Ababa လုပ်ငန်းအစီအစဉ် (Addis Ababa Action Agenda-AAAA) အရ ချမှတ်ထားသော လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်

သိသာထင်ရှားသည့် လုပ်ဆောင်ချက်များဖြင့် ဖွံ့ဖြိုးမှုမိတ်ဖက်များကို အားသွန်ခွန်စိုက် အားပေးလှုံ့ဆော်သွားမည် ဖြစ်ပါသည်။

***"အစိုးရအချင်းချင်း အကူအညီပေးမှု အဖြစ် ပေးအပ်လာသည့် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို အခွန်ကင်းလွတ်ခွင့် တောင်းဆိုခြင်းမပြုရန်၊ ထပ်တိုးအခွန်(value added taxes-VAT) နှင့် သွင်းကုန်အခွန်ဆိုင်ရာကိစ္စရပ်များဖြင့် စတင်ရန်"***[၂၁]

[၂၁] Addis Ababa Action Agenda ၏ အပိုဒ် ၅၈

## ၁၀. စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

အစဉ်တစိုက် စောင့်ကြည့်လေ့လာ အကဲဖြတ်သည့် စနစ်များသည် ဖွံ့ဖြိုးမှု အကူအညီပေးရေးတွင် ထိရောက်မှုရှိခြင်း၊ ပြောင်းလွယ် ပြင်လွယ်ဖြစ်ခြင်းနှင့် တာဝန်ခံမှုရှိခြင်းတို့ကို အားကောင်းလာစေနိုင်ပါသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံအဆင့် ထိရောက်သည့် ဖွံ့ဖြိုးမှု ပူးပေါင်း ဆောင်ရွက်ရေး အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ Global Partnership for Effective Development Cooperation (GPEDC) Monitoring Survey ကို အခြေခံစည်းမျဉ်းတစ်ခုအဖြစ် အသုံးပြုသွားမည်ဖြစ်ပါသည်။

စောင့်ကြည့်လေ့လာအကဲဖြတ်သည့် မဟာဗျူဟာများနှင့် ဆက်စပ်သည့် ဘဏ္ဍာငွေ (budgets) တို့ကို စီမံကိန်းနှင့် စီစဉ်ဆောင်ရွက်နေသည့် မှတ်တမ်းများတွင် ရှင်းလင်းတိကျစွာ ဖော်ပြသင့်ပါသည်။ စောင့်ကြည့်စစ်ဆေးခြင်းတွင် ချမှတ်ထားသည့် ညွှန်းကိန်းများကို အခြေခံ၍ အချက်အလက်များ ပံ့ပိုးစုဆောင်းပေးခြင်းနှင့် ဘဏ္ဍာငွေထုတ်ပေးသည့် နေရာတို့ကို ထည့်သွင်း ဖော်ပြသင့်ပါသည်။ Stakeholder များသည် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပဏာမခြေလှမ်းများ လုပ်ဆောင်ကြရမည်ဖြစ်ပြီး စီမံချက်နှင့် စီစဉ် အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာ ညွှန်းကိန်းများတွင် SDG ၏ အခြေခံသဘောတရားများနှင့် ညွှန်းကိန်းများကို ပေါင်းစပ်၍ လုပ်ဆောင်စေရန် တိုက်တွန်းထားပါသည်။

အကဲဖြတ်သုံးသပ်သည့် မဟာဗျူဟာများ ပြုပြင်ပြောင်းလဲမည်ဆိုပါက ယေဘုယျအားဖြင့် အကဲဖြတ်သုံးသပ်သည့် မဟာဗျူဟာများတွင် အောက်ဖော်ပြပါ အစိတ်အပိုင်းများ အချို့ (သို့မဟုတ်) အားလုံးတို့ ပါဝင်ဖွဲ့စည်းသင့်ပါသည်-

- ကြိုတင်အကဲဖြတ်သုံးသပ်ခြင်းသည် ကနဦးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အလားအလာရှိသော ကုန်ကျစရိတ်နှင့် အကျိုးရလဒ်များကို လေ့လာဆန်းစစ်ရန်နှင့် အဆိုပြုလာသော စီမံချက်များသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီ ဦးစားပေးနယ်ပယ်များနှင့် ကိုက်ညီမှုရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။
- ကာလလတ် အကဲဖြတ်သုံးသပ်ခြင်းများသည် အကောင်အထည်ဖော်မှု၏ တိုးတက်မှုနှင့် ဆောင်ရွက်ပြီးစီးမှုတို့ကို အကဲဖြတ်ရန်၊ လိုအပ်သည့်နေရာကို ညှိနှိုင်းသတ်မှတ်၍ အကောင်အထည်ဖော်မှုတို့ကို အဆိုပြုတင်ပြရန်သုံးသည့် အစိတ်အပိုင်းတစ်ခုအဖြစ် လုပ်ဆောင်ခြင်းဖြစ်သည်။

- အပြီးသတ် အကဲဖြတ်သုံးသပ်ခြင်းများသည် အစီရင်ခံစာများ ပြင်ဆင်ရာတွင် နောက်ဆုံးရလဒ်များကို အကဲဖြတ်ရန် လုပ်ငန်းဆောင်ရွက်ပြီးပြီးချင်း လုပ်ဆောင်ခြင်းဖြစ်ပါသည်။
- အကျိုးသက်ရောက်မှု အကဲဖြတ်သုံးသပ်ခြင်းများသည် သုံးနှစ်အတွင်းသင့်လျော်သည့် အချိန်တစ်ခု၌ စီမံကိန်းအကောင်အထည်ဖော်ခြင်းမှ အချိန်တိုအတွင်း ထိရောက်သည့် အကျိုးသက်ရောက်မှုနှင့် ရေရှည်ခံနိုင်ရည်ရှိမှုတို့နှင့် ရှင်းလင်းစွာ ကြိုတင်သတ်မှတ်ထားသည့် ရည်မှန်းချက်များဖြင့် သုံးသပ်ဆုံးဖြတ်ရန် ဆောင်ရွက်ရခြင်းဖြစ်ပါ သည်။

ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (DACU) သည် အစိုးရအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား ဖွံ့ဖြိုးမှုအကူအညီများ အကောင်အထည်ဖော်ရာ၌ စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်းဆိုင်ရာ စံနှုန်းများနှင့်အညီ ပေါင်းစပ်ညှိနှိုင်းပေးသည့် အခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဗဟုသုတများ မျှဝေခြင်း၊ စွမ်းဆောင်ရည် တည်ဆောက်ခြင်း နှင့် ပြောင်းလွယ် ပြင်လွယ်ရှိခြင်းတို့ကို မြှင့်တင်နိုင်ရန် စီမံကိန်းများနှင့် လုပ်ငန်းစီစဉ် ဆောင်ရွက်နေမှု အခြေအနေများကိုပါ ပူးတွဲစောင့်ကြည့် စစ်ဆေးခြင်း၌ အစဉ်တစိုက် အားပေး လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

တတိယအဖွဲ့အစည်း(Third-party) စောင့်ကြည့်စစ်ဆေးခြင်းများကိုလည်း စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းစဉ်၏ တည်တံ့ခိုင်မြဲမှုနှင့် အားထုတ်ကြိုးပမ်းမှုတို့ကို သေချာစေရန် အားပေးဆောင်ရွက်ရမည် ဖြစ်ပါသည်။ အဆိုပါစစ်ဆေးခြင်းများသည် ပြောင်းလွယ်ပြင်လွယ်နိုင်ပြီး ပြည်သူအများသိအောင် ဖြန့်ဝေခြင်းများ ပြုလုပ်ရပါမည်။

လုပ်ငန်းဆောင်ရွက်ချက် အားနည်းမှုကြောင့် မျှော်မှန်းထားသည့် အကျိုးရလဒ်များ မရခြင်းကို အများပြည်သူများ သိသင့်/မသိသင့် ဆုံးဖြတ်ခြင်းတွင် အချက်တစ်ခုအဖြစ် ထည့်သွင်း မစဉ်းစားသင့်ပါ။

မှတ်ချက်။ ဖွံ့ဖြိုးမှုမိတ်ဖက်များ အားလုံး အနေဖြင့် သက်ဆိုင်ရာစာရွက်စာတမ်းများ တင်ပြခြင်းနှင့် စောင့်ကြည့် အကဲဖြတ်ခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် နိုင်ငံတကာအကူအညီ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်(AIMS) ကို အဓိကအသုံးပြုရန် တိုက်တွန်းပါသည်။

## ၁၀.၁. မြန်မာ့ဖွံ့ဖြိုးမှု အကူအညီဆိုင်ရာ မူဝါဒ ပူးတွဲအကဲဖြတ် သုံးသပ်ခြင်းနှင့် တာဝန်ခံမှုဆိုင်ရာ မူဘောင်

အောက်ဖော်ပြပါ မြန်မာဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ ပူးတွဲအကဲဖြတ်သုံးသပ်ခြင်းနှင့်တာဝန်ခံမှုဆိုင်ရာမူဘောင်သည် ဤမူဝါဒစာတမ်းပါ လမ်းညွှန်ချက်များအား ထိန်းသိမ်းလိုက်နာမှုကို ဖြန့်ဝေရာ၌ တိကျသည့် အကဲဖြတ်မှုဆိုင်ရာ ညွှန်းကိန်းများကို အထောက်အပံ့ပြုနိုင်ရန် ရည်ရွယ်ထားပါ သည်။

အဆိုပါမူဘောင်ကို ရေးဆွဲရာ၌ GPEDC ဆိုင်ရာ အကဲဖြတ်သုံးသပ်သည့် စစ်တမ်းလုပ်ငန်းစဉ်နှင့် အခြားနိုင်ငံများကို အခြေခံပြီး အကျိုးကျေးဇူးများ ရရှိလာမည့် မူဘောင်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းမှ နိုင်ငံတော်အစိုးရအတွက် အကျိုးကျေးဇူးရရှိလာမည် ဖြစ်ပါသည်။

| | | ဦးစားပေးကဏ္ဍနှင့် ညွှန်းကိန်းများ | ညွှန်းကိန်းရင်းမြစ် |
|---|---|---|---|
| **၁။ လွှတ်တော်သို့ တင်ပြရသည့် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ နှစ်စဉ်အစီရင်ခံစာ** | | | |
| ၁.၁ | | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ရလဒ်အခြေပြု မူဘောင်နှင့်အညီ ထောက်ပံ့ကူညီပေးထားသော ဖွံ့ဖြိုးမှု အထောက်အပံ့ ရန်ပုံငွေ %။ (ကဏ္ဍအလိုက် စီမံကိန်းများ၊ ဝန်ကြီးဌာနစီမံကိန်းများ၊နိုင်ငံတော်အဆင့် စီမံကိန်းများ) | GPEDC ညွှန်းကိန်း - ၁ |
| **၂။ ဖွံ့ဖြိုးမှုအကူအညီများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ကျင့်သုံးနေသောစနစ်များ ကောင်းမွန်လာစေရန် အကူအညီအထောက်အပံ့ပေးခြင်း။** | | | |
| ၂.၁ | | အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများစီမံအုပ်ချုပ်/ ကြီးကြပ်သည့်အခန်းကဏ္ဍမှတာဝန်ယူရသည့်ဖွံ့ဖြိုးရေး အထောက်အပံ့များ %။ | မြန်မာ |
| ၂.၂ | | ဘဏ္ဍာငွေ သို့မဟုတ် ကဏ္ဍအလိုက် ဘဏ္ဍာငွေဆိုင်ရာ အထောက်အပံ့အဖြစ် ပံ့ပိုးပေးသည့် ဖွံ့ဖြိုးမှုဆိုင်ရာ အကူအညီများ %။ | မြန်မာ |

| | | |
|---|---|---|
| **၃။ ဖွံ့ဖြိုးမှု အထောက်အပံ့များကို ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိကာ ကြိုတင်ခန့်မှန်းနိုင်သည့် ပုံစံမျိုးဖြင့် ထောက်ပံ့ပေးခြင်း။** | | |
| ၃.၁ | မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ် တစ်နှစ် အစတွင် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ (PID) မှ ရှေ့လာမည့် ၃နှစ်စာ ခန့်မှန်းဘတ်ဂျက်များအားနိုင်ငံခြားအကူအညီအထောက်အပံ့၊ သတင်းအချက်အလက် စီမံခန့်ခွဲရေးစနစ် (AIMS) သို့ ပေးပို့သည့် ခန့်မှန်းဘတ်ဂျက် %။ | မြန်မာ |
| ၃.၂ | ပြည့်စုံကောင်းမွန်စွာ ပြင်ဆင်ထားသော အတည်ပြုပြီး ဖြစ်သော ကဏ္ဍအလိုက်နှင့် မဟာဗျူဟာများ အတွက် လုပ်ဆောင်လျက်ရှိသည့် ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အရေအတွက် (SCGs)။ | မြန်မာ |
| ၃.၃ | ဖွံ့ဖြိုးမှုအကူအညီများ ထောက်ပံ့ပေးသည့် မိတ်ဖက်အဖွဲ့အစည်းများမှ ဘဏ္ဍာရေးနှစ် တစ်နှစ် အတွင်း အချိန်သတ်မှတ်ကာ ထောက်ပံ့ပေးသည့် ဖွံ့ဖြိုးမှုအကူအညီ အထောက်အပံ့ အချိုးအစား။ | GPEDC ညွှန်းကိန်း - ၅ အေ |
| ၃.၄ | လက်ရှိဆောင်ရွက်နေသော စီမံကိန်းများကို လွှမ်းခြုံနိုင်မည့် နိုင်ငံအဆင့်ထောက်ပံ့ပေးနိုင်သော ဖွံ့ဖြိုးမှုအကူအညီများ၏ အစိတ်အပိုင်း | GPEDC ညွှန်းကိန်း - ၅ ဘီ |
| ၃.၅ | တစ်စုတစ်စည်းတည်း အပြည့်အဝ ပူးပေါင်းဆောင်ရွက်သည့် ဖွံ့ဖြိုးမှုအကူအညီအထောက်အပံ့ %။ | GPEDC ညွှန်းကိန်း - ၁၀ |
| **၄။ ဖွံ့ဖြိုးမှု အကူအညီ အထောက်အပံ့များအား ပြန့်ကြဲပြီး တစ်ခုစီ ကွဲပြားနေခြင်းကို ရှောင်ရှား၍ တစ်စုတစ်စည်းတည်း ထောက်ပံ့ပေးခြင်း။** | | |
| ၄.၁ | multi-donor trust funds သို့မဟုတ် အခြားသော ပူးပေါင်းလှူဒါန်းသည့်လမ်းကြောင်းပုံစံမျိုးဖြင့်ထောက်ပံ့ပေးသော ဖွံ့ဖြိုးမှုအကူအညီ အထောက်အပံ့ များ% ။ | မြန်မာ |
| ၄.၂ | ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီပေးသည့် မိတ်ဖက်အဖွဲ့ | မြန်မာ |

| | | |
|---|---|---|
| | အစည်းတစ်ခု အပြောင်းအလဲမရှိ ပုံမှန်ထောက်ပံ့နေ ခြင်း သို့မဟုတ် ထောက်ပံ့ပေးမှု လျော့နည်းသွားခြင်း စသည့် ပျမ်းမျှကဏ္ဍ အရေအတွက်။ | |
| **၅။ မြန်မာနိုင်ငံရှိ ပုဂ္ဂလိက စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် အတွက် ဆောင်ရွက်နေသည့် ဖွံ့ဖြိုးမှု အကူအညီ အထောက်အပံ့များ** | | |
| ၅.၁ | ပုဂ္ဂလိကစီးပွားရေးကဏ္ဍ၏ စွမ်းဆောင်ရည်နှင့်/သို့မဟုတ် ယှဉ်ပြိုင်နိုင်စွမ်း ပိုမိုကောင်းမွန်လည်ပတ်စေရန် အတွက် ထောက်ပံ့ကူညီပေးနေသည့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ အထောက်အပံ့များ % ။ | မြန်မာ |
| **၆။ မြန်မာနိုင်ငံသို့ ထောက်ပံ့ပေးနေသည့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ အထောက်အပံ့ရန်ပုံငွေများနှင့် ထိုဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ၏ အကျိုးရလဒ်များကို လွှတ်တော်သို့ ပြည့်စုံ ကောင်းမွန်စွာ အသိပေးအကြောင်းကြားခြင်း။** | | |
| ၆.၁ | လွှတ်တော်သို့ တင်ပြအစီရင်ခံသည့် ဖွံ့ဖြိုးမှုအကူအညီ အထောက်အပံ့ဆိုင်ရာ နှစ်ချုပ်အစီရင်ခံစာ | မြန်မာ |

### ၁၀.၂. ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ လုပ်ငန်းအဖွဲ့

မြန်မာနိုင်ငံတော်အစိုးရ အနေဖြင့် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒကို သက်ဝင်သည့်မူဝါဒ (living document) တစ်ခုအဖြစ် ထည့်သွင်းစဉ်းစားပါသည်။

ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့ (DACU) အနေဖြင့် အစိုးရအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးမှု မိတ်ဖက်များ၏ ကိုယ်စားလှယ်များ ပါဝင်သော ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ လုပ်ငန်းအဖွဲ့အား ဦးဆောင်ဦးရွက်ပြု လုပ်ဆောင်သွားမည်ဖြစ်ပြီး INGOs အဖွဲ့ (INGO Forum) နှင့် ပြည်တွင်း ရင်းမြစ် အဖွဲ့အစည်း (Local Resource Center-LRC) မှ ကိုယ်စားလှယ်များ ပါဝင်မှုကိုလည်း ကန့်သတ်ခြင်းမရှိပါ။

ဤမူဝါဒစာတမ်းတွင် မြန်မာဖွံ့ဖြိုးမှု အကူအညီဆိုင်ရာ မူဝါဒ လုပ်ငန်းအဖွဲ့အနေဖြင့် ထိရောက်မှု ရှိသည့် ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ခြင်းကို တိုးမြှင့်စေနိုင်သော တိကျသည့် လုပ်ဆောင်ချက်များ သတ်မှတ်၍ အကျိုးသက်ဆိုင်သူများ အားလုံးပါဝင်လျှက် (၄)လလျှင် (၁)ကြိမ် ဆွေးနွေးညှိနှိုင်းမှု များပြုလုပ်ကြရမည်ဖြစ်ပြီး ပါဝင်သူများ၏ သဘောတူဆုံးဖြတ်မှု မရရှိခဲ့လျှင် ဖွံ့ဖြိုးမှု အကူအညီ များ ညှိနှိုင်းရေးအဖွဲ့ (DACU) အနေဖြင့် နောက်ဆုံးဆုံးဖြတ်ချက်ကို ချမှတ်မည် ဖြစ်ပါသည်။

ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (DACU) အနေဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒ (DAP) ကို လိုအပ်လျှင် စိစစ်ဆုံးဖြတ် ပြင်ဆင်မှုများ ပြုလုပ်ရန်အတွက် နောက်ဆုံးတာဝန်ခံယူ ( final responsibility ) ဆောင်ရွက်မည်ဖြစ်သည်။

နိုင်ငံတော်အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအနေဖြင့် ဤမူဝါဒစာတမ်းကို လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပူးတွဲတာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မြန်မာ့အစိုးရ အဖွဲ့အစည်း (သို့မဟုတ်) မည်သည့်ဖွံ့ဖြိုးမှု မိတ်ဖက်များတွင်မဆို ဤမူဝါဒစာတမ်းနှင့် ကိုက်ညီစွာ ဆောင်ရွက်နိုင်ခြင်း မရှိပါက အချိန်မီ ဖြေရှင်းနိုင်ရေးအတွက် DACU နှင့် တွေ့ဆုံဆွေးနွေးရန် တောင်းဆိုနိုင်သည်။

## ၁၁. နောက်ဆက်တွဲ

### ၁၁.၁ နောက်ဆက်တွဲ (၁) ပြည်တွင်းခရီးသွားလာခွင့်လုပ်ငန်းစဉ်[၂၂]

ဖွံ့ဖြိုးမှုမိတ်ဖက်များ အနေဖြင့် ကန့်သတ်နယ်မြေများသို့ သွားရောက်လိုပါက အနည်းဆုံး (၁၀) ရက် ကြိုတင်၍ ခရီးသွားလာခွင့် တောင်းခံရမည်ဖြစ်ပြီး ခရီးသွားလာခွင့် မိတ္တူအား တစ်ပါတည်း ယူဆောင်သွားရမည် ဖြစ်ပါသည်။

ဖွံ့ဖြိုးမှုမိတ်ဖက်များအနေဖြင့် ကန့်သတ်နယ်မြေသို့ သွားရောက်မည်ဆိုပါက နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနသို့ သီးသန့်သတ်မှတ်ထားသော အီးမေးလ်လိပ်စာမှတစ်ဆင့် လျှောက်ထားရပါမည်။

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအတွက် တာဝန်ယူဆောင်ရွက်နေသည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနသို့ သဘောထားမှတ်ချက်တောင်းခံသည့် အမှာစာ ပေးပို့ပြီး ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ သက်ဆိုင်သည့်ဝန်ကြီးဌာန နှင့် သွားရောက်မည့် လုပ်ငန်းစီမံချက်နှင့်ဆက်စပ်သည့် အခြားသောဌာနများသို့လည်း မိတ္တူ ပေးပို့မည်ဖြစ်ပါသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ လုံခြုံရေးဆိုင်ရာ စစ်ဆေးမှုများ ပြုလုပ်ပြီးနောက် အကြောင်းပြန်ကြားစာ ပြန်လည်ပေးပို့လာသည့်အခါ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ဖွံ့ဖြိုးမှုမိတ်ဖက်များအား တရားဝင် ခရီးသွားလာခွင့် ထုတ်ပေးသွားမည်ဖြစ်ပါသည်။

**အချိန်ကာလသတ်မှတ်ခြင်း**

**ပထမနေ့**

ဖွံ့ဖြိုးမှုမိတ်ဖက်များအနေဖြင့် ခရီးသွားလာခွင့် တောင်းခံလွှာကို နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနသို့ လျှောက်ထားရန်

[၂၂] လိုအပ်မှုအခြေအနေများအရ ပြန်လည်အကဲဖြတ်ခြင်းနှင့် ပြင်ဆင်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

### ဒုတိယနေ့ (၂ ရက်မြောက်နေ့)

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှတစ်ဆင့် သက်ဆိုင်ရာဌာနများဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများသို့ အကြောင်းကြားပေးမည်။

### အဋ္ဌမနေ့ (၈ ရက်မြောက်နေ့)

ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနသို့ သဘောထားမှတ်ချက်များ ပြန်ကြားပြီး ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနနှင့် သွားရောက်မည့် လုပ်ငန်းစီမံချက်နှင့် ဆက်စပ်သည့် အခြားသောဌာနများသို့လည်း မိတ္တူပေးပို့မည် ဖြစ်ပါသည်။

### ဒသမနေ့ (၁၀ရက်မြောက်နေ့)

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ တရားဝင်ခရီးသွားလာခွင့်ကို ဖွံ့ဖြိုးမှုမိတ်ဖက်များသို့ ပြန်လည် ပေးပို့ အကြောင်းကြားသွားမည် ဖြစ်ပါသည်။

သံတမန်များ ပြည်တွင်းခရီးသွားလာလိုပါက နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သီးသန့် သတ်မှတ်ထားသော အီးမေးလ်မှတစ်ဆင့် ခွင့်ပြုချက် လျှောက်ထားရမည်ဖြစ်ပြီး အခြားသော ဖွံ့ဖြိုးမှုမိတ်ဖက်များဆိုပါက နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနသို့ လျှောက်ထားရမည် ဖြစ်ပါသည်။

### ခရီးသွားလာခွင့်လျှောက်လွှာပုံစံ

ဖွံ့ဖြိုးမှုမိတ်ဖက်များအနေဖြင့် ပြီးပြည့်စုံစွာ ဖြည့်စွက်ထားသည့် ခရီးသွားလာခွင့်တောင်းခံလွှာအား ရောက်ရှိသည့် နေ့ရက်မှ ၁၀ ရက် အတွင်း နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနသို့ တင်ပြရမည် ဖြစ်ပါသည်။ မပြည့်စုံသည့် လျှောက်လွှာများအား ပြန်လည်ပေးပို့သွားမည် ဖြစ်ပါသည်။

ဖွံ့ဖြိုးမှုမိတ်ဖက်များအနေဖြင့် ခရီးသွားလာခွင့် တောင်းခံရာတွင် ၎င်းတို့အား ခန့်အပ်ထားသည့် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ အဖွဲ့တံဆိပ်ပါသည့် ထောက်ခံစာ အကျဉ်းချုပ်ကိုပါ ပူးတွဲတင်ပြရမည် ဖြစ်ပါသည်။

## ၁၁.၂ နောက်ဆက်တွဲ (၂) ဖွံ့ဖြိုးမှုအကူအညီဖြင့် ယာဉ်/ယန္တရား ဝယ်ယူရေး လုပ်ငန်းစဉ်[၂၃]

ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့အား အစိုးရအဖွဲ့အစည်းများမှ ဖွံ့ဖြိုးမှုအကူအညီဖြင့် ယာဉ်/ယန္တရားများ ဝယ်ယူရန် တင်ပြလာသည့် အဆိုပြုလွှာများကို လေ့လာသုံးသပ်ပေးရန် တာဝန်ပေးအပ်ထားပါသည်။ နိုင်ငံတကာအစိုးရ အဖွဲ့အစည်းများတွင် ကျင့်သုံးနေသည့် ယာဉ်/ယန္တရားဝယ်ယူရေးဆိုင်ရာ မူဝါဒအချက်အလက်များကို အခြေခံ၍ ယာဉ်/ယန္တရားများဝယ်ယူရေးဆိုင်ရာ အဆိုပြုလွှာများကို အကဲဖြတ်ဆန်းစစ်ရာတွင် အစိုးရဌာနအဖွဲ့အစည်းများမှ အောက်ဖော်ပြပါ စံသတ်မှတ်ချက် (၃) ခုအား ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်-

- ဝယ်ယူရသည့် ရည်ရွယ်ချက်
- ရည်ရွယ်ချက်နှင့် ကိုက်ညီမှုရှိခြင်း
- ကုန်ကျစရိတ်များ ထိရောက်မှုရှိခြင်း

### ဝယ်ယူရသည့် ရည်ရွယ်ချက်

ယာဉ် / ယန္တရားများ ဝယ်ယူခြင်းသည် စီမံချက်/အစီအစဉ် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အတွက် မည်ကဲ့သို့ အရေးပါသည်ဟူသော အခြေခံလိုအပ်ချက်များကို ထည့်သွင်း ဖော်ပြသင့်ပါသည်။

ပထမဦးစွာ အစိုးရအဖွဲ့အစည်းများသည် မိမိတို့၏ လက်ရှိအသုံးပြုနေသော ယာဉ်/ ယန္တရားများကိုသာ အများဆုံး အသုံးပြုသင့်ပါသည်။ ဥပမာအားဖြင့် အစိုးရအဖွဲ့အစည်းတစ်ခုသည် ၎င်းတို့ လက်ရှိအသုံးပြုနေသော ယာဉ် / ယန္တရားများထဲမှ စီမံကိန်း/ အစီအစဉ်အသစ်အတွက် ယာဉ်/ ယန္တရားများ စုပေါင်းအသုံးပြုခြင်း၊ ရွှေ့ပြောင်းအသုံးပြုခြင်း အပါအဝင် အခြားသောနည်းလမ်းများကိုလည်း ရှာဖွေနိုင်ပါသည်။[၂၄]

အစိုးရအဖွဲ့အစည်းများသည် စီမံကိန်း/ အစီအစဉ်၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လိုအပ်ချက်များ ပြည့်မီစေရန် ယာဉ်/ ယန္တရားများ လိုအပ်ပါက ဝယ်ယူရန် ဆုံးဖြတ်သင့်ပါသည်။

---

[၂၃] လိုအပ်မှုအခြေအနေများအရ ပြန်လည်အကဲဖြတ်ခြင်းနှင့်ပြင်ဆင်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

[၂၄] အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းအသစ်များအတွက် အသုံးပြုရန် လက်တွေ့ကျမှုနှင့် ထိရောက်မှုရှိပါက ဌာနများ/ ဌာနတွင်း စုပေါင်းယာဉ်/ ယန္တရားအသုံးပြုမှုများကို ဆောင်ရွက်စေလိုသည်။

## ရည်ရွယ်ချက်နှင့် ကိုက်ညီမှုရှိခြင်း

ဝယ်ယူရန် သတ်မှတ်ထားသော ယာဉ်/ ယန္တရား (အမျိုးအစား/ အရွယ်အစား) သည် စီမံကိန်း/အစီအစဉ်၏ ရည်ရွယ်ချက် (သို့မဟုတ်) လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လိုအပ်ချက်နှင့် ကိုက်ညီမှု ရှိသင့်ပါသည်။ ရည်ရွယ်ချက်နှင့် ကိုက်ညီမှုရှိစေရန် အောက်ဖော်ပြပါအချက်များအား ထည့်သွင်း စဉ်းစားသင့်ပါသည် -

- **ယာဉ်/ ယန္တရားများသည် မြေပြင်အခြေအနေနှင့် ကိုက်ညီမှုရှိခြင်း** : မြေပြင်အခြေအနေတွင် ယာဉ်/ ယန္တရား၏ လုပ်ငန်း ဆောင်ရွက်နိုင်မှုကို ထည့်သွင်းစဉ်းစားသင့်ပါသည်။
- **လုပ်ငန်းဆောင်ရွက်မှုပိုင်းဆိုင်ရာ ကိုက်ညီမှုရှိခြင်း** : ယာဉ်/ ယန္တရားများနှင့် မောင်းနှင်သူများအတွက် လုပ်ငန်းဆောင်ရွက်မှုပိုင်းဆိုင်ရာအခြေအနေကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။
- **ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ လိုအပ်ချက်များ** : ယာဉ်/ ယန္တရားများနှင့် မောင်းနှင်သူများအတွက် အန္တရာယ် လျော့နည်းစေရန် ယာဉ်/ ယန္တရားများ ဘေးအန္တရာယ် ကင်းရှင်းမှုကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။

## ကုန်ကျစရိတ်များ ထိရောက်မှုရှိခြင်း

ရည်ရွယ်ချက်နှင့်ကိုက်ညီမှုရှိသည့် ယာဉ်ယန္တရားများ ရွေးချယ်ရာတွင် အစိုးရအဖွဲ့အစည်းများသည် အောက်ဖော်ပြပါအချက်များဖြင့် ဈေးကွက်တွင်ရရှိနိုင်သော ကုန်ကျစရိတ် အနည်းဆုံး ရွေးချယ်မှုအား အဆိုပြုသင့်ပါသည် -

- **စွမ်းအင်ထိရောက်မှုရှိခြင်း။** ယာဉ်/ယန္တရား၏ စွမ်းအင်သုံးစွဲမှုနှုန်း သက်သာသော အကောင်းဆုံး လောင်စာဆီကို ရရှိရေး ဦးစားပေးရန် အရေးကြီးပါသည်။ စွမ်းအင်သုံးစွဲမှုနှုန်း သက်သာသော ယာဉ်/ယန္တရားများကို ဦးစားပေး ရွေးချယ်သင့်ပါသည်။
- **ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ ကုန်ကျစရိတ်။** အချို့သော ဈေးနှုန်းသက်သာသော ယာဉ်/ ယန္တရားများသည် ပြုပြင်ထိန်းသိမ်းမှု ကုန်ကျစရိတ် များပြားပါသည်။ ပြုပြင်ထိန်းသိမ်းမှု ကုန်ကျစရိတ်အပြောင်းအလဲများကိုလည်းအကြောင်းရင်းတစ်ခုအဖြစ် ထည့်သွင်းစဉ်းစားသင့်ပါသည်။
- **လက်ရှိအသုံးပြုမှု။** စီမံချက်/အစီအစဉ်တွင် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လိုအပ်ချက် နှင့် ဖြစ်နိုင်စွမ်းအပေါ် မူတည်၍ ယာဉ်/ယန္တရားအသစ်များ ရွေးချယ်ရာတွင် ဈေးနှုန်း

သက်သာစေရန် လက်ရှိအသုံးပြုနေသော ယာဉ်/ယန္တရားအမျိုးအစားများအပေါ် အခြေခံသင့်ပါသည်။

အနာဂတ်တွင် စီမံချက်များ/ အစီအစဉ်များ ဆက်လက်ဆောင်ရွက်ရန် စီမံကိန်း/အစီအစဉ် ပြီးဆုံးသည့်အခါ ယာဉ်/ယန္တရားများအား ဝန်ကြီးဌာနများ အချင်းချင်း စုပေါင်းအသုံးပြုနိုင်ရန် ချက်ချင်း ပြန်လည်အပ်နှံရမည် ဖြစ်ပါသည်။

## ယာဉ်/ယန္တရားများ ဝယ်ယူရေးဆိုင်ရာ အဆိုပြုလွှာများတင်ပြရာတွင် လိုအပ်သည့်အချက်များ

ယာဉ် / ယန္တရား ဝယ်ယူရေးဆိုင်ရာ အဆိုပြုလွှာများ တင်ပြရာတွင် အနည်းဆုံး ပါဝင်သင့်သည့် အချက်များမှာ

- ဝယ်ယူရသည့် ရည်ရွယ်ချက် အသေးစိတ် အချက်အလက်
- လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လိုအပ်ချက်များ ဖော်ပြချက်
- အထက်ဖော်ပြပါအချက်များအား ထည့်သွင်းစဉ်းစား၍ ယာဉ် / ယန္တရား၏ အမျိုးအစား၊ ပုံစံများကိုပါ ထည့်သွင်းဖော်ပြရန်
- လွှဲပြောင်းမည့်အစီအစဉ်

## ၁၁.၃ နောက်ဆက်တွဲ (၃) နိုင်ငံတကာပရဟိတလှူဒါန်းမှုများနှင့် ထိရောက်သော ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လမ်းညွှန်ချက်[၂၅]

### ဆွေးနွေးညှိနှိုင်းမှုများ

အကျိုးသက်ရောက်မှုရှိသည့် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စများတွင် ပူးပေါင်း ဆောင်ရွက်နေသော ဖောင်ဒေးရှင်းများ (နောက်ပိုင်းတွင် "ကျွန်ုပ်တို့" ဟု အသုံးပြုသွားမည်) အနေဖြင့် အစိုးရများ၊ ဖောင်ဒေးရှင်းများနှင့် အခြားဖွံ့ဖြိုးရေးဆိုင်ရာ အကျိုးသက်ဆိုင်သူများအကြား အဆင့်ဆင့် ဆွေးနွေးညှိနှိုင်းမှု၏ အရေးပါမှုကို အသိအမှတ်ပြုပါသည်။ ထိုသို့ ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ကျွန်ုပ်တို့၏ လုပ်ငန်းများကို အခြေအနေများနှင့် ကိုက်ညီကာ ပိုမိုနည်းဗျူဟာကျစေမည့်အပြင် ကမ္ဘာ့အဆင့်၊ နိုင်ငံအဆင့်နှင့် ဒေသတွင်းအဆင့် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်လည်း ဆက်စပ်ပေါင်းစည်းနိုင်မည် ဖြစ်ပါသည်။

အစိုးရများ၊ ဖောင်ဒေးရှင်းများနှင့် အခြားဖွံ့ဖြိုးရေး အကျိုးသက်ဆိုင်သူများအကြား နည်းစနစ်ကျကျ ကျယ်ပြန့်စွာ ပြုလုပ်သော ဆွေးနွေးပွဲများ၏ တန်ဖိုးကိုလည်း သိရှိနားလည်ထားပါသည်။ ထိုဆွေးနွေးပွဲများသည် မူဝါဒချမှတ်မှုဆိုင်ရာ လုပ်ငန်းစဉ်များ၊ မူဘောင်ရေးဆွဲဖော်ထုတ်မှုများ၊ ပြည်သူလူထုနှင့်ဆွေးနွေးမှုများ၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများ သို့မဟုတ် အစိုးရ၊ ပုဂ္ဂလိကနှင့် အရပ်ဖက်အဖွဲ့အစည်းများ၏ လိုအပ်ချက်အသံများကို နားထောင်ညှိနှိုင်းဆောင်ရွက်သော အခြားနည်းလမ်းများ အသွင်ဆောင်နိုင်ပါသည်။ ထိုဆွေးနွေးပွဲများသည် ဆန်းသစ်သော နည်းလမ်းများ ဖော်ထုတ်နိုင်သည့် အနေအထားများ ဖြစ်ပေါ်စေသည့်အပြင် ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ပြည်တွင်းအဖွဲ့အစည်းများ၏ အရေးပါမှုကို အသိအမှတ်ပြုသောအားဖြင့် ၎င်းတို့၏အသံများကို နားထောင်ပြီး ၎င်းတို့အခန်းကဏ္ဍကို မြှင့်တင်မှုများ ပြုလုပ်နိုင်ပါသည်။

ဆုံးရှုံးနိုင်ချေအပေါ် ခံနိုင်ရည်အားရှိမှု နှင့် တုံ့ပြန်နိုင်စွမ်းစသဖြင့် နိုင်ငံတကာပရဟိတ လှူဒါန်းမှု၏ နှိုင်းယှဉ်အားသာချက်ရှိသည့် လုပ်ငန်းကဏ္ဍများ၌ ပါဝင်ခြင်းဖြင့် ဖွံ့ဖြိုးရေးအကူအညီများတွင် လိုက်ဖက်မှုရှိရှိ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေမည်ဖြစ်ပါသည်။

---

[၂၅] URL

## သတင်းအချက်အလက်/ အသိပညာဝေမျှခြင်း

ကျွန်ုပ်တို့၏ လုပ်ငန်းများတွင် ကောင်းမွန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက် အချိန်မီ၊ မှန်ကန်သော သတင်းအချက်အလက်များ အသုံးပြုရန် အရေးကြီးကြောင်းနှင့် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များကို နားလည်ခြင်း၊ အောင်မြင်မှုနှင့် ဆုံးရှုံးမှုများမှ သင်ခန်းစာများ ရယူခြင်းတို့၏ တန်ဖိုးကိုလည်း သဘောပေါက် လက်ခံထားပါသည်။

ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော အဖွဲ့အစည်းပေါင်းစုံနှင့် ထိရောက်သော ဆက်သွယ်ဆောင်ရွက်မှုများ ဖော်ဆောင်ရန် ကဏ္ဍစုံတွင် ကျွန်ုပ်တို့ရရှိထားသော အသိပညာ အတွေ့အကြုံများကို ဝေမျှသွားမည်ဖြစ်ပါသည်။ ထိုသို့ ပြုလုပ်ရာတွင် နိုင်ငံတကာနှင့် နိုင်ငံအဆင့်အဖွဲ့အစည်းများအနေဖြင့် သတင်းအချက်အလက်များ နှိုင်းယှဉ်ခြင်း၊ သုတေသနနှင့် ဆန်းစစ်မှုဆိုင်ရာလုပ်ငန်းများတွင် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများ လုပ်ကိုင်နိုင်ရန် ကျွန်ုပ်တို့ရှိ ကိန်းဂဏန်းသတင်းအချက်အလက်များကို ပေးအပ်ခြင်းများလည်း ပြုလုပ်သွားမည် ဖြစ်ပါသည်။ အချို့နိုင်ငံရေးအနေအထားများတွင် ကျွန်ုပ်တို့ထံမှ အလှူငွေလက်ခံရရှိနေသော အဖွဲ့အစည်းများ၏ အချက်အလက်များကို ဝေမျှရန်မှာ လက်တွေ့မဆန် မဖြစ်နိုင်ကြောင်းလည်း သတိပြုမိပါသည်။ ထိုကိစ္စမျိုးများအတွက် နိုင်ငံဒေသအခြေအနေအလိုက် ကိုင်တွယ် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် သတင်းအချက်အလက်များကို အသစ်ပေါ်ပေါက်လာသော နိုင်ငံတကာပရဟိတအလှူရှင်အဖွဲ့အစည်း အသစ်များနှင့်လည်း ဝေမျှသွားမည် ဖြစ်ပါသည်။

သတင်းအချက်အလက်နှင့် အသိပညာများကို အခြားဖောင်ဒေးရှင်းများ၊ အစိုးရများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေသူများနှင့် ကျယ်ကျယ်ပြန့်ပြန့် ဝေမျှသွားခြင်းဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ထိရောက်မှု အားကောင်းအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် ကျွန်ုပ်တို့ ထည့်ဝင်သုံးစွဲမှုများ၊ due diligence assessments များ၊ အကျိုးသက်ရောက်မှု အကဲဖြတ်ချက်များ၊ အခက်အခဲဆိုင်ရာ စိစစ်ချက်များနှင့် အခြေအနေ အလိုက်ရရှိထားသော သက်သေအထောက်အထားများ စသည်တို့ ဝေမျှခြင်းများလည်း ပါဝင်နိုင်ပါသည်။

## မိတ်ဖွဲ့ဆောင်ရွက်ခြင်း

ပရဟိတလှူဒါန်းမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသည် (ဒေသစီမံချက်အဆင့်၊ နှစ်ရှည်အစီအစဉ်၊ မူဝါဒ စသည်ဖြင့်) အခြေအနေ အဆင့်ဆင့်တွင် ဖြစ်ပေါ်ပြီး (ပြည်တွင်းမိတ်ဖက်များ၏စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ ရှေ့ပြေးလုပ်ငန်းများအတွက် ရန်ပုံငွေပေးအပ်ခြင်း၊ အကျိုး

သက်ရောက်မှုကောင်းသော လုပ်ငန်းများကို ပမာဏတိုးမြှင့် ဆောင်ရွက်ခြင်း၊ သုတေသန လုပ်ငန်းများကို အထောက်အပံ့ပေးခြင်း စသည်ဖြင့်) ချဉ်းကပ်လုပ်ဆောင်ပုံ နည်းလမ်းအမျိုးမျိုး ရှိကြောင်း ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည်။ ထိုအခြေအနေ အဆင့်ဆင့်၊ နည်းလမ်းအမျိုးမျိုးတို့ သည်အကျိုးသက်ရောက်မှု ပိုမိုအားကောင်းစေရန်နှင့် ထိရောက်သော မိတ်ဖွဲ့ဆောင်ရွက်ခြင်းမှ တစ်ဆင့် တီထွင်ဆန်းသစ်စွာ ဆောင်ရွက်နိုင်မည့် အလားအလာများစွာ ရှိပါသည်။

ထောက်ပံ့ငွေများ၊ အစီအစဉ်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ၊ သင်တန်းများနှင့် အကျိုးအမြတ်ကို အခြေခံသောနှင့် အကျိုးအမြတ်ကို အခြေမခံသော လုပ်ငန်းများကို ထောက်ပံ့ပေးခြင်းဖြင့် နေရာ မျိုးစုံတွင် ကျွန်ုပ်တို့ တတ်နိုင်သောအပိုင်းမှ ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ပြည်တွင်းမိတ်ဖက်များ၏ အခန်းကဏ္ဍ မြှင့်တင်မှုများ ပြုလုပ်သွားမည့်အပြင် ၎င်းတို့ ပိုမို ထိရောက်စွာ ရှင်သန်လှုပ်ရှားနိုင်မည့် ပရဟိတ ဝန်းကျင်တစ်ခုကို ဖော်ဆောင်ပေးသွားမည် ဖြစ် ပါသည်။

အများပါဝင်ပြီး ရေရှည်တည်တံ့သော ကမ္ဘာကြီး ဖြစ်တည်လာရန် ရည်မှန်းထားသည့် (ပရဟိတ အလှူရှင်အဖွဲ့အစည်း၊ အစိုးရနှင့် အခြားဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်နေသူများ စသည်ဖြင့်) မိတ်ဖက်တိုင်း၏ နှိုင်းယှဉ်အားသာချက်များကို တက်ညီလက်ညီနှင့် အထိရောက်ဆုံး ဆောင်ရွက် နိုင်ရန် ကဏ္ဍအစုံတွင် မိတ်ဖွဲ့လုပ်ဆောင်မှုများကို စုစည်း တိုးမြှင့်သွားမည် ဖြစ်သည်။

## ၁၁.၄ နောက်ဆက်တွဲ(၄) ဘဏ္ဍာငွေ ကုန်ကျမှုများ တွက်ချက် သတ်မှတ်ထားပြီး ဖြစ်သည့် ကဏ္ဍအလိုက် စီမံကိန်းများ ရေးဆွဲခြင်းဆိုင်ရာ လမ်းညွှန်ချက်[၂၆]

အစိုးရဌာနအဖွဲ့အစည်းများ အသုံးပြုလေ့ရှိသော ကဏ္ဍအလိုက်စီမံကိန်းများတွင် သတ်မှတ်ထားသော ကဏ္ဍအလိုက် (သို့မဟုတ်) ဦးတည်ချက်နယ်ပယ်အလိုက် ရလဒ်များ ပေါ်ထွက်လာရန် အသုံးပြု ဆောင်ရွက်မည့် နည်းလမ်းများကို ဖော်ပြထားသည်။ ကဏ္ဍအလိုက် စီမံကိန်းများတွင် သတ်မှတ်ဦးတည်ချက် ဖော်ဆောင်ရန် လုပ်ငန်းတိုးတက်မှုကို သတ်မှတ်သည့် အချက်အလက်များနှင့် အချိန်ကာလ သတ်မှတ်ချက်များအပြင် ဦးတည်ချက်နှင့် (ဥပမာ - ရလဒ်များ၊ အကျိုးရလဒ်များ နှင့်/ သို့မဟုတ် အကျိုးသက်ရောက်မှုများ စသည့်) ရလဒ်ညွှန်းကိန်းများကို ရှင်းလင်းစွာ ဖော်ပြထားလေ့ရှိသည်။

ကုန်ကျမည့် ဘဏ္ဍာငွေများကို တွက်ချက်ထားပြီးဖြစ်သည့် ကဏ္ဍအလိုက် စီမံကိန်းများတွင် အောက်ပါအချက်များ ပါဝင်ရန် မျှော်လင့်ထားပါသည်။

(၁) ကဏ္ဍ၏ ရည်မှန်းချက်

(၂) ကဏ္ဍ၏ အဓိကနယ်ပယ်များ သို့မဟုတ် နည်းဗျူဟာကျ ဦးစားပေးများ

(၃) အဓိကဆောင်ရွက်မည့် နယ်ပယ်များအတွင်းမှ စီမံကိန်းများနှင့် သတ်မှတ်ချက်များ ဖော်ထုတ်ခြင်း

(၄) အဖွဲ့အစည်းဆိုင်ရာ စီမံဆောင်ရွက်ထားမှုနှင့် အကောင်အထည်ဖော်မှုနည်းဗျူဟာ

(၅) ကုန်ကျစရိတ် သတ်မှတ်တွက်ချက်ခြင်းနှင့် ဘဏ္ဍာငွေရရှိနိုင်မှုအခြေအနေ

(၆) စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်းဆိုင်ရာ မူဘောင်

မှတ်ချက် - အောက်ဖော်ပြပါ ဥပမာများသည် သရုပ်ပြရန်သက်သက်သာ ဖော်ပြထားခြင်း ဖြစ်ပါသည်။

### ကဏ္ဍ၏ ရည်မှန်းချက်

ဤအပိုင်းတွင် ကဏ္ဍ၏ ယေဘုယျ ရည်မှန်းချက်ပန်းတိုင် ဖော်ပြရန် ဖြစ်ပါသည်။

[၂၆] လိုအပ်မှုအခြေအနေများအရ ပြန်လည်အကဲဖြတ်ခြင်းနှင့် ပြင်ဆင်ခြင်းများ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်သည်။

ဥပမာ

လူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု - အားနည်း ထိခိုက်လွယ်သောအုပ်စုများအတွက် ရေရှည်တည့်တံ့ပြီး အားလုံးပါဝင်သော ဖွံ့ဖြိုးမှုတစ်ရပ် ပေါ်ပေါက်စေရေးအတွက် ယင်းတို့၏ အခွင့်အရေးများ၊ လွတ်လပ်ခွင့်များနှင့် လုပ်ဆောင်နိုင်စွမ်းများကို မြှင့်တင်ကာကွယ်ပေးရေး။

## ကဏ္ဍ၏ အဓိကနယ်ပယ်များ သို့မဟုတ် နည်းဗျူဟာကျဦးစားပေးများ

SCG အနေဖြင့် ကဏ္ဍ၏အခြေအနေ သုံးသပ်ချက်အပေါ်မူတည်ကာ ကဏ္ဍ၏ အဓိကနယ်ပယ်များ(သို့မဟုတ်)နည်းဗျူဟာကျ ဦးစားပေးများကို ရှင်းလင်းပြတ်သားစွာချမှတ်ခြင်း (သို့မဟုတ်) ဖော်ပြခြင်းများ ပြုလုပ်ရပါမည်။

ကဏ္ဍအတွင်းရှိ ကွာဟချက်များ၊ လိုအပ်ချက်များကို နားလည်သဘောပေါက်နိုင်ရန်အတွက် အခြေအနေ သုံးသပ်ချက်များတွင် ဇစ်မြစ်ပေါင်းစုံမှ ရှိရင်းစွဲ သတင်းအချက်အလက်များကို ဆန်းစစ်သုံးသပ်ပြီး ကဏ္ဍ၏ လက်ရှိအခြေအနေကို အကဲဖြတ်မှု ပြုလုပ်ရမည်ဖြစ်သည်။

ဥပမာ

အချို့ အားနည်း ထိခိုက်လွယ်သောအုပ်စုများတွင် အရွယ်ရောက်သူ စာတတ်မြောက်မှုနှုန်း သိသိသာသာ နိမ့်ကျနေကြောင်း အခြေအနေသုံးသပ်ချက်မှ ပြသနေသည်။

ပစ်မှတ်ထားဆောင်ရွက်မည့်နယ်ပယ် - အားနည်း ထိခိုက်လွယ်သောအုပ်စုများအကြား အရွယ်ရောက်သူ စာတတ်မြောက်မှု။

နည်းဗျူဟာကျ ဦးစားပေးများ ဖော်ထုတ်ပြီးနောက်တွင် အလားအလာရှိသော နယ်ပယ်များအနက်မှ မည်သည့်အတွက်ကြောင့် ယင်းအပိုင်းများကို ဦးစားပေးအဖြစ် ရွေးချယ်ခဲ့ရခြင်းဖြစ်ကြောင်း အကြောင်းပြချက်များကို ဖော်ပြရန် ဖြစ်ပါသည်။ (အကြောင်းပြချက်များ ဖော်ပြရာတွင် အခက်အခဲပြဿနာ ပြင်းထန်မှုအခြေအနေ၊ အကျိုးသက်ရောက်မှု အနေအထား၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာ အရေးပါမှု၊ မြန်မာနိုင်ငံ၏စီးပွားရေးမူဝါဒများနှင့် နိုင်ငံတော်၏ နည်းဗျူဟာကျ အကျိုးစီးပွားများနှင့် သက်ဆိုင်မှု စသည်ဖြင့် ဆက်စပ်ဖော်ပြနိုင်ပါသည်။)

## အဓိကဆောင်ရွက်မည့် နယ်ပယ်များအတွင်းမှ စီမံကိန်းများနှင့် သတ်မှတ်ချက်များ ဖော်ထုတ်ခြင်း

ယခုအပိုင်း၏ အဓိက ရည်ရွယ်ချက်မှာ ဦးစားပေးဧရိယာတိုင်းအတွက် အစီအစဉ်နှင့် စီမံချက်ဆိုင်ရာ လုပ်ငန်းများ ဖော်ဆောင်ရန် ဖြစ်ပါသည်။ ယင်းဆောင်ရွက်မည့် နယ်ပယ်အောက်မှ အစီအစဉ်ဆိုင်ရာ ရလဒ်များနှင့် သတ်မှတ်ချက်များကိုလည်း အတိအကျ ဖော်ထုတ်ရန် လိုအပ်ပါသည်။

အကယ်၍ ဤဦးစားပေးနယ်ပယ်အတွက် အဓိကဦးတည်ချက်သည် သက်ကြီး စာတတ်မြောက်မှုနှုန်းမြှင့်တင်ရန်ဆိုပါက စီမံကိန်းအောက်တွင် ယင်းနယ်ပယ်အတွက် အစီအစဉ်များနှင့် စီမံချက်များ အတိအကျ ဖော်ထုတ်ပြသရန် လိုအပ်ပါသည်။

ဥပမာ

ရလဒ်များ (သို့မဟုတ်) အစီအစဉ်များ

- အားနည်း ထိခိုက်လွယ်သောအုပ်စုများအတွင်း အရွယ်ရောက်သူများအတွက် စာပေသင်ကြားရေးစင်တာများ ဖွင့်လှစ်ပေးခြင်း။
- အားနည်း ထိခိုက်လွယ်သောအုပ်စုများအတွက် အရွယ်ရောက်သူများအား စာပေသင်ကြားပေးရေးဆိုင်ရာ လုပ်အားပေး အစီအစဉ်များ ဖွင့်လှစ်ပေးခြင်း။

သတ်မှတ်ချက်များ

- ရွေးချယ်ထားသည့် အားနည်း ထိခိုက်လွယ်သောအုပ်စုများအတွင်း အရွယ်ရောက်သူ စာတတ်မြောက်မှုနှုန်းကို သုံးနှစ် (သို့မဟုတ်) ငါးနှစ်အတွင်း ၂၅% သို့ မြှင့်တင်ရန်။

ဥပမာ

ရလဒ်များ သို့မဟုတ် အစီအစဉ်များ

- အားနည်း ထိခိုက်လွယ်သောအုပ်စုများအတွင်း အရွယ်ရောက်သူများအတွက် စာပေသင်ကြားရေး စင်တာများ ဖွင့်လှစ်ပေးခြင်း။
- အားနည်း ထိခိုက်လွယ်သောအုပ်စုများအတွက် အရွယ်ရောက်သူများအား စာပေသင်ကြားပေးရေးဆိုင်ရာ လုပ်အားပေး အစီအစဉ်များ ဖွင့်လှစ်ပေးခြင်း။

သတ်မှတ်ချက်များ

- ရွေးချယ်ထားသည့် အားနည်း ထိခိုက်လွယ်သောအုပ်စုများအတွင်း အရွယ်ရောက်သူ စာတတ်မြောက်မှုနှုန်းကို သုံးနှစ် (သို့မဟုတ်) ငါးနှစ်အတွင်း ၂၅% သို့ မြှင့်တင်ရန်။

## အဖွဲ့အစည်းဆိုင်ရာ စီမံဆောင်ရွက်ထားမှုနှင့် အကောင်အထည်ဖော်မှုနည်းဗျူဟာ

ဤအပိုင်းတွင် အစီအစဉ် (သို့မဟုတ်) စီမံကိန်းလုပ်ငန်းတစ်ခုချင်းစီအား အကောင်အထည်ဖော်ရန်အတွက် အဖွဲ့အစည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဖော်ပြရမည်ဖြစ်သည်။ ထိုသို့ဖော်ပြရာတွင် ဦးဆောင်ရန် ရွေးချယ်ထားသည့် အေဂျင်စီ/အေဂျင်စီများနှင့် အစိုးရဌာနအဖွဲ့အစည်းများ၊ PID များ၊ INGO များနှင့် CSO များအကြား လုပ်ငန်းတာဝန် ခွဲဝေမှုများကိုလည်း ထည့်သွင်းဖော်ပြရမည်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်မှုပုံစံတွင် အောက်ပါအချက်အလက်များ ပါရှိရမည်ဖြစ်ပါသည် -

| **လုပ်ငန်းရပ်များ/ အစီအစဉ်များ** | **ဦးတည်ချက် ညွှန်းကိန်း သို့မဟုတ် သတ်မှတ်ချက်များ** | **အတည်ပြု စစ်ဆေးမှု နည်းလမ်း** | **တာဝန်ရှိသည့် အေဂျင်စီ/ အဖွဲ့အစည်း** | **သတ်မှတ်ထားသော ရက်စွဲ/ အချိန်ကာလ သတ်မှတ်ချက်** |
|---|---|---|---|---|
| အရွယ်ရောက်သူ စာပေပညာသင်ကြားရေးဆိုင်ရာ အစီအစဉ်များ | အရွယ်ရောက်သူ စာတတ်မြောက်မှုနှုန်း၂၅% တိုးတက်အောင် ဆောင်ရွက်ရန် | စောင့်ကြည့် အကဲဖြတ်ခြင်း အစီရင်ခံစာ | ပညာရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ... စသည်ဖြင့် | ၂၀၂၀ |

## ကုန်ကျစရိတ်သတ်မှတ်တွက်ချက်ခြင်းနှင့် ဘဏ္ဍာငွေရရှိနိုင်မှုအခြေအနေ

နည်းဗျူဟာကျ ဦးစားပေးနယ်ပယ် တစ်ခုချင်းစီအောက်တွင် သုံးနှစ် သို့မဟုတ် ငါးနှစ်စာ အစီအစဉ်များနှင့် သတ်မှတ်ချက်များ ချမှတ်ပြီးနောက်တွင် ကုန်ကျစရိတ် သတ်မှတ်တွက်ချက်မည့်နည်းလမ်းကို ဖော်ထုတ်ရမည်ဖြစ်သည်။ ထိုနည်းလမ်းကို အသုံးပြု၍ ကဏ္ဍအလိုက် စီမံကိန်းတစ်ခုလုံးအား သတ်မှတ်အချိန်ကာလအတွင်း အကောင်အထည်ဖော်ရန်အတွက် ကုန်ကျမည့်စရိတ် ခန့်မှန်းချက်ကို တွက်ချက်ရမည်ဖြစ်သည်။ ကုန်ကျစရိတ် တွက်ချက်ရာတွင် လုပ်ငန်းဆောင်ရွက်ချက် အသီးသီးကို အကောင်အထည်ဖော်ရန် လိုအပ်သော ရလဒ်များနှင့်အရင်းအမြစ်များကို ဖော်ထုတ်သတ်မှတ်နိုင်ရန်အတွက် စီမံချက်ဆိုင်ရာ အကြောင်းအရာ အသေးစိတ်များ လိုအပ်ပါသည်။

- ယူနစ်တစ်ခုအလိုက် ကုန်ကျစရိတ် တွက်ချက်ခြင်းသည် အသင့်တော်ဆုံး နည်းလမ်း ဖြစ်ပါသည်။ အဆိုပါနည်းလမ်းအရ ဆောင်ရွက်ရာတွင် စီမံချက်များအား အပိုင်းများ ခွဲသင့်ပါသည်။ ထို့အပြင် စီမံချက်၏ ပန်းတိုင်အသီးသီးအတွက် လိုအပ်သော ရလဒ် များကို လက်တွေ့ကျသော ကုန်ကျစရိတ် ခန့်မှန်းတွက်ချက်မှုများ အသုံးပြုပြီး ဖော်ထုတ်ရမည် ဖြစ်သည်။
- တွက်ချက်လိုသည့် အစီအစဉ်နှင့် အလားတူများရှိပြီး ဖြစ်ပါက ထိုယခင်ရှိခဲ့သော အစီအစဉ်အပေါ် အခြေခံကာ အစီအစဉ်သစ်အတွက် ကုန်ကျစရိတ်ကို ခန့်မှန်း တွက်ချက်နိုင်ပါသည်။ ထိုသို့တွက်ချက်ရာတွင် အချိုးကျသော ပုံစံမျိုး (ထည့်ဝင်မှုပိုမို လိုအပ်သည်ဆိုပါက ၎င်းအခြေအနေကို ထင်ဟပ်သော တွက်ချက်မှုမျိုး) သို့မဟုတ် လက်တွေ့ကို အခြေခံသည့် သုံးနေကျတွက်ချက်မှုပုံစံမျိုးကို အသုံးပြုကာ အဆိုပြု ထားသည့်အစီအစဉ်အတွက် အနီးစပ်ဆုံးခန့်မှန်းချက်ကို တွက်ချက်ရမည်ဖြစ်ပါသည်။

ကုန်ကျစရိတ် သတ်မှတ်တွက်ချက်ခြင်းမှ ကဏ္ဍအလိုက် စီမံကိန်းအကောင်အထည်ဖော်ရန် အတွက် ကောင်းမွန်ပြည့်စုံသော ခန့်မှန်းကုန်ကျစရိတ်ကို ရရှိရမည် ဖြစ်ပါသည်။

ဒုတိယအဆင့်မှာ ကဏ္ဍအတွက် ဘဏ္ဍာငွေနှင့် အရင်းအမြစ်များ ရှာဖွေမည့်ပုံစံကို ဖော် ထုတ်ရန် ဖြစ်သည်။ ယခုအဆင့်တွင် လာမည့် သုံးနှစ်မှ ငါးနှစ်အတွင်း ကဏ္ဍအတွက် ရရှိနိုင်မည့် ပြည်တွင်းမှ အရင်းအမြစ်များ နည်းစနစ်ကျကျ ခန့်မှန်းရန် ဖြစ်ပါသည်။  ပုံမှန် အားဖြင့် မက်ခရိုစီးပွားရေး ခန့်မှန်းမှုပုံစံကို အသုံးပြုကာ သတ်မှတ်အချိန်ကာလအတွင်း ကဏ္ဍအတွက် ရရှိနိုင်သည့် ပြည်သူ့ အသုံးစရိတ်များကို တွက်ချက်သည်။

ဘဏ္ဍာငွေရရှိနိုင်မှုတွင် ကွာဟချက်များရှိ၊မရှိကို စီမံကိန်းကုန်ကျစရိတ်နှင့် ပြည်သူ့ဘဏ္ဍာ၊ ODA၊ ပုဂ္ဂလိကကဏ္ဍ အစရှိသဖြင့် ရင်းမြစ်ပေါင်းစုံမှ ဘဏ္ဍာငွေရရှိနိုင်မှု တို့အကြား ကွာခြားချက်ကို သုံးသပ်တွက်ချက်ပါသည်။

PID ထံမှ ထောက်ပံ့ငွေရရှိနိုင်မှု အလားအလာကို ဤအဆင့်၌ပင် ထည့်သွင်းသုံးသပ်ရ မည်ဖြစ်သည်။ အခြားအရင်းအမြစ်များမှ ဘဏ္ဍာငွေရှာဖွေမှုများ ပြုလုပ်ရန် လိုအပ်ပါက ကုန်ကျစရိတ် သတ်မှတ် တွက်ချက်ထားသည့် ကဏ္ဍအလိုက် စီမံကိန်းကို အသုံးပြုကာ အရင်းအမြစ်များကို ရှာဖွေအသုံးပြုရမည် ဖြစ်သည်။ ထိုသို့ပြုလုပ်ရာတွင် ပုံမှန်အားဖြင့် သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများ၊ PID များ၊ ပုဂ္ဂလိကကဏ္ဍ၊ NGO နှင့် INGO များ

အပါအဝင် အကျိုးသက်ဆိုင်သူ အားလုံးနှင့် ကျယ်ပြန့်သော ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန် လိုအပ်သည်။

## စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်းဆိုင်ရာ မူဘောင်

ကုန်ကျစရိတ် သတ်မှတ်တွက်ချက်ထားသည့် ကဏ္ဍအလိုက်စီမံကိန်းများတွင် စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်းဆိုင်ရာ နည်းဗျူဟာများနှင့် ၎င်းတို့နှင့် ဆက်စပ်သော ဘတ်ဂျက်များကိုပါ ရှင်းလင်းစွာ တစ်ပါတည်း ထည့်သွင်းဖော်ပြရမည်။ စောင့်ကြည့်လေ့လာရာ တွင် သတ်မှတ်ညွှန်းကိန်းများနှင့် ရန်ပုံငွေချထားမှု ကိစ္စရပ်များအတွက် ပုံမှန်သတင်း အချက်အလက် ကိန်းဂဏန်းကောက်ယူမှုများလည်း ထည့်သွင်း ပြုလုပ်ရမည် ဖြစ်ပါသည်။

သက်ဆိုင်ရာ SDG ညွှန်းကိန်းများကို အစီအစဉ်နှင့် စီမံကိန်းဆိုင်ရာ ညွှန်းကိန်းများ အတွင်းသို့ ပေါင်းစည်းထည့်သွင်းကြရန်လည်း တိုက်တွန်းလိုပါသည်။

အကဲဖြတ်မှု နည်းဗျူဟာများမှာ ကွဲပြားကြမည် မှန်သော်လည်း ယေဘုယျအားဖြင့် အောက်ပါအပိုင်းအားလုံး ပါဝင်သင့်ပါသည် -

- ကြိုတင်ခန့်မှန်းချက်များကို အခြေခံပြုလုပ်သော Exante အကဲဖြတ်မှုကို လုပ်ငန်း အကောင်အထည်မဖော်မီ ပြုလုပ်ပြီး ဖြစ်နိုင်ချေရှိသော ကောင်းကျိုးဆိုးကျိုးများအား သုံးသပ်ခြင်းနှင့် အဆိုပြုလုပ်ငန်းသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီများ ရယူမှု ဆိုင်ရာ ဦးစားပေးများအတွက် တန်ဖိုးနှင့် သင့်လျော်မှု ရှိ-မရှိ တို့ကို ဆန်းစစ်ခြင်း ဖြစ်ပါသည်။
- ကြားကာလအကဲဖြတ်မှုများကို အကောင်အထည်ဖော်မှု စက်ဝန်း၏ အစိတ်အပိုင်း တစ်ခုအဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းဖြင့် အကောင်အထည်ဖော်မှုဆိုင်ရာ လုပ်ငန်းတိုးတက်မှုနှင့် စွမ်းပကားများကို အကဲဖြတ်ပြီး လိုအပ်သည့်နေရာများတွင် ဒီဇိုင်းနှင့် အကောင်အထည်ဖော်မှုများကို ပြုပြင်ပြောင်းလဲရေး အဆိုပြုရန် ဖြစ်ပါ သည်။
- အပြီးသတ် အကဲဖြတ်မှုများကို စီမံကိန်း ပြီးလျှင်ပြီးချင်း ဆောင်ရွက်ရသည်ဖြစ်ပြီး အဆုံးသတ်ရလဒ်များကို ဆန်းစစ်ရန်နှင့် အပြီးသတ် အစီရင်ခံစာများ ပြင်ဆင်ရန် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

- အကျိုးသက်ရောက်မှု အကဲဖြတ်ခြင်းများကို စီမံကိန်းပြီးဆုံးပြီး သုံးနှစ်အတွင်း သင့်လျော်သော အချိန်တွင် ပြုလုပ်လေ့ရှိသည်။ ပြုလုပ်သည့် ရည်ရွယ်ချက်မှာ စီမံကိန်း၏ အချိန်တိုအတွင်း အကျိုးများမှု၊ ထိရောက်မှု၊ ရေရှည်တည်တံ့နိုင်မှုနှင့် ရှင်းလင်းစွာ ဖော်ထုတ်ထားခဲ့သည့် သတ်မှတ်ချက်များအပေါ် အကျိုးသက်ရောက်မှု တို့ကို သိရှိရန် ဖြစ်သည်။

## ၁၁.၅ နောက်ဆက်တွဲ(၅) ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာပုံစံများ[၂၇]

**(--------နိုင်ငံ/အဖွဲ့အစည်း) နှင့်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**တို့အကြား**

**ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာ**

ဤနားလည်မှုစာချွန်လွှာသည် စီးပွားရေးနှင့်/ သို့မဟုတ် နည်းပညာ ပူးပေါင်းဆောင်ရွက်ရန် အတွက် (-----နိုင်ငံ/ အဖွဲ့အစည်း) ("နိုင်ငံ/အဖွဲ့အစည်း အမည်အတိုကောက်") နှင့် (----ဝန်ကြီး ဌာန) (စုပေါင်း၍ "သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်းများ" ဟုလည်းကောင်း၊ တစ်ဦးချင်း အနေဖြင့် "သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်း"ဟုလည်းကောင်း ရည်ညွှန်းမည်) ကိုယ်စားပြု သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ("မြန်မာနိုင်ငံအစိုးရ") (နောင်တွင် နှစ်ဖက် လုံးကို "စာချုပ်ဝင်များ" ဟုလည်းကောင်း၊ တစ်ဖက်စီကို "စာချုပ်ဝင်" ဟုလည်းကောင်း ရည်ညွှန်းမည်) တို့အကြား -

မြန်မာနိုင်ငံအစိုးရနှင့်(-----နိုင်ငံ/အဖွဲ့အစည်း) တို့သည် ပူးပေါင်းဆောင်ရွက်မှု၏ ရည်ရွယ် ချက်တွင် ဖော်ပြထားချက်များနှင့်အညီ မိတ်ဖက်အဖြစ် ဆောင်ရွက်ရန် သဘောတူညီ ကြ၍ လည်းကောင်း၊

ဖွံ့ဖြိုးမှုအကူအညီများကို မြန်မာပြည်သူများအတွက် အကျိုးရှိ ထိရောက်၍ တာဝန်ယူမှုနှင့် ပွင့်လင်းမြင်သာမှုရှိစွာ အသုံးပြုရန် ခိုင်မာစွာ ကတိကဝတ်ပြု၍ လည်းကောင်း၊

စာချုပ်ဝင်များသည် ဤနားလည်မှုစာချွန်လွှာတွင် ဖော်ပြထားသော စည်းမျဉ်းစည်းကမ်း များနှင့် တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန် သဘောတူညီကြသည်။

**အပိုဒ်-၁**

**နားလည်မှုစာချွန်လွှာ၏ ရည်ရွယ်ချက်/နယ်ပယ်**

၁.၁ ဤနားလည်မှုစာချွန်လွှာတွင် ဖော်ပြထားချက်များသည် မိတ်ဖက်များနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်းများအကြား ဖွံ့ဖြိုးမှုအကူအညီများ အကောင်အထည်ဖော်ရာတွင် လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများနှင့် တာဝန်ဝတ္တရားများ ဖြစ်သည်။

---

[၂၇] လိုအပ်မှုအခြေအနေများအရ ပြန်လည်အကဲဖြတ်ခြင်းနှင့် ပြင်ဆင်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

## အပိုဒ်-၂

## ပူးပေါင်းဆောင်ရွက်မှု မူဝါဒများ

၂.၁ ဒီမိုကရေစီ၏ အနှစ်သာရကို လေးစားခြင်း၊ ကောင်းမွန်သောအုပ်ချုပ်မှု၊ လူ့အခွင့်အရေး၊ အားလုံးပါဝင်သည့် စီးပွားရေးဖွံ့ဖြိုးမှုနှင့် တရားဥပဒေစိုးမိုးမှုတို့သည် ဤနားလည်မှုစာချွန်လွှာ၏ မရှိမဖြစ် လိုအပ်သည့် အကြောင်းခြင်းရာများ ဖြစ်ကြသည်။

၂.၂ ဖွံ့ဖြိုးမှုအကူအညီအား အကောင်အထည်ဖော်ရာတွင်-

(က) မြန်မာနိုင်ငံအစိုးရမှ သတ်မှတ်ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ

(ခ) မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ

(ဂ) စာချုပ်ဝင်များ အတည်ပြု ထောက်ခံသည့် ထိရောက်သော ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး မူဝါဒများနှင့်အညီ ဆောင်ရွက်မည် ဖြစ်သည်။

## အပိုဒ်-၃

## သတ်မှတ်ချက်များ

၃.၁ (-------နိုင်ငံ/အဖွဲ့အစည်း) မှ ထောက်ပံ့သည့် ဖွံ့ဖြိုးမှုအကူအညီ၏ ရည်ရွယ်ချက်မှာ-

-

-

-

- (အကူအညီ၏ ရည်ရွယ်ချက်ကို ရေးသားဖော်ပြမည်)။

၃.၂ ဖွံ့ဖြိုးမှုအကူအညီများသည် [လူပုဂ္ဂိုလ်(များ)၊ အဖွဲ့အစည်း(များ)၊အုပ်စု(များ)၊ တက္ကသိုလ် အဖွဲ့အစည်း(များ)] အတွက် အကျိုးကျေးဇူးရရှိရန် ရည်ရွယ်ပါသည်။

## အပိုဒ်-၄

## (------နိုင်ငံ/ အဖွဲ့အစည်း) ၏ တာဝန်ဝတ္တရားများ

၄.၁ (-------နိုင်ငံ/အဖွဲ့အစည်း) သည် မြန်မာဘက်မှ --------ဝန်ကြီးဌာန / အဖွဲ့အစည်းနှင့် သဘောတူညီထားသည့် အကူအညီကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာမည်။

၄.၂ (-------နိုင်ငံ/ အဖွဲ့အစည်း) နှင့် ၎င်း၏ ဝန်ထမ်းများသည် ၎င်းတို့ လုပ်ဆောင်ရမည့် လုပ်ငန်းများမှအပ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မည့် သို့မဟုတ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိခိုက်ပျက်ပြားစေမည့် တရားဥပဒေနှင့် မညီသည့် လုပ်ရပ်များကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေပါဝင် ဆောင်ရွက်ခြင်း ပြုလုပ်မည် မဟုတ်ပါ။

## အပိုဒ် - ၅

## မြန်မာနိုင်ငံအစိုးရ၏ တာဝန်ဝတ္တရားများ

၅.၁ မြန်မာဘက်မှ သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်းသည် ဤနားလည်မှုစာချွန်လွှာနှင့် နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ သို့မဟုတ် သဘောတူစာချုပ်များ အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရန် အောက်ပါကိစ္စရပ်များကို မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေ ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးမည်-

(က) ကုန်စည်၊ ဝန်ဆောင်မှု၊ ကိရိယာတန်ဆာပလာများ သို့မဟုတ် ဤနားလည်မှု စာချွန်လွှာအရ တင်သွင်းသည့် ပစ္စည်းများအတွက် သွင်းကုန်လိုင်စင်ကို ဦးစား ပေးဖြင့် ထုတ်ပေးခြင်းနှင့် ယင်းပစ္စည်းများအား အကောက်ခွန် ကင်းလွတ်ခွင့်ပြု ခြင်း။

(ခ) ဤနားလည်မှုစာချွန်လွှာနှင့် သက်ဆိုင်သည့် ဝန်ထမ်းများ၊ ကန်ထရိုက်တာများနှင့် ၎င်းတို့ မိသားစုဝင်များအတွက် လိုအပ်သောဗီဇာများကို ဦးစားပေးဖြင့် ထုတ်ပေး ခြင်း။

## အပိုဒ် - ၆

## ဘဏ္ဍာငွေထောက်ပံ့ခြင်း

၆.၁ (------နိုင်ငံ/အဖွဲ့အစည်း) သည် (ငွေကြေးအမျိုးအစား) (ပမာဏ) ကို ဤနားလည်မှု စာချွန်လွှာ၏ သက်တမ်းကာလအတွင်း အကူအညီအဖြစ် ပေးအပ်မည်ဖြစ်ပြီး [ အခြား ကန့်သတ်မှုများနှင့် ထည့်သွင်းစဉ်းစားရမည့် အချက်များရှိက ဖော်ပြရန် ] ဘဏ္ဍာငွေ ထောက်ပံ့ခြင်းဆိုင်ရာ အသေးစိတ် အချက်အလက်များကို နောက်ဆက်တွဲ စီမံကိန်း/ အစီအစဉ်ဆိုင်ရာ နားလည်မှုစာချွန်လွှာတွင် ဖော်ပြမည်။

၆.၂ စာချုပ်ဝင်များအကြား အခြားသဘောတူညီထားမှု မရှိလျှင် ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်း များမှ လုပ်ငန်းဆောင်ရွက်ချက် ပြီးဆုံးပြီးနောက် (-----နိုင်ငံ/အဖွဲ့အစည်း) ၏ ထည့်ဝင်

ငွေအနက်မှ ကျန်ရှိသည့်ပမာဏ နှင့် တိုးပွားလာသည့် အကျိုးအမြတ်များကို(-------နိုင်ငံ/အဖွဲ့အစည်း) သို့ ပြန်လည်ပေးအပ်မည်။

၆.၃ ဖွံ့ဖြိုးမှုအကူအညီများ အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာနိုင်ငံသို့ ပေးအပ်သည့် ရန်ပုံငွေများကို တရားဝင် ငွေလဲလှယ်နှုန်းဖြင့် မြန်မာကျပ်ငွေသို့ ပြောင်းလဲအသုံးပြုမည်။

၆.၄ မြန်မာဘက်မှ သက်ဆိုင်ရာ ဝန်ကြီးဌာန/အဖွဲ့အစည်းသည် နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာတွင် သဘောတူညီထားသည့် စည်းကမ်း သတ်မှတ်ချက်များအတိုင်း ဖွံ့ဖြိုးမှုအကူအညီများ အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအတွင်း ကျခံရမည့် ကုန်ကျစရိတ်များကို ကျခံမည်။

၆.၅ မြန်မာဘက်မှ သက်ဆိုင်ရာ ဝန်ကြီးဌာန/အဖွဲ့အစည်းသည် ဖွံ့ဖြိုးမှုအကူအညီများနှင့် စပ်လျဉ်း၍ ပြည်တွင်း၌ ပြုလုပ်သော အခမ်းအနားများ၊ အစည်းအဝေးများတွင် မြန်မာဘက်မှ အစိုးရဝန်ထမ်းများ အဆင်ပြေချောမွေ့စွာ ပါဝင်တက်ရောက်ရေးအတွက် လိုအပ်သည့် နေ့တွက်စရိတ်၊ ခရီးသွားလာစရိတ်၊ နေထိုင်စရိတ်များကို တာဝန်ယူမည်။

## အပိုဒ် - ၇

## အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်များ

၇.၁ (-------နိုင်ငံ/အဖွဲ့အစည်း) သည် ဖွံ့ဖြိုးမှုအကူအညီများကို စွမ်းဆောင်ရည်ပြည့်ဝစွာနှင့် ကုန်ကျစရိတ်သက်သာစွာ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ဤနားလည်မှုစာချွန်လွှာတွင် ဖော်ပြထားသည့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဆန့်ကျင်ခြင်းမရှိသည့် နောက်ဆက်တွဲစာချုပ်များ၊ စီမံကိန်း (သို့မဟုတ်) အစီအစဉ် အကောင်အထည်ဖော်ရေးဆိုင်ရာ သဘောတူစာချုပ်များကို ချုပ်ဆိုနိုင်သည်။

၇.၂ နည်းပညာဆိုင်ရာအကူအညီ/အတိုင်ပင်ခံ အဖွဲ့အစည်းများသည် ဤနားလည်မှုစာချွန်လွှာ (သို့မဟုတ်) နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာအရ ဖွံ့ဖြိုးမှုအကူအညီများ အကောင်အထည်ဖော်ရာတွင် အသုံးပြုမည့်ပစ္စည်းများ ဝယ်ယူခြင်းအတွက် သီးခြားဘဏ်စာရင်းဖွင့်လှစ် ဆောင်ရွက်နိုင်သည်။

## အပိုဒ် - ၈

## ပစ္စည်းဝယ်ယူခြင်း

၈.၁ (------နိုင်ငံ/အဖွဲ့အစည်း) မှ ထောက်ပံ့သည့် ဖွံ့ဖြိုးမှုအကူအညီများ အကောင်အထည်ဖော်ရာတွင် အသုံးပြုရန် စာချုပ်ဝင်တစ်ဖက်ဖက် (သို့မဟုတ်) စာချုပ်ဝင် တစ်ဖက်ဖက်မှ ခန့်အပ်ထားသည့် အဖွဲ့အစည်း (သို့မဟုတ်) အတိုင်ပင်ခံများမှ ဝယ်ယူသည့် ပစ္စည်း

ဝယ်ယူမှုများအတွက် မြန်မာအစိုးရ၏ ပစ္စည်းဝယ်ယူရေးဆိုင်ရာ လမ်းညွှန်ချက်များ (သို့မဟုတ်) နိုင်ငံတကာမှ လက်ခံထားသည့် ပစ္စည်းဝယ်ယူရေး စံသတ်မှတ်ချက်များ နှစ်ဖက်သဘောတူညီမှုအရ အသုံးပြုမည် ဖြစ်သည်။

၈.၂ တင်ဒါခေါ်ယူမှုနှင့် ပစ္စည်းဝယ်ယူမှုစာချုပ်များတွင် တရားမဝင် (သို့မဟုတ်) လာဘ်ပေး လာဘ်ယူကိစ္စရပ်များ ဆောင်ရွက်ထားကြောင်း တွေ့ရှိရပါက တင်ဒါခေါ်ယူမှု / ပစ္စည်း ဝယ်ယူမှုစာချုပ် ဖျက်သိမ်းနိုင်ကြောင်း စာပိုဒ်ပါဝင်ရမည်။

၈.၃ ပစ္စည်းဝယ်ယူရေးဆိုင်ရာ စာချုပ်ချုပ်ဆိုရေးအတွက် အကျိုးခံစားခွင့် အနေဖြင့် တရားမဝင် (သို့မဟုတ်) လာဘ်ပေးလာဘ်ယူ ကိစ္စရပ်များကို ဖြစ်စေသော လက်ဆောင် ပစ္စည်း၊ ငွေသားနှင့် အကျိုးအမြတ်တစ်စုံတစ်ရာအား တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ ပေးအပ်ခြင်းကို မည်သည့်စာချုပ်ဝင်မှ လက်ခံခြင်းမပြုရ။

၈.၄ နားလည်မှုစာချွန်လွှာနှင့် နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာအရ ဖွံ့ဖြိုးမှုအကူအညီများ အကောင်အထည်ဖော်ရန်အတွက် မြန်မာနိုင်ငံအတွင်းဝယ်ယူသည့် (သို့မဟုတ်) တင်သွင်း သည့် ကုန်ပစ္စည်းများအား စီမံကိန်းအတွက်သာ သီးသန့် အသုံးပြုရမည်။

## အပိုဒ် - ၉

## အခွင့်အရေးနှင့် ကင်းလွတ်ခွင့်များ

၉.၁ ဤစာပိုဒ်တွင် သီးခြား ဖော်ပြထားချက်များမှတစ်ပါး နားလည်မှုစာချွန်လွှာ (သို့မဟုတ်) နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာအရ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်း စည်းကမ်းများကို လိုက်နာဆောင်ရွက်မည်။

၉.၂ (------နိုင်ငံ/ အဖွဲ့အစည်း) နှင့် မြန်မာဘက်မှ သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်း သည် ဤနားလည်မှုစာချွန်လွှာအရ လုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိ လာသည့် (-----နိုင်ငံ/ အဖွဲ့အစည်း) မှ ဝန်ထမ်းများ နှင့် အလုပ်သမားများ (နှင့် ၎င်းတို့၏ မိသားစုဝင်များ) အား ပေးအပ်သည့် အခွင့်အရေးနှင့် ကင်းလွတ်ခွင့်များကို မြန်မာနိုင်ငံ တွင် အလားတူလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြားနိုင်ငံမှ နိုင်ငံသားများအား ပေးအပ်သည့် အခွင့်အရေးနှင့် ကင်းလွတ်ခွင့်များထက် မလျော့နည်းစေဘဲ ပေးအပ်ရန် သဘောတူညီကြသည်။

၉.၃ အပိုဒ် ၉.၂ အရ ပေးအပ်သည့် ကင်းလွတ်ခွင့်များကို မြန်မာနိုင်ငံသားများနှင့် မြန်မာ နိုင်ငံတွင် အမြဲတမ်းနေထိုင်သူများ ခံစားခွင့်မရှိပါ။

၉.၄ အပိုဒ် ၉.၂ အရ အခွင့်အရေးနှင့် ကင်းလွတ်ခွင့်များကို ပေးအပ်ထားသော်လည်း ယင်းစာပိုဒ်တွင် ဖော်ပြထားသည့် ပုဂ္ဂိုလ်တစ်ဦးချင်းစီသည် မြန်မာနိုင်ငံ၏ ဥပဒေအား လေးစားလိုက်နာရန် တာဝန်ရှိကြောင်း နားလည်ကြသည်။

## အပိုဒ် - ၁၀

## သက်သာခွင့်များ

၁၀.၁ ဖွံ့ဖြိုးမှုအကူအညီများကို မြန်မာပြည်သူ/သားများအတွက် အထိရောက်ဆုံး အကျိုးဖြစ်ထွန်းစေရန် အလို့ငှာ အောက်ပါကင်းလွတ်ခွင့်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြည့်ဆည်းပေးမည်-

(က) အကူအညီပေးသည့် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ စီမံကိန်းနှင့်အစီအစဉ် တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံး အကောင်အထည်ဖော်ရန် (------နိုင်ငံ/ အဖွဲ့အစည်း) (သို့မဟုတ်) ကန်ထရိုက်တာ (သို့မဟုတ်) (------နိုင်ငံ/အဖွဲ့အစည်း) မှ ငွေကြေးထောက်ပံ့သည့် အခြားအဖွဲ့အစည်းများက မြန်မာနိုင်ငံသို့ တင်သွင်းလာသည့် ကုန်စည်များ၊ ကိရိယာတန်ဆာပလာများ၊ ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ ငွေကြေးများအတွက် ပိုင်ဆိုင်မှု (သို့မဟုတ်) ပစ္စည်းအသုံးပြုမှုနှင့် စပ်လျဉ်းသည့် အခွန်အခများ၊ ရင်းနှီးမြှုပ်နှံမှု (သို့မဟုတ်) လိုအပ်သည့် စီစဉ်ဆောင်ရွက်ခြင်းနှင့် ငွေကြေးလက်ဝယ်ကိုင်ဆောင်ထားရှိခြင်းတို့အတွက် အခွန်အခများ ကင်းလွတ်ခွင့်ပြုမည်။

(ခ) ဤနားလည်မှုစာချွန်လွှာ (သို့မဟုတ်) နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်းသည့် ကုန်စည်များ၊ ကိရိယာတန်ဆာပလာများ၊ ပစ္စည်းများ၊ ဝန်ဆောင်မှုများ (သို့မဟုတ်) ငွေကြေးများအား တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ဝယ်ယူခြင်း၊ အသုံးပြုခြင်း၊ စီစဉ်ဆောင်ရွက်ခြင်း တို့အတွက် အကောက်ခွန်၊ ပို့ကုန်/သွင်းကုန်ခွန်၊ ပစ္စည်းဝယ်ယူခြင်း၊ ငှားရမ်းခြင်း (သို့မဟုတ်) စီစဉ်ဆောင်ရွက်ခြင်း တို့အတွက် အခွန်အခများနှင့် မြန်မာနိုင်ငံတွင် ကောက်ခံသည့် အခြားအလားတူ အခွန်အခများမှ ကင်းလွတ်ခွင့်ပြုမည်။

(ဂ) ဤနားလည်မှုစာချွန်လွှာအရ ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ သီးခြားဝန်ဆောင်မှုများအတွက် ကောက်ခံသည့် အခွန်အခများမှအပ ဤနားလည်မှုစာချွန်လွှာ (သို့မဟုတ်) နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာအရ (----နိုင်ငံ/အဖွဲ့အစည်း)၏ ဖွံ့ဖြိုးမှုအကူအညီဖြင့်ငွေကြေးထောက်ပံ့သည့် အခြားအဖွဲ့အစည်း (သို့မဟုတ်) ကန်ထရိုက်တာများအပေါ် မြန်မာအစိုးရမှ ပြဋ္ဌာန်း သတ်မှတ်ထား

သည့် ဝင်ငွေခွန်၊ အမြတ်ခွန်၊ လုပ်ငန်းခွန်၊ ငှားရမ်းခွန် (သို့မဟုတ်) အခြား အခွန်အခများ ကောက်ခံမည် မဟုတ်ပါ။

၁၀.၂ မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်သူများမှအပ (------နိုင်ငံ/အဖွဲ့အစည်း) (သို့မဟုတ်) အေဂျင်စီများမှ ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ လုပ်ငန်းလုပ်ကိုင်သူများ (တိုက်ရိုက်ငှားရမ်းခြင်း၊ ကန်ထရိုက် (သို့မဟုတ်) အခြားအစီအစဉ်ဖြင့်) (သို့မဟုတ်) ဘဏ္ဍာငွေများ (သဘောတူစာချုပ်၊ အကူအညီ (သို့မဟုတ်) အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းများမှ ရရှိခြင်း)နှင့် ဤနားလည်မှု စာချွန်လွှာအရ လုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိနေသူများသည်-

(က) အကူအညီပေးအပ်သည့် အစီအစဉ်မှ ရရှိသည့် ဝင်ငွေများအပေါ် မြန်မာနိုင်ငံ၏ ဥပဒေများနှင့်အညီ ကောက်ခံသည့် ဝင်ငွေခွန် ကင်းလွတ်ခွင့် ရရှိမည်။

(ခ) အဆောက်အဦ ငှားရမ်းခြင်းနှင့် ဝန်ထမ်းများ ကိုယ်ပိုင်အသုံးပြုသည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ (မော်တော်ယာဉ်များအပါအဝင်) ဝယ်ယူခြင်း၊ ပိုင်ဆိုင်ခြင်း၊ အသုံးပြုခြင်း (သို့မဟုတ်) စီစဉ်ဆောင်ရွက်ခြင်းတို့အတွက် အခွန်အခများ ကင်းလွတ်ခွင့်ပြုမည်။ သို့ရာတွင်အဆိုပါ ကင်းလွတ်ခွင့်များသည် ဝန်ထမ်းများ ပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများအား ၎င်းကဲ့သို့ အခွန်ကင်းလွတ်ခွင့် အခွင့်အရေး ရရှိထားသူထံ ရောင်းချရန်အတွက်သာ ဖြစ်သည်။ မော်တော်ယာဉ် တင်သွင်းရာတွင် အထူးကုန်စည်ခွန် ဥပဒေတွင် အသေးစိတ် ဖော်ပြထားသည့် အထူးကုန်စည်ခွန်နှင့် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒတွင် ဖော်ပြထားသည့် မော်တော်ယာဉ် အသုံးပြုမှုနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) ဝန်ထမ်းများအနေဖြင့် မြန်မာနိုင်ငံသို့ တင်သွင်းလာသည့် ကိုယ်ပိုင်သုံးပစ္စည်းများ၊ ကိရိယာတန်ဆာပလာများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသို့ ရောက်ရှိသည့်နေ့မှစ၍ (၆)လအတွင်း ပြုလုပ်သော တပ်ဆင်မှုများ၊ နေအိမ်မှ ထွက်ခွာပြီးနောက် (၃) လအတွင်း ယင်းတပ်ဆင်ထားမှုများအား ပြန်လည်ဖြုတ်ယူခြင်းတို့အပေါ် အကောက်ခွန်၊ ပို့ကုန်နှင့် သွင်းကုန်ခွန်များ ကင်းလွတ်ခွင့်ပြုမည်ဖြစ်သည်။ သို့ရာတွင် ဤစာပိုဒ်တွင် ဖော်ပြထားသည့် ကန့်သတ်ချက်များသည် အဆိုပါ ဝန်ထမ်းများအတွက် ကင်းလွတ်ခွင့်ပြုထားသော အခွန်နှင့် အခြားအခွန်အခများသည် သံတမန်ဆိုင်ရာ ဗီယင်နာ ကွန်ဗင်းရှင်း (၁၉၆၁)အရ သံတမန်များအတွက် ကင်းလွတ်ခွင့်ပြုထားသော အခွန်နှင့် အခြားအခွန်အခများနှင့် မသက်ဆိုင်စေရပါ။

၁၀.၃ ပြည်တွင်းရှိ လွတ်လပ်စွာ တည်ထောင်ထားသည့် ကန်ထရိုက်တာများ၊ မြန်မာနိုင်ငံသား နှင့် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်သူများသည် နားလည်မှုစာချွန်လွှာတွင် ဖော်ပြထား သည့် အခွင့်အရေးနှင့် ကင်းလွတ်ခွင့်များ (အခွန်ကင်းလွတ်ခွင့်အပါအဝင်) ကို ခံစားခွင့် ရှိမည်မဟုတ်ပါ။

## အပိုဒ် - ၁၁

## ဆွေးနွေးညှိနှိုင်းခြင်း၊ သတင်းအချက်အလက် မျှဝေခြင်းနှင့် အများပြည်သူအား အသိပေးခြင်း

၁၁.၁ မြန်မာဘက်မှ သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်းနှင့် (-------နိုင်ငံ/ အဖွဲ့အစည်း) တို့၏ နှစ်ဖက်သဘောတူညီမှုအရ အောက်ပါ သတင်းအချက်အလက်များကို မျှဝေနိုင် သည်။

(က) ဖွံ့ဖြိုးမှုအကူအညီများ၏ အရည်အသွေးနှင့် ထိရောက်မှု၊

(ခ) ဤနားလည်မှုစာချွန်လွှာအရ အကောင်အထည်ဖော်သည့် စီမံကိန်းများ၊ အစီအစဉ် များနှင့် အခြားဆောင်ရွက်ချက်များ (ရန်ပုံငွေသုံးစွဲမှု၊ ကိရိယာတန်ဆာပလာများ နှင့် ဝန်ဆောင်မှုများ အပါအဝင်)၊

၁၁.၂ စာချုပ်ဝင်အချင်းချင်း ဆွေးနွေးညှိနှိုင်းရန် အတွက် လိုအပ်သည့် သတင်းအချက်အလက် အားလုံးကို အပြန်အလှန် ပံ့ပိုးပေးရမည်။

၁၁.၃ စာချုပ်ဝင်များသည် မြန်မာနိုင်ငံ၏ အကူအညီ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် အပါအဝင် သက်ဆိုင်ရာနိုင်ငံ၏ နိုင်ငံသားများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက် များကို ပုံမှန်နည်းလမ်းဖြင့် မျှဝေမည်ဖြစ်သည်။

## အပိုဒ် - ၁၂

## လျှို့ဝှက်ထိန်းသိမ်းခြင်း

၁၂.၁ ဤနားလည်မှုစာချွန်လွှာနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များအား လျှို့ဝှက် ထိန်းသိမ်းခြင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေများ နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်ရမည်။

၁၂.၂ စာချုပ်ဝင်များသည် ဤနားလည်မှုစာချွန်လွှာအရ ဆောင်ရွက်သည့် ပူးတွဲသုတေသန လုပ်ငန်းများအပါအဝင် နည်းပညာဆိုင်ရာ အချက်အလက်များကို စာချုပ်ဝင်များ၏ စာဖြင့် ရေးသားသဘောတူညီချက် မရှိဘဲ တတိယအဖွဲ့အစည်းသို့ လွှဲပြောင်းခြင်း (သို့မဟုတ်) ပေးအပ်ခြင်း မပြုလုပ်ရပါ။

## အပိုဒ် - ၁၃
## အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်

၁၃.၁ နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာအရ သီးခြား သဘောတူညီထားခြင်း မရှိလျှင် (သို့မဟုတ်) စာချုပ်ဝင်နှစ်ဖက် အပြန်အလှန် သဘောတူညီမှုမရှိလျှင် လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် ထုတ်ကုန်များ၊ ကုန်စည်များနှင့် ဝန်ဆောင်မှုများနှင့် စပ်လျဉ်းသည့် အသိပညာများကို စာချုပ်ဝင်များ ပူးတွဲပိုင်ဆိုင်မည်ဖြစ်သည်။

၁၃.၂ အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်အား ကာကွယ်စောင့်ရှောက်ခြင်းသည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် စာချုပ်ဝင်များ လက်မှတ်ရေးထိုးထားသည့် အခြားအပြည်ပြည်ဆိုင်ရာ စာချုပ်များနှင့်အညီ ဖြစ်ရမည်။

၁၃.၃ စာချုပ်ဝင်တစ်ဖက်၏ အမည်၊ အမှတ်အသား၊ တရားဝင် အမှတ်တံဆိပ်များကို သက်ဆိုင်ရာ စာချုပ်ဝင်၏ စာဖြင့်ရေးသားသဘောတူညီချက် မရဘဲ ဖြန့်ဝေခြင်း မပြုလုပ်ရပါ။

၁၃.၄ စာပိုဒ် ၁၃.၁ တွင် မည့်သို့ပင် ဖော်ပြထားစေကာမူ စာချုပ်ဝင်တစ်ဖက်တည်း (သို့မဟုတ်) သီးသန့် ဆောင်ရွက်ထားသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများ (သို့မဟုတ်) သုတေသနလုပ်ငန်းများ၏ အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကို အဆိုပါလုပ်ငန်းများ ဆောင်ရွက်ထားသည့် စာချုပ်ဝင်ကသာ သီးသန့်ပိုင်ဆိုင်မည် ဖြစ်သည်။

## အပိုဒ် - ၁၄
## စောင့်ကြပ်ကြည့်ရှုခြင်း နှင့် အကဲဖြတ်ခြင်း

၁၄.၁ စာချုပ်ဝင်များသည် ဖွံ့ဖြိုးမှုအကူအညီများ အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရန် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာ မူဘောင် တစ်ရပ် ထူထောင်ရန် သဘောတူညီကြပြီး ယင်းမူဘောင်နှင့်အညီ ပုံမှန်အစီရင်ခံစာများကို ရေးသား တင်ပြရမည်။

၁၄.၂ စာချုပ်ဝင်များသည် လုပ်ငန်းအကောင်အထည်ဖော်နေစဉ်နှင့် အကောင်အထည်ဖော်ပြီးနောက် ပူးတွဲအကဲဖြတ်ခြင်းကို ဆောင်ရွက်မည်။

## အပိုဒ် - ၁၅

## စာရင်းစစ်ခြင်း

၁၅.၁ စာချုပ်ဝင် တစ်ဖက်ဖက်သည် နားလည်မှုစာချွန်လွှာ (သို့မဟုတ်) နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာအရ လုပ်ငန်းများအကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ စာရင်းစစ်ခြင်း (သို့မဟုတ်) စစ်ဆေးခြင်းကို ဆောင်ရွက်နိုင်သည်။

## အပိုဒ် - ၁၆

## သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်း နှင့် ဖြည့်စွက်ခြင်း

၁၆.၁ စာချုပ်ဝင် တစ်ဖက်ဖက်သည် နားလည်မှုစာချွန်လွှာ တစ်စိတ်တစ်ပိုင်း (သို့မဟုတ်) အားလုံးကို သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်း (သို့မဟုတ်) ဖြည့်စွက်ခြင်းဆောင်ရွက်ရန် အဆိုပြုနိုင်သည်။

၁၆.၂ အဆိုပါ သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်း (သို့မဟုတ်) ဖြည့်စွက်ခြင်းကို စာချုပ်ဝင်များ အကြား စာဖြင့်ရေးသား သဘောတူညီရမည်ဖြစ်ပြီး စာချုပ်ဝင်နှစ်ဖက်မှ အတည်ပြုသည့် နေ့ရက်တွင် အသက်ဝင်မည်ဖြစ်သည်။ ယင်းသည် ဤနားလည်မှုစာချွန်လွှာ၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည်။

## အပိုဒ် - ၁၇

## သုံးသပ်ခြင်း၊ ဆိုင်းငံ့ခြင်းနှင့် ရပ်စဲခြင်း

၁၇.၁ နားလည်မှုစာချွန်လွှာ အဓိပ္ပာယ်ဖွင့်ဆိုခြင်း (သို့မဟုတ်) အကောင်အထည်ဖော်ခြင်း၊ လိုအပ်သော ပြင်ဆင်မှုအတွက် သုံးသပ်ခြင်းနှင့် နှစ်ဖက်စာချုပ်ဝင်များအကြား ဆက်သွယ်ဆောင်ရွက်ခြင်းတို့မှ ပေါ်ပေါက်လာသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စာချုပ်ဝင် တစ်ဖက်မှ စာဖြင့်ရေးသား အကြောင်းကြားပါက စာချုပ်ဝင်များအကြား ချက်ချင်း ဆွေးနွေးရန် သဘောတူညီသည်။

၁၇.၂ စာချုပ်ဝင်များ ဆွေးနွေးညှိနှိုင်းပြီးပါက စာချုပ်ဝင်တစ်ဖက်ဖက်သည် ဖွံ့ဖြိုးမှုအကူအညီများဆောင်ရွက်ရန် ပေးအပ်သည့် ဘဏ္ဍာငွေတစ်စိတ်တစ်ပိုင်း (သို့မဟုတ်) အားလုံးကို အောက်ပါကိစ္စရပ်များအတွက် ဆိုင်းငံ့ခွင့် (သို့မဟုတ်) ရပ်ဆိုင်းခွင့်ရှိသည်-

(က) စာချုပ်ဝင်တစ်ဖက်မှ နားလည်မှုစာချွန်လွှာတွင် ဖော်ပြထားသည့် ကိစ္စရပ်တစ်ခုခု (သို့မဟုတ်) ကိစ္စရပ်များကို ဆောင်ရွက်ရန် ပျက်ကွက်သည်ဟု အခြားစာချုပ်ဝင် တစ်ဖက်မှ ယူဆလျှင်၊

(ခ) (---------နိုင်ငံ/အဖွဲ့အစည်း) သည် ဤနားလည်မှုစာချွန်လွှာအရ ငွေကြေး မထောက်ပံ့လျှင်၊

(ဂ) ဖွံ့ဖြိုးမှုအကူအညီများ စီမံခန့်ခွဲရာတွင် ကျေနပ်ဖွယ်မရှိဟု ယူဆလျှင်၊

(ဃ) နားလည်မှုစာချွန်လွှာအရ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုကို ဝင်ရောက်စွက်ဖက်သည့် (သို့မဟုတ်) ဝင်ရောက်စွက်ဖက်ရန် ခြိမ်းခြောက်သည့် အခြေအနေများ ပေါ်ပေါက်လျှင်၊

(င) နားလည်မှုစာချွန်လွှာအရ သဘောတူညီသည့်အခြေအနေအတွင်း အခြေခံကျသည့် ပြောင်းလဲမှုတခုခုကြောင့် ဆိုင်းငံ့ရန် လိုအပ်လာလျှင်။

၁၇.၃ နားလည်မှုစာချွန်လွှာ ဆိုင်းငံ့မှုကို ဖြစ်ပေါ်စေသည့် အဖြစ်အပျက်(သို့မဟုတ်) အခြေအနေများ မရှိတော့ကြောင်း စာချုပ်ဝင်များက သဘောတူညီကြလျှင် ဆိုင်းငံ့မှု ပျက်ပြယ်မည်။

၁၇.၄ စာချုပ်၊ ဤနားလည်မှုစာချွန်လွှာ (သို့မဟုတ်) နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာအရ စီမံကိန်း (သို့မဟုတ်) အစီအစဉ် အကောင်အထည်ဖော်ခြင်း အပါအဝင် ဖွံ့ဖြိုးမှုအကူအညီ အစိတ်အပိုင်းတစ်ရပ်ရပ်ကို ရပ်စဲလိုကြောင်း (သို့မဟုတ်) ဆိုင်းငံ့လိုကြောင်း စာချုပ်ဝင် တစ်ဖက်မှ အခြားစာချုပ်ဝင်တစ်ဖက်သို့ ရက်ပေါင်း (၆၀) ကြိုတင်၍ စာဖြင့်ရေးသား အကြောင်းကြားခြင်းဖြင့် ရပ်စဲ (သို့မဟုတ်) ဆိုင်းငံ့နိုင်သည်။

၁၇.၅ ဖွံ့ဖြိုးမှုအကူအညီကို ရပ်ဆိုင်းမှုတွင် ပေးပို့ခြင်းမရှိသေးသည့် ကုန်ပစ္စည်းများအား ပေးပို့ ခြင်းအား ရပ်ဆိုင်းမှု ပါဝင်သော်လည်း ယင်းရပ်ဆိုင်းမှုသည် စာချုပ်ဝင် မဟုတ်သည့် တတိယပုဂ္ဂိုလ်များနှင့် ပြုထားသည့် မပြောင်းလဲနိုင်သည့် ကတိကဝတ်များ အပေါ် အကျိုးသက်ရောက်မှု မရှိစေရ။

၁၇.၆ နားလည်မှုစာချွန်လွှာ ရပ်စဲသော်လည်း နားလည်မှုစာချွန်လွှာ မရပ်စဲမီက ပေးအပ် ထားသည့် အကူအညီများသည် ဆက်လက် အကျိုးသက်ရောက်နေမည်ဖြစ်သည်။

**အပိုဒ် - ၁၈**

**လွှမ်းမိုးသည့်ဥပဒေ**

၁၈.၁ ဤနားလည်မှုစာချွန်လွှာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဥပဒေနှင့်အညီ လွှမ်းမိုး ၊ အဓိပ္ပာယ် ဖွင့်ဆိုမည် ဖြစ်သည်။

## အပိုဒ် - ၁၉

## အငြင်းပွားမှုဖြေရှင်းခြင်း

၁၉.၁ နားလည်မှုစာချွန်လွှာ အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် အကောင်အထည်ဖော်ခြင်း (သို့မဟုတ်) နားလည်မှုစာချွန်လွှာအရ ဆောင်ရွက်သည့် သီးခြားအစီအစဉ် (သို့မဟုတ်) စီမံကိန်းများ အကောင်အထည်ဖော်ခြင်းတို့မှ ပေါ်ပေါက်လာသည့် သဘောထား ကွဲလွဲမှုများကို နှစ်ဖက်စာချုပ်ဝင်များ သဘောတူညီထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆွေးနွေးညှိနှိုင်း၍ ချစ်ကြည်ရင်းနှီးစွာ ဖြေရှင်းမည်။

၁၉.၂ စာချုပ်ဝင်များအကြား နားလည်မှုစာချွန်လွှာအဓိပ္ပာယ်ဖွင့်ဆိုခြင်း (သို့မဟုတ်) အကောင်အထည်ဖော်ခြင်းတို့မှ ပေါ်ပေါက်လာသည့် သဘောထားကွဲလွဲမှုများ (ညှိနှိုင်းဆွေးနွေးဖြေရှင်းသည့် ကိစ္စရပ်များမှတစ်ပါး) ကို အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေ ၅/၂၀၁၆ ဖြင့် ဖြေရှင်းမည်။

## အပိုဒ် - ၂၀

## အထွေထွေပြဋ္ဌာန်းချက်များ

၂၀.၁ (စာချုပ်ဝင်တစ်ဖက်ဖက်မှ တောင်းဆိုချက်အရ ထည့်သွင်းမည့် အပိုဒ်များ)

## အပိုဒ် - ၂၁

## စာချုပ်အတည်ဖြစ်ခြင်း

၂၁.၁ ဤနားလည်မှုစာချွန်လွှာသည် နှစ်ဖက်စာချုပ်ဝင်များ လက်မှတ်ရေးထိုးပြီးသည့် နေ့မှ (-------ကာလ) အထိ တရားဝင်အတည်ဖြစ်မည်။

၂၁.၂ စာချုပ်ဝင်များသည် နားလည်မှုစာချွန်လွှာ သက်တမ်းတိုးရေးကိစ္စကို သက်တမ်းမကုန်မီ ရက်ပေါင်း (၉၀) ကြိုတင်၍ နှစ်ဖက်သဘောတူညီမှုဖြင့် ဆုံးဖြတ်မည်။

အသိသက်သေများရှေ့မှောက်တွင် လက်မှတ်ရေးထိုးပိုင်ခွင့်ရှိသူများမှ ဤနားလည်မှုစာချွန်လွှာကို အင်္ဂလိပ်ဘာသာဖြင့် မူရင်း(၂)စောင် ပြုလုပ်၍ လက်မှတ်ရေးထိုးကြပြီး စာချုပ်ဝင်တစ်ဖက်စီမှ မူရင်း(၁)စောင်စီကို သိမ်းဆည်းထားရှိပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**(-------ဝန်ကြီးဌာန၊ --------ဦးစီးဌာန)**

**နှင့်**

**(------------------အဖွဲ့အစည်း)**

**တို့အကြား**

**(-------------စီမံကိန်း) အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ**

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ -------------ဝန်ကြီးဌာန၊ ----------ဦးစီးဌာန (နောင်တွင် "အစိုးရအဖွဲ့အစည်း" ဟုရည်ညွှန်းခေါ်ဆိုမည်)နှင့် --------ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်း (နောင်တွင် "ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်း" ဟုလည်းကောင်း) တို့သည် ------- စီမံကိန်း (နောင်တွင် ---------) အကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပါသည်။

ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းသည် ---------------- ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး -----နိုင်ငံ၊ ----------မြို့တွင် အခြေစိုက်သည့် (ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းအကြောင်း အကျဉ်းချုပ် ဖော်ပြချက်) အဖွဲ့အစည်းဖြစ်ပါသည်။

ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းသည် (------------------------------------------) များကို လုပ်ဆောင်ရန် ရည်ရွယ်ပါသည်။ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းသည် (ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်း၏ မြန်မာနိုင်ငံတွင် ဆောင်ရွက်လိုသည့် ရည်ရွယ်ချက် အကျဉ်းချုပ် ဖော်ပြချက်) ကို လုပ်ဆောင်သွားရန် ဖြစ်ပါသည်။

ဤနားလည်မှုစာချွန်လွှာအရ လက်မှတ်ရေးထိုးထားသည့် နှစ်ဖက်စာချုပ်ဝင်များသည် ----- လုပ်ငန်း/နယ်ပယ်များတွင် (ဆောင်ရွက်မည့် လုပ်ငန်းအကျဉ်းချုပ် ဖော်ပြချက်) ပူးပေါင်း ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

ဤနားလည်မှုစာချွန်လွှာကို အပြန်အလှန်နားလည်မှု၊ လေးစားမှုနှင့် ပူးပေါင်းဆောင်ရွက် လိုမှုတို့ကို အခြေခံ၍ လက်မှတ်ရေးထိုးခြင်းဖြစ်ပါသည်။ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းသည် ------------- စီမံကိန်း အကောင်အထည်ဖော်ရန်အတွက် "----ဦးစီးဌာန"သို့ အထောက်အပံ့များ

ပေးအပ်ရာတွင် ပူးပေါင်းဆောင်ရွက်ရေးမူဘောင်တစ်ခု ဖော်ဆောင်ရန် နှစ်ဖက်စာချုပ်ဝင်များမှ သဘောတူပါသည်။

စီမံကိန်းရန်ပုံငွေပမာဏသည် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ( )ဖြစ်ပါသည်။ အကောင်အထည်ဖော်မည့်ကာလနှင့် ဘတ်ဂျက်ဖော်ပြချက် အပါအဝင် စီမံကိန်းဆိုင်ရာ အသေးစိတ်ဖော်ပြချက်ကို နောက်ဆက်တွဲဖြင့် ဖော်ပြထားပါသည်။ အဆိုပါနောက်ဆက်တွဲကို ဤနားလည်မှု စာချွန်လွှာ၏ အစိတ်အပိုင်းဖြစ်သည်။

## အခန်း(၁)

## အကျုံးဝင်မှု

၁.၁။ ဤနားလည်မှုစာချွန်လွှာသည် (သက်ဆိုင်ရာ နားလည်မှုစာချွန်လွှာ/ သဘောတူညီချက်) ၏ နောက်ဆက်တွဲဖြစ်သည်။ အငြင်းပွားမှုကိစ္စရပ်များတွင် (သက်ဆိုင်ရာ နားလည်မှု စာချွန်လွှာ/ သဘောတူညီချက်) ကိုသာလျှင် ဦးစားပေးလိုက်နာရန် ဖြစ်သည်။

## အခန်း ( ၂ )

## လက်မှတ်ရေးထိုးသည့် အစိုးရအဖွဲ့အစည်း၏ တာဝန်ဝတ္တရားများ

၂.၁။ မြန်မာနိုင်ငံဘက်မှ လက်မှတ်ရေးထိုးသည့် အစိုးရအဖွဲ့အစည်းသည် အောက်ပါတို့ကို ကူညီထောက်ပံ့ပေးရမည်-

(က) ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းအတွက် လိုအပ်သော ထောက်ခံချက်များနှင့် ရှင်းလင်းချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကူညီဆောင်ရွက်ပေးရန်။

(ခ) စီမံကိန်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးနှင့် အခြားဆက်စပ် လုပ်ငန်းများ စီမံဆောင်ရွက်နိုင်ရန်အတွက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းနှင့် ပူးပေါင်း ဆောင်ရွက်သွားရန်။

(ဂ) စီမံကိန်းနှင့် စီမံကိန်းဆက်စပ်လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့်အကဲဖြတ်ခြင်းတို့တွင် အပြည့်အဝ ပါဝင်ဆောင်ရွက်ရန်။

(ဃ) လက်မှတ်ရေးထိုးထားသည့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းအတွက် ဗီဇာလျှောက်ထားခြင်းနှင့် ပြည်တွင်းနေထိုင်ခွင့် လျှောက်ထားခြင်းတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကူညီဆောင်ရွက်ပေးရန်။

(င) ဤနားလည်မှုစာချွန်လွှာတွင် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် နေရာများသို့ သွားရောက်နိုင်ရန်အတွက် လိုအပ်သည့်အခါ ခရီးသွားလာခွင့်ပြုမိန့် ရရှိရေး ဆောင်ရွက်ပေးရန်။

## အခန်း ( ၃ )

## လက်မှတ်ရေးထိုးသည့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်း၏ တာဝန်ဝတ္တရားများ

၃.၁။ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းသည် စီမံကိန်း အကောင်အထည်ဖော်ရေးအတွက် အောက်ပါ အရင်းအမြစ်များကို ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်-

(က) စီမံကိန်းစီမံခန့်ခွဲခြင်း၊ ဘဏ္ဍာရေးကိစ္စရပ်များနှင့် ကြီးကြပ်ခြင်းကဲ့သို့သော အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များအားလုံး။

(ခ) စီမံကိန်း အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် ပစ္စည်းများ၊ အသုံးအဆောင်များနှင့် အထောက်အပံ့များ (သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ အပါအဝင်)။

(ဂ) အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများ အတွက် ပစ္စည်းများနှင့် ထောက်ပံ့ပို့ဆောင်မှု။

(ဃ) နည်းပညာဆိုင်ရာအကြံပေးများနှင့် ပြည်ပအမှုထမ်းများအပါအဝင်စီမံကိန်းအတွက် အမှုထမ်းများ ခန့်အပ်တာဝန်ပေးမှု။

၃.၂။ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းသည် လက်ရှိကျင့်သုံးနေသော ဘဏ္ဍာစာရင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုယ်ပိုင်ဘဏ္ဍာစာရင်း ထားရှိဆောင်ရွက်ရမည်။

၃.၃။ မြန်မာနိုင်ငံဘက်မှ လက်မှတ်ရေးထိုးသည့် အစိုးရအဖွဲ့အစည်းဘက်မှ သတ်မှတ်ပေးထားသည့် အခွင့်အာဏာရှိသူဝန်ထမ်းမှ လိုအပ်သော စုံစမ်းစစ်ဆေးမှု ပြုလုပ်လျှင် စာရွက်စာတမ်းများ၊ မှတ်တမ်းများကို ထောက်ပံ့ပေးရမည်။

၃.၄။ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းသည် ပစ္စည်းဝယ်ယူမှုများကို ကုန်ကျစရိတ် အသက်သာဆုံးနှင့် အလျင်မြန်ဆုံး ဖြစ်စေရန် ပြည်တွင်း/ပြည်ပမှ ဝယ်ယူရမည်။

၃.၅။ ပစ္စည်းဝယ်ယူရာတွင် အသက်သာဆုံးသော ဈေးနှုန်းဖြင့် ဝယ်ယူရမည် ဖြစ်သည်။

၃.၆။ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုလုပ်ရန်နှင့် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဥပဒေနှင့် စည်းမျဉ်းများကို လေးစားလိုက်နာမည်ဖြစ်ကြောင်း ကတိပြုပါသည်။

၃.၇။ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒနှင့်အညီ အစိုးရတာဝန်ရှိသူများထံသို့ နှစ်စဉ် စီမံကိန်းများနှင့် အစီရင်ခံစာများ ပုံမှန်တင်ပြရမည်။

၃.၈။ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းသည် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုဆောင်ရွက်ရန် ရုံးများဖွင့်လှစ်ခွင့် ရရှိစေရမည်။

၃.၉။ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းသည် စီမံကိန်းပြီးဆုံးပါက စီမံကိန်းနှင့် ဆက်စပ်ပစ္စည်းများကို လက်မှတ်ရေးထိုးထားသည့် အစိုးရအဖွဲ့အစည်းသို့ လွှဲပြောင်းပေးအပ်ရမည်။

## အခန်း ( ၄ )

## စီမံကိန်းအကောင်အထည်ဖော်မှု

၄.၁။ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းသည် ဤနားလည်မှုစာချွန်လွှာနှင့်အညီ လက်မှတ်ရေးထိုးထားသည့် အစိုးရအဖွဲ့အစည်းနှင့် ပူးပေါင်း၍ စီမံကိန်းများကို အကောင်အထည်ဖော်ရမည်။

၄.၂။ သို့ရာတွင် အကောင်အထည်ဖော်မှုသည် သဘောတူညီထားသည့် အချိန်သတ်မှတ်ချက်နှင့် ဖော်ပြထားသော ရည်ရွယ်ချက်များ၊ ပန်းတိုင်များနှင့်အညီ ဆောင်ရွက်မည့် စီမံကိန်းအတွက် လိုအပ်သည့် ဘဏ္ဍာငွေနှင့် အခြားသော အရင်းအမြစ်များ ရရှိမှုအပေါ် မူတည်ပါမည်။

## အခန်း (၅)

## စာရင်းစစ်ခြင်း

၅.၁။ စာချုပ်ဝင်တစ်ဖက်ဖက်သည် နားလည်မှုစာချွန်လွှာ သို့မဟုတ် နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာအရ လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ စာရင်းစစ်ခြင်း (သို့မဟုတ်) စစ်ဆေးခြင်းကို ဆောင်ရွက်နိုင်သည်။

## အခန်း (၆)

## စောင့်ကြပ်ကြည့်ရှုခြင်း၊ အကဲဖြတ်ခြင်းနှင့် အစီရင်ခံတင်ပြခြင်း

၆.၁။ စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများသည် ပူးပေါင်း အကောင်အထည်ဖော်ရေး ကော်မတီ တစ်ရပ်ကို ဖွဲ့စည်းနိုင်သည်။

၆.၂။ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်း/ အကောင်အထည်ဖော်သည့် အဖွဲ့အစည်းသည် လက်မှတ်ရေးထိုးထားသည့် အစိုးရအဖွဲ့အစည်းသို့ တစ်နှစ်လျှင် နှစ်ကြိမ် (သို့မဟုတ်) နှစ်ဦးနှစ်ဖက်သဘောတူညီထားသည့် အခြားသော သတ်မှတ်ကာလတွင် အစီရင်ခံစာ တင်ပြရပါမည်။ အစီရင်ခံစာတွင် အသေးစိတ်ဖော်ပြထားသည့် စီမံကိန်း၏ လက်ရှိအခြေအနေ၊ အစီရင်ခံတင်ပြသည့် ကာလအတွင်း စုစုပေါင်း သုံးစွဲထားသည့် ငွေပမာဏနှင့် ရရှိသည့် ရလဒ်များ ပါဝင်ရမည်။

၆.၃။ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်း/ အကောင်အထည်ဖော်သည့် အဖွဲ့အစည်းသည် လက်မှတ်ရေးထိုးထားသည့် အစိုးရအဖွဲ့အစည်းသို့ စီမံကိန်းအကောင်အထည်ဖော် ပြီးစီးပြီးသည့်ရက်ပေါင်း (၉၀) ထက်နောက်မကျဘဲ (သို့မဟုတ်) နှစ်ဦးနှစ်ဖက် သဘောတူညီထားသည့်အခြားသောသတ်မှတ်ကာလတွင် အပြီးသတ် အစီရင်ခံစာ တင်ပြရမည်။

## အခန်း (၇)

## ထိခိုက်နစ်နာမှုအတွက်လျော်ကြေး

၇.၁။ စာချုပ်ဝင် နှစ်ဖက်စလုံးသည် လုပ်ငန်းအကောင်အထည်ဖော်မှုနှင့် သက်ဆိုင်သည့်ဝန်ထမ်းများ၊ ကန်ထရိုက်တာများ၊ အေးဂျင့်များ၊ အလုပ်သမားများ၏ ပျက်ကွက်မှု (သို့မဟုတ်) ပေါ့ဆမှု၊ အပြစ်၊ ထိန်ချန်မှုတို့အပါအဝင် မည်သည့်လုပ်ရပ်တို့ကြောင့်မဆိုကိစ္စရပ် တစ်ခုလုံး (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းတွင် ပေါ်ပေါက်လာသည့် တောင်းဆိုချက်များ (သို့မဟုတ်) ဆုံးရှုံးမှုများ၊ ထိခိုက်နစ်နာမှုများအတွက် လျော်ကြေး ပေးဆောင်ရမည်။

## အခန်း (၈)

## လျှို့ဝှက်ထိန်းသိမ်းခြင်း

၈.၁။ ဤနားလည်မှုစာချွန်လွှာနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များအား လျှို့ဝှက်ထိန်းသိမ်းခြင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်ရမည်။

၈.၂။ စာချုပ်ဝင်များသည် ဤနားလည်မှုစာချွန်လွှာအရ ဆောင်ရွက်သည့် ပူးတွဲသုတေသနလုပ်ငန်းများ အပါအဝင် နည်းပညာဆိုင်ရာ အချက်အလက်များကို စာချုပ်ဝင်များ၏ စာဖြင့်ရေးသား သဘောတူညီချက်မရှိဘဲ တတိယအဖွဲ့အစည်းသို့ လွှဲပြောင်းခြင်း (သို့မဟုတ်) ပေးအပ်ခြင်း မပြုလုပ်ရပါ။

## အခန်း (၉)

## အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်

၉.၁။ နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာအရ သီးခြား သဘောတူညီထားခြင်း မရှိလျှင် (သို့မဟုတ်) စာချုပ်ဝင်နှစ်ဖက်အပြန်အလှန် သဘောတူညီမှု မရှိလျှင် လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် ထုတ်ကုန်များ၊ ကုန်စည်များနှင့် ဝန်ဆောင်မှုများနှင့် စပ်လျဉ်းသည့် အသိပညာများကို စာချုပ်ဝင်များ ပူးတွဲပိုင်ဆိုင်မည်ဖြစ်သည်။

၉.၂။ အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်အား ကာကွယ်စောင့်ရှောက်ခြင်းသည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် စာချုပ်ဝင်များ လက်မှတ်ရေးထိုးထားသည့် အခြားအပြည်ပြည်ဆိုင်ရာ စာချုပ်များနှင့်အညီ ဖြစ်ရမည်။

၉.၃။ စာချုပ်ဝင်တစ်ဖက်၏အမည်၊အမှတ်အသား၊တရားဝင်အမှတ်တံဆိပ်များကို သက်ဆိုင်ရာ စာချုပ်ဝင်၏ စာဖြင့်ရေးသား သဘောတူညီချက်မရဘဲ ဖြန့်ဝေခြင်း မပြုလုပ်ရပါ။

၉.၄။ စာပိုဒ် ၉.၁ တွင် မည့်သို့ပင် ဖော်ပြထားစေကာမူ စာချုပ်ဝင် တစ်ဖက်တည်း (သို့မဟုတ်) သီးသန့် ဆောင်ရွက်ထားသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများ (သို့မဟုတ်) သုတေသန လုပ်ငန်းများ၏ အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကို အဆိုပါလုပ်ငန်းများ ဆောင်ရွက်ထားသည့် စာချုပ်ဝင်ကသာ သီးသန့်ပိုင်ဆိုင်မည် ဖြစ်သည်။

## အခန်း (၁၀)

## စာချုပ်အသက်ဝင်ခြင်း

၁၀.၁။ ဤနားလည်မှုစာချွန်လွှာသည် နှစ်ဖက်စာချုပ်ဝင်များ လက်မှတ်ရေးထိုးသည့် (ရက်-လ-ခုနှစ်) မှ စတင်၍ အသက်ဝင်မည်။

၁၀.၂။ ဤနားလည်မှုစာချွန်လွှာကို နှစ်ဦးနှစ်ဖက်သဘောတူညီချက်နှင့် စာချုပ်ဝင်များအကြား Exchange of Letters ဖြင့် ပြင်ဆင်ဖြည့်စွက်နိုင်သည်။

၁၀.၃။ နှစ်ဖက်စာချုပ်ဝင်များသည် DAP တွင် ဖော်ပြထားသည့် လမ်းညွှန်ချက်နှင့်အညီ ဤနားလည်မှု စာချွန်လွှာအောက်ရှိ ပူးပေါင်းဆောင်ရွက်မှုအား သက်တမ်းတိုးမြှင့်ဆောင်ရွက်ရန် သင့်/မသင့်ကို ဤနားလည်မှုစာချွန်လွှာ သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း (၆၀) ကြို၍ နှစ်ဖက်သဘောတူညီချက်အရ ဆုံးဖြတ်ရမည်။

၁၀.၄။ ဤနားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်မှု (သို့မဟုတ်) စာချုပ်ဝင်တစ်ဖက်ဖက်မှ ချိုးဖောက်မှုကြောင့် ဖြစ်ပေါ်လာသည့် တာဝန်များနှင့်စပ်လျဉ်း၍ ကွဲလွဲမှု (သို့မဟုတ်) အငြင်းပွားမှုများကို စာချုပ်ဝင်များမှ နှစ်ဖက်သဘောတူညီမှုဖြင့် ဖြေရှင်းရမည်။

၁၀.၅။ နှစ်ဖက်သဘောတူညီမှု မရရှိပါက စာချုပ်ဝင် တစ်ဖက်ဖက်သည် ပြေလည်မှုရရှိစေရန် ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့ (DACU) နှင့် ညှိနှိုင်းဆွေးနွေးနိုင်သည်။

## အပိုဒ်( ၁၁ )

## စာချုပ်ရုပ်စဲခြင်း

၁၁.၁။ ဤနားလည်မှုစာချွန်လွှာကို ရုပ်စဲလိုပါက စာချုပ်ဝင်တစ်ဖက်မှ အခြားစာချုပ်ဝင် တစ်ဖက်သို့ စာဖြင့် ရေးသားပေးပို့ခြင်းဖြင့် ရုပ်စဲနိုင်သည်။

၁၁.၂။ အကြောင်းကြားစာ လက်ခံရရှိပြီး ရက်ပေါင်း (၆၀) တွင် စာချုပ်ရုပ်စဲမည်ဖြစ်သည်။ ဤသို့ စာချုပ်ရုပ်စဲခြင်းသည် စာချုပ်ရုပ်စဲခြင်းမတိုင်မီက နားလည်မှုစာချွန်လွှာအောက်ရှိ စာချုပ်ဝင်များ၏ တာဝန်ဝတ္တရားများအပေါ် သက်ရောက်မှု မရှိစေရ။

၁၁.၃။ နှစ်ဖက်စာချုပ်ဝင်များ၏တာဝန်ဝတ္တရားများသည် နားလည်မှုစာချွန်လွှာရုပ်စဲ(သို့မဟုတ်) သက်တမ်းကုန်ဆုံးသည့်တိုင်အောင် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်း၏ ပိုင်ဆိုင်မှု၊ ဘဏ္ဍာငွေများ၊ဝန်ထမ်းများကို စနစ်တကျ ပြန်လည်ရုပ်သိမ်းခြင်းနှင့် နှစ်ဖက်စာချုပ်ဝင်များအကြား စာရင်းများ ရှင်းလင်းခြင်းတို့ကို ကောင်းမွန်အောင် ဆောင်ရွက်ပြီးသည့် တိုင်အောင် ဆက်လက်ရှိနေသည်ဟု မှတ်ယူရမည်။

၁၁.၄။ ဤနားလည်မှုစာချွန်လွှာကို မူရင်းနှစ်စောင်ဖြင့် လက်မှတ်ရေးထိုးပြီး စာချုပ်ဝင်တစ်ဖက်စီတွင် မူရင်းတစ်စောင်စီ လက်ခံထားရှိရန် ဖြစ်သည်။

အသိသက်သေများရှေ့မှောက်တွင် လက်မှတ်ရေးထိုးပိုင်ခွင့်ရှိသူများမှ အင်္ဂလိပ်ဘာသာဖြင့် ပြုစုထားသည့် ဤနားလည်မှုစာချွန်လွှာ မူရင်းနှစ်စောင်တွင် လက်မှတ်ရေးထိုးပြီး စာချုပ်ဝင်တစ်ဖက်စီက မူရင်းတစ်စောင်စီ လက်ခံထားရှိရန် ဖြစ်သည်။

| | |
|---|---|
| **အမည်**<br>**ရာထူး**<br>**ဦးစီးဌာန/ဝန်ကြီးဌာန**<br>**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ** | **အမည်**<br>**ရာထူး**<br><br>**ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်း** |
| ရက်စွဲ။ | ရက်စွဲ။ |

## ၁၁.၆ နောက်ဆက်တွဲ (၆) ကန့်သတ်နယ်မြေများသို့ ခရီးသွားလာခွင့် တောင်းခံသည့် အဆိုပြုလွှာ ပုံစံ[၂၈]

ကန့်သတ်နယ်မြေများသို့ ခရီးသွားလာခွင့် တောင်းခံရန်အတွက် အဆိုပြုလွှာပုံစံအား အနည်းဆုံး (၁၀) ရက်ကြိုတင်၍ (ဖော်ပြပါ Email) လိပ်စာသို့ ပေးပို့ရမည်။ အချက်အလက် မပြည့်စုံသည့် အဆိုပြုလွှာများအား စဉ်းစားမည် မဟုတ်ပါ။ ဖွံ့ဖြိုးမှုမိတ်ဖက်များသည် ခွင့်ပြု နယ်မြေဖြစ်ပါက ခရီးသွားလာခွင့် တောင်းခံရန် မလိုအပ်ပါ။ ခွင့်ပြုနယ်မြေများသို့ ခရီးသွား ရောက်နေစဉ်အတွင်း သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများသို့ အကြောင်းကြားရန် မလိုအပ် ပါ။

**၁။ ဖွံ့ဖြိုးမှု မိတ်ဖက် အဖွဲ့အစည်းအမည်**

| |
|---|
| |

**၂။ ကန့်သတ်နယ်မြေသို့ ခရီးသွားသည့် အကြောင်းအရင်း**

| |
|---|
| |

**၃။ ပြည်ထောင်စုဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်**

| |
|---|
| |

**၄။ တိုင်းဒေသကြီး / ပြည်နယ်များမှ တာဝန်ရှိ ပုဂ္ဂိုလ်**

| |
|---|
| |

[၂၈] လိုအပ်မှုအခြေအနေများအရ ပြန်လည်အကဲဖြတ်ခြင်းနှင့် ပြင်ဆင်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

၅။ ခရီးစဉ်အတွင်း အစိုးရအဖွဲ့အစည်းများနှင့် တွေ့ဆုံရန် အစီအစဉ် (ဥပမာ - သွားရောက်မည့်စီမံချက်ကိစ္စ) ရှိပါသလား / ရှိခဲ့ပါက အသေးစိတ်အချက်အလက်များ တင်ပြပါ။

| |
|---|
| |

၆။ ခရီးစဉ်အတွင်း လိုက်ပါမည့် ပြည်ပနိုင်ငံသားများ

| အမည် | ရာထူး / အလုပ်အကိုင် | မွေးသက္ကရာဇ် | နိုင်ငံကူးလက်မှတ်အမှတ် | ထုတ်ပေးသည့်နေ့ | ကုန်ဆုံးသည့်နေ့ | နိုင်ငံသား |
|---|---|---|---|---|---|---|
| | | ရက် / လ / နှစ် | | | | |
| | | ရက် / လ / နှစ် | | | | |
| | | ရက် / လ / နှစ် | | | | |
| | | ရက် / လ / နှစ် | | | | |
| | | ရက် / လ / နှစ် | | | | |

၇။ ခရီးစဉ်အတွင်း လိုက်ပါမည့် မြန်မာနိုင်ငံသားများ

| အမည် | ရာထူး / အလုပ်အကိုင် | မွေးသက္ကရာဇ် | မှတ်ပုံတင်အမှတ် |
|---|---|---|---|
| | | ရက် / လ / နှစ် | |
| | | ရက် / လ / နှစ် | |
| | | ရက် / လ / နှစ် | |
| | | ရက် / လ / နှစ် | |

## ၈။ သွားရောက်မည့် ခရီးစဉ်[၂၉]

| မြို့နယ် | တိုင်းဒေသကြီး / ပြည်နယ် | ရောက်ရှိမည့် နေ့ရက်/ အချိန် | ထွက်ခွာမည့် နေ့ရက် / အချိန် | ဆောင်ရွက်မည့် အစီအစဉ် / အစည်းအဝေး | သွားရောက်မည့် အစီအစဉ် | ညအိပ်ရပ်နားမည့် အစီအစဉ် |
|---|---|---|---|---|---|---|
| | | | | | | |
| | | | | | | |
| | | | | | | |

**ခရီးသွားလာခွင့် တောင်းခံရန်အတွက် ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ**

(က) ခရီးသွားလာခွင့်အတွက် လက်မှတ်ရေးထိုး တောင်းခံသည့် အမှာစာ ( အဖွဲ့အစည်း၏ Letterhead ပါရှိရမည်)

(ခ) ခရီးသွားမည့်ပုဂ္ဂိုလ်သည် သက်ဆိုင်ရာအဖွဲ့အစည်းတွင် တာဝန်ထမ်းဆောင်သူ (သို့) စာချုပ်ချုပ်ဆိုထားသူဖြစ်ကြောင်း ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ထောက်ခံချက်

(ဂ) ပြည်ပနိုင်ငံသားများအတွက် နိုင်ငံကူးလက်မှတ်မိတ္တူ

(ဃ) မြန်မာနိုင်ငံသားများအတွက် မှတ်ပုံတင်မိတ္တူ

---

[၂၉] ကန့်သတ်နယ်မြေသို့ ခရီးသွားလာမှုများတွင် အသေးစိတ်တင်ပြရန်။

## ၁၁.၇ နောက်ဆက်တွဲ(၇) လုပ်ငန်းစီမံကိန်း/ အစီအစဉ် အဆိုပြုတင်ပြသည့်ပုံစံ[၁၀]

**စီးပွားရေးရာကော်မတီ/ ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့**
**လုပ်ငန်းစီမံကိန်း/ အစီအစဉ်အဆိုပြုတင်ပြသည့်ပုံစံ**

ဆက်သွယ်ရန် - ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့အတွင်းရေးမှူးရုံး
ဖုန်း - ၀၆၇၄၀၇၆၃၅ အီးမေးလ်- ferd.mopf@gmail.com

| 1. တင်ပြရသည့်အကြောင်းအရင်း |
|---|
| a. ☐ စီမံကိန်း/အစီအစဉ်အတွက်နောက်ဆုံးခွင့်ပြုချက်ရယူရန် |
| b. ☐ စီမံကိန်း/အစီအစဉ်သဘောတရားအတွက်ကနဦးအတည်ပြုချက်ရယူရန် |
| c. ☐ အခြား |

| 2. အကြောင်းပြန်ကြားစေလိုသည့်အချိန် |
|---|
| a. ☐ အလျင်အမြန် |
| b. ☐ ပုံမှန် *(ခန့်မှန်းခြေနှစ်ပတ်ခန့်)* |

| 3. အထွေထွေအချက်အလက်များ |
|---|
| a. စီမံကိန်း/အစီအစဉ်ခေါင်းစဉ် |
| b. တင်ပြသည့်ဝန်ကြီးဌာန/အဖွဲ့အစည်း |
| c. ဖွံ့ဖြိုးရေးရန်ပုံငွေရရှိနိုင်မည့်မိတ်ဖက်အဖွဲ့အစည်း(များ) |
| d. စီမံကိန်း/အစီအစဉ်၏စတင်မည့်ရက်စွဲ |
| e. စီမံကိန်း/အစီအစဉ်၏ပြီးဆုံးမည့်ရက်စွဲ |
| f. သက်ဆိုင်သောကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (SCG) |
| g. လုပ်ငန်းအကောင်အထည်ဖော်မည့်နေရာဒေသ(များ) |
| h. အဓိကလုပ်ငန်းရပ်များအကြောင်းဖော်ပြချက် |

[၁၀] လိုအပ်မှုအခြေအနေများအရ ပြန်လည်အကဲဖြတ်ခြင်းနှင့် ပြင်ဆင်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

i. အဓိကရည်ရွယ်ချက်များနှင့် မျှော်မှန်းထားသည့်ရလဒ်များ

j. အကျိုးရလဒ်ခံစားရမည့်သူများ

**4. ဝန်ကြီးဌာန/ အဖွဲ့အစည်းမှဆက်သွယ်ရန်ပုဂ္ဂိုလ်**

a. ဆက်သွယ်ရမည့်ပုဂ္ဂိုလ်၏အမည်နှင့်ရာထူး

b. ဖုန်း

c. အီးမေးလ်

d. ရုံးလိပ်စာ

**5. စုစုပေါင်းငွေကြေးပမာဏနှင့်အမျိုးအစား**

a. သဘောတူ/ကတိကဝတ်ပြုထားသော ထောက်ပံ့ငွေပမာဏ

b. ထောက်ပံ့မှုအတွက်အသုံးပြုသည့် ငွေကြေးအမျိုးအစား

*c. သဘောတူ/ကတိကဝတ်ပြုထားသော ချေးငွေပမာဏ

*d. ချေးငွေအတွက်အသုံးပြုသည့် ငွေကြေးအမျိုးအစား

** ချေးငွေဖြစ်ပါက*

e.ဖြစ်နိုင်ခြေလေ့လာဆန်းစစ်မှု (FS)

☐ ပါဝင်သည်။ ☐ မပါဝင်ပါ။

f. အတိုးနှုန်း

g. ချေးယူသည့်ကာလ

h. ကနဦးကြွေးဆပ်မှုဆိုင်းငံ့ကာလ

i. စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်ခ (ရှိခဲ့ပါက)

j. မြန်မာနိုင်ငံပြင်ပတွင်သုံးစွဲမည့်ချေးငွေအချိုးအစားပမာဏ

k. အခြားအချက်အလက်များ

**6. မြန်မာနိုင်ငံတော်အစိုးရမှထည့်ဝင်မှု (လိုအပ်ပါက)**

a. မျှော်မှန်းထားသည့်ငွေကြေးဆိုင်ရာထည့်ဝင်မှု

b. မျှော်မှန်းထားသည့်ငွေကြေးမဟုတ်သောထည့်ဝင်မှု

c. အခြားအချက်အလက်များ

7. ထပ်ဆောင်းဖော်ပြလိုသောသတင်းအချက်အလက်များ

a. **တင်ပြလာသောစီမံကိန်း/ အစီအစဉ်သည် ဝန်ကြီးဌာနမှ ချမှတ်ထားသည့် ကဏ္ဍအလိုက် စီမံကိန်းများ၊ ဦးစားပေးလုပ်ငန်းများအပေါ် မည်သို့အထောက်အကူ ဖြစ်စေပါသနည်း။**
(သက်ဆိုင်ရာ နည်းဗျူဟာ အထောက်အထား စာရွက်စာတမ်းများဖြင့် ကိုးကားရှင်းလင်းတင်ပြပေးရန်)

b.**တင်ပြလာသော စီမံကိန်း/ အစီအစဉ်သည် မြန်မာ့စီးပွားရေးမူဝါဒကို မည်သို့အထောက်အကူ ဖြစ်စေပါသနည်း။**(အထောက်အကူဖြစ်စေမည့်မူဝါဒများအား ကိုးကားရှင်းလင်းတင်ပြပေးရန်)

c. **ပြီးဆုံးသွားသော (သို့မဟုတ်) ဆောင်ရွက်ဆဲဖြစ်သော စီမံကိန်း/ အစီအစဉ်ကို အချိန်/ သက်တမ်း ဆက်လက်တိုးချဲ့ခြင်းဖြစ်ပါက ထိုစီမံကိန်း/ အစီအစဉ်၏ လက်ရှိအချိန်ထိ အကျိုးသက်ရောက်မှု အခြေအနေ အကျဉ်းချုပ် သုံးသပ်ချက်ကို တင်ပြပေးပါ။** (ဆောင်ရွက်ထားသည့် အသေးစိတ်အကဲဖြတ်ချက်များ၊ လေ့လာထားမှုများကို ရည်ညွှန်းကိုးကား တင်ပြပေးရန်)

d.**တင်ပြလာသည့် အစိုးရအဖွဲ့အစည်း အနေဖြင့် အဆိုပြုထားသော ဖွံ့ဖြိုးရေးမိတ်ဖက်ကို မည်သည့်ကြောင့် အသင့်လျော်ဆုံးဟု ယူဆခြင်းဖြစ်ပါသနည်း။**
(ဥပမာ- အလှူရှင်/ မိတ်ဖက်သည် သက်ဆိုင်ရာအခန်းကဏ္ဍတွင် ဦးဆောင်နေသည့်အဖွဲ့ ဖြစ်သော ကြောင့်။)

e.**(သက်ဆိုင်မည်ဆိုပါက)တင်ပြလာသော စီမံကိန်း/ အစီအစဉ်များသည် သက်ဆိုင်ရာကဏ္ဍအတွင်း လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသော အလားတူလုပ်ငန်းများနှင့် မည်သို့ဆက်နွယ်နေပါသနည်း။ ထိုလုပ်ငန်းများနှင့် ထပ်တူကျနေခြင်းများ ရှောင်ရှားရန်နှင့် ညှိနှိုင်းဆောင်ရွက်မှုများ ရှိစေရန် မည်သို့သောအစီအမံများ ပြုလုပ်သွားပါမည်နည်း။**

f.**(သက်ဆိုင်မည်ဆိုပါက) ရန်ပုံငွေထောက်ပံ့သည့်ကာလ ကျော်လွန်သွားပြီးနောက်တွင်လည်း စီမံကိန်း/ အစီအစဉ် ရေရှည်ဆက်လက် တည်တံ့နေစေရန် မည်သို့သောအစီအမံများ ပြုလုပ်သွားပါမည်နည်း။**(မှတ်ချက် - ၄င်းကိစ္စသည် အဆောက်အဦအသစ်များ ဆောက်လုပ်သည့်

စီမံကိန်းများနှင့် အထူးသက်ဆိုင်ပါသည်၊ ထို့အပြင် အခြားနည်းပညာများနှင့် ချိတ်ဆက် သုံးစွဲနိုင်မှု ရှိ/မရှိ ကိုလည်း ထည့်သွင်းစဉ်းစားရပါမည်။)

g. တင်ပြလာသော စီမံကိန်း/ အစီအစဉ်အတွက် ပုဂ္ဂလိကအခန်းကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန် မည်သည့်အတွက်ကြောင့် မဖြစ်နိုင် (သို့မဟုတ်) ဆန္ဒမရှိပါသနည်း။

## 8. ယာဉ်အသုံးပြုမှု

a.**စီမံကိန်း/ အစီအစဉ်တွင် ယာဉ်ဝယ်ယူမှု/ တင်သွင်းမှုများ ပါဝင်ပါသလား။**

☐ ပါဝင်သည်။ ☐ မပါဝင်ပါ။

b.ပါဝင်သည်ဆိုပါက အောက်ပါအချက်အလက်များကို ထည့်သွင်းဖြေဆိုပေးရန် -

c. မော်ဒယ်အမျိုးအစား(များ)

d.ဝယ်ယူ/တင်သွင်းရသည့်ရည်ရွယ်ချက်နှင့်ခိုင်လုံသောအကြောင်းပြချက်

e. ခန့်မှန်းကုန်ကျစရိတ်

f.**စီမံကိန်း/အစီအစဉ် အလွန်ကာလတွင် ရောင်းချ/လွှဲပြောင်းမည့် အစီအစဉ်**

## 9. နည်းပညာပိုင်းဆိုင်ရာအထောက်အပံ့အသုံးပြုမှု

a.တင်ပြလာသော စီမံကိန်း/ အစီအစဉ်တွင် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့အသုံးပြုမှု ပါဝင်ပါသလား။

☐ ပါဝင်သည်။ ☐ မပါဝင်ပါ။

b. ပါဝင်သည်ဆိုပါက ၎င်းနည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့/ အကြံပေးလုပ်ငန်းများ အသုံးပြုရန် လိုအပ်ကြောင်းကို ခိုင်လုံစွာ ရှင်းလင်းဖော်ပြပေးရန်။

c. ဖြစ်နိုင်ပါက ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့မှ ချမှတ်ထားသည့်ဖောင်ပုံစံ၌ ဖြည့်သွင်းထားသော သက်ဆိုင်ရာ လုပ်ငန်းညွှန်းတမ်းများကိုပါ ပူးတွဲ တင်ပြပေးရန်။

10. လုပ်ငန်းဆောင်ရွက်ချက်များသည် အောက်ပါတို့ကို မည်သို့ အထောက်အကူ ဖြစ်စေပါသနည်း။

a.အမျိုးသားပြန်လည်သင့်မြတ်မှု

b.အားလုံးပါဝင်နိုင်သော စီးပွားရေးတိုးတက်မှု

c.ကျား၊မ တန်းတူညီမျှမှု

d.အခြား

11. အစိုးရအဖွဲ့အစည်း၏ စောင့်ကြည့်အကဲဖြတ်မှုအစီအစဉ်များ

12. ဤစီမံကိန်း/ အစီအစဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများ သို့မဟုတ် အမျိုးသားအဆင့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ၏ သဘောထားမှတ်ချက်များ

13. ဤစီမံကိန်း/ အစီအစဉ်တွင် ပုဂ္ဂလိကကုမ္ပဏီများ(ဥပမာ - ပြည်တွင်းဘဏ်များ ....) တိုက်ရိုက် ပါဝင်ဆောင်ရွက်မှုရှိပါကဖော်ပြပေးရန်။

| |
|---|
| 14. စီမံကိန်း/ အစီအစဉ်အပေါ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး၏ အမြင်နှင့်ပတ်သက်၍ သဘောထားအကျဉ်းချုပ်။ |
| |

## ၁၁.၈ နောက်ဆက်တွဲ (၈) အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်း (INGO)များ အစီရင်ခံ တင်ပြသည့်ပုံစံ[၃၁]

၁။ အဖွဲ့အစည်း၏ အမည် :

၂။ အစီရင်ခံ တင်ပြသည့်အချိန်ကာလ :

၃။ ဆက်သွယ်ရန် :
အမည် :
ရာထူး :
ဖုန်းနံပါတ် :
ဖက်စ်နံပါတ် :
အီးမေးလ် :

၄။ အစီရင်ခံသည့် ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအားလုံးကို အကျဉ်းချုပ်တင်ပြရန်။ ရရှိသည့် ရလဒ်များ(လုပ်ငန်းစီမံချက်များ၊ ပါဝင်ဆောင်ရွက်သူများ၏အကြံပြုချက်များ၊ အထောက်အထားများ နှင့် အခြားဆက်စပ်သည့် အချက်အလက်များ)

၅။ အစီရင်ခံတင်ပြသည့် ကာလအတွင်း ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကို အကျဉ်းချုပ် တင်ပြပေးရန်။

၆။ လုပ်ငန်းစီမံကိန်း / အစီအစဉ် အကျဉ်းချုပ်[၃၂]

| လုပ်ငန်းစီမံကိန်း/အစီအစဉ် အကျဉ်းချုပ် | |
|---|---|
| လုပ်ငန်းစီမံကိန်းအမည် | |
| လုပ်ငန်းဆောင်ရွက်သည့် ကာလ | ရက်၊ လ၊ နှစ် မှ ရက်၊ လ၊ နှစ် ထိ |
| AIMS မှတ်ပုံတင်အမှတ် (ဆောင်ရွက်ထားပါ) | |
| ငွေကြေးထောက်ပံ့သည့် အဖွဲ့အစည်း(များ) | |

[၃၁] လိုအပ်မှုအခြေအနေများအရ ပြန်လည်အကဲဖြတ်ခြင်းနှင့် ပြင်ဆင်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။
[၃၂] အစီရင်ခံတင်ပြသည့်ကာလအတွင်း လုပ်ငန်းစီမံကိန်း / အစီအစဉ် အကျဉ်းချုပ်အား ပြည့်စုံစွာ တင်ပြရမည် ဖြစ်သည်။

| လုပ်ငန်းစီမံကိန်း/အစီအစဉ် အကျဉ်းချုပ် | |
|---|---|
| ဝန်ကြီးဌာန/ အဖွဲ့အစည်း | |
| မိတ်ဖက် INGO | |
| လုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက် | |
| အကျိုးရလဒ်ခံစားရမည့်သူများ | |
| စုစုပေါင်း ရံပုံငွေ | |
| အစီရင်ခံသည့်ကာလအတွင်း သုံးစွဲသည့်ငွေကြေးပမာဏ | |
| ငွေကြေးသုံးစွဲသည့် အချိန် | |
| ကျန်ရှိသည့် ငွေကြေးပမာဏ | |
| အစီရင်ခံသည့်ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအကျဉ်းချုပ် | |
| အစီရင်ခံသည့်ကာလအတွင်းကြုံတွေ့ရသည့် အခက်အခဲများ (အကျဉ်းချုပ်) | |
| ရရှိသည့် အတွေ့အကြုံများ | |
| နောက်တစ်ကြိမ်အစီရင်ခံတင်ပြမည့် ကာလ | |